ကား နိဂုံး)။ ဣတိ၊ ဤသို့။ ဒိဗ္ဗေန၊ သော။ ဝိသုဒ္ဓေန၊ သော။ အတိက္ကန္တမာနုသကေန၊ သော။ စက္ခုနာ၊ ဖြင့်။ စဝမာနေ၊ ကုန်သော။ ဥပပဇ္ဇမာနေ၊ ကုန်သော။ ဟီနေ၊ ကုန်သော။ ပဏီတေ၊ ကုန်သော။ သုဝဏ္ဏေ၊ ကုန်သော။ ဒုဗ္ဗဏ္ဏေ၊ ကုန်သော။ သုဂတေ၊ ကုန်သော၊ ဒုဂ္ဂတေ၊ ကုန်သော။ သတ္တေ၊ တို့ကို။ ပဿာမိ၊၏။ ယထာကမ္မူပဂေ၊ ကုန်သော။သတ္တေ၊ တို့ကို။ပဇာနာမိ၊ ၏။အပ္ပမတ္တဿ၊ ၍။ အာတာပိနော၊ ၍။ ပဟိတတ္တဿ၊ ၍။ဝိဟရတော၊ အား။အဝိဇ္ဇာ၊ သည်။ ဝိဟတာ ယထာ၊ ကဲ့သို့။ ဝိဇ္ဇာ၊လည်း။ဥပ္ပန္နာ ယထာ၊ ကဲ့သို့။ တမော၊ သည်။ ဝိဟတော ယထာ၊ကဲ့သို့။ အာလောကော၊ သည်။ ဥပ္ပန္နော ယထာ၊ ကဲ့သို့။ တထာ၊ ထို့။ဗြာဟ္မဏ၊ ဏား။ မမယာ၊ သည်။ ရတ္တိယာ၊၏။ မဇ္ဈိမေယာမေ၊ ၌။ ဒုတိယာ၊ သော။ ဝိဇ္ဇာ၊ ဒိဗ္ဗစက္ခုဝိဇ္ဇာကို။ အဓိဂတာ၊ ပြီ။ မေ၊ ငါ့အား။ (လိုက်ရေး)။ အဝိဇ္ဇာ၊ သည်။ ဝိဟတာ၊ပြီ။ဝိဇ္ဇာ၊သည်။ဥပ္ပန္နာ၊ပြီ။ တမော၊ သည်။ ဝိဟတော၊ ပြီ၊ အာလောကော၊ သည်။ ဥပ္ပန္နော၊ ပြီ။ ဗြာဟ္မဏ၊ ဏား။ ကုက္ကုဋစ္ဆာပကဿ၊ ၏။ အဏ္ဍကောသမှာ၊မှ။ အဘိနိဗ္ဘိဒါ၊ သည်။အဟောသိဣဝ၊ ကဲ့သို့။မေ၊၏။အဏ္ဍကောသမှာ၊ အဝိဇ္ဇာဥဍ္ဍ မှ။ ဒုတိယာ၊သော။အဘိနိဗ္ဘိဒါ၊သည်။အဟောသိ၊ပြီ။

၁၄။ သောအဟံ၊ သည်။ ဧဝံ၊ ဤသို့။ ပရိသုဒ္ဓေ၊ သော။ပ။ အာနေဉ္ဇပ္ပတ္တေ၊ သော။ စိတ္တေ၊ သည်။ သမာဟိတေ၊ သော်။ အာသဝါနံ၊ အာသဝေါ တရားတို့၏။ ခယဉာဏာယ၊ ကုန်ရာကုန်ကြောင်း အရဟတ္တမဂ်ဉာဏ်၏ အကျိုးငှာ။ စိတ္တံ၊ ကို။ အဘိနိန္နာမေသိံ၊ ပြီ။ သောအဟံ၊ သည်။ ဣဒံ၊ ဤတဏှာ ကြဉ်သော တေဘူမက တရားအပေါင်းသည်။ ဒုက္ခံ၊ မည်၏။ ဣတိ၊ ဤသို့။ ယထာဘူတံ၊မဖောက်မပြန်ဟုတ်မှန်သောအတိုင်း။အဗ္ဘညာသိံ ထူးသောမဂ်ဉာဏ်ဖြင့် သိပြီ။ အယံ၊ ဤတဏှာသည်။ ဒုက္ခသမုဒယော၊ ဒုက္ခ၏ အကြောင်းဖြစ်၏။ ဣတိ၊ ဤသို့။ ယထာဘူတံ၊

တိုင်း။ အဗ္ဘညာသိံ၊ ပြီ။ အယံ၊ ဤနိဗ္ဗာန်သည်။ဒုက္ခနိရောဓော၊ ဒုက္ခ၏ ချုပ်ရာမည်၏။ ဣတိ၊ဤသို့။ ယထာဘူတံ၊ တိုင်း။ အဗ္ဘ-ညာသိ၊ ပြီ။အယံ၊ဤမဂ္ဂင်ရှစ်ပါးသည်။ဒုက္ခနိရောဓဂါမိနီပဋိပဒါ၊ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်မည်၏၊ ဣတိ၊ ဤသို့။ ယထာဘူတံ၊ တိုင်း။ အဗ္ဘညာသိံ၊ ပြီ။ ဣမေ၊ ဤကာမစသော တရားတို့သည်။ အာသဝါ၊ မည်ကုန်၏။ ဣတိ၊ ဤသို့။ ယထာဘူတံ၊ တိုင်း။၊အဗ္ဘညာသိံ၊ပြီ။ အယံ၊ဤဇရာမရဏသည်၊ အာသဝသမုဒယော၊ အာသဝ၏အကြောင်းမည်၏။ဣတိ၊ဤသို့။ ယထာဘူတံ၊ တိုင်း။ အဗ္ဘညာသိံ၊ ပြီ။ အယံ၊ ဤနိဗ္ဗာန်သည်။ အာသဝနိရောဓော၊ အာသဝ၏ ချုပ်ရာမည်၏။ ဣတိ၊ ဤသို့။ ယထာဘူတံ၊ တိုင်း။ အဗ္ဘညာသိံ၊ ပြီ။ အယံ၊ ဤမဂ္ဂင်တရားရှစ်ပါးသည်။ အာသဝနိရောဓဂါမိနီပဋိပဒါ၊ အာသဝ၏ ချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော အကျင့်မည်၏။ဣတိ၊ ဤသို့။ ယထာဘူတံ၊ တိုင်း။၊အဗ္ဘညာသိံ၊ ပြီ။ ဧဝံ၊ ဤသို့။ ဇာနတော၊ သိတော်မူသော။၊ဧဝံ၊ ဤသို့။ ပဿတော၊ မြင်တော်မူသော။ တဿမေ။ ထိုငါဘုရား၏။စိတ္တံ၊ သည်။ ကာမာသဝါပိ၊မှလည်း။ ဝိမုစ္စိတ္ထ၊ လွတ်ပြီ။ ဘဝါသဝါပိ၊ မှလည်း။စိတ္တံ၊သည်။ ဝိမုစ္စိတ္ထ၊ ပြီ။ အဝိဇ္ဇာသဝါပိ၊ မှလည်း။ စိတ္တံ၊ သည်။ ဝိမုစ္စိတ္ထ၊ ပြီ။ ။ (ဤဘွင် အချို့စာ၌ ဒိဋ္ဌာသဝါပိ ဟူ၍ ရှိသည်)၊ အရဟတ္တမဂ်ဉာဏ်၏ အရာဖြစ်၍ မလို။ ထို ဒိဋ္ဌာသဝမှာကား သောတာပတ္တိမဂ်ဉာဏ်ကပင် လွတ်ဆဲ လွတ်ပြီး ဖြစ်သည်)။ ။ဝိမုတ္တသ္မိံ၊ အာသဝမှ လွတ်ပြီးသော အရဟတ္တ ဖိုလ်၌။ အဟံ၊ သည်။ ဝိမုတ္တော၊ အာသဝမှ လွတ်သည်။ အမှိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဉာဏံ၊ ပစ္စဝေက္ခဏာ ဉာဏ်သည်။ အဟောသိ။ ပြီ။ မေ၊ အား၊ ဇာတိ၊ ပဋိသန္ဓေ နေခြင်းသည်။ ခီဏာ၊ ကုန်ပြီ။ ဗြဟ္မစရိယံ၊ မဂ်ဟည်းဟူသော မြတ်သော အကျင့်ကို။ ဝုသိတံ၊ သုံးအပ်ပြီ။ ကရဏီယံ၊ ပြုဖွယ်ဖြစ်သော မဂ်ကိစ္စကို။ ကတံ၊ ပြုအပ်ပြီ။ ဣတ္ထ-တ္တာယ၊ ဤတဆယ့်ခြောက်ပါးသော မဂ်ကိစ္စအဖြစ် အကျိုးငှာ။

http://www.dhammadownload.com



အပရံ၊ တပါးသော ပြဖွယ်ကိစ္စသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ အဇ္ဈညာသိံ၊ ပြီ။ ။(အယံခေါမှစ၍ အဏ္ဍကောသမှာ တိုင် အောင်သော ပါဠ်၏အနက်ကား ရှေးနည်းကိုမှီ၍ သိသာပြီ။ တတိယာဟူသောပါဠ်သာ အထူးပါတော့သည်။ ထိုပါဠ်လည်း အနက်သိသာပြီ)။ ။ဣတိ၊ ဤသို့။ အဝေါစ၊ မိန့်တော်မူ၏။ (၊သမ္ဗန်')။

၁၅။ ဧဝံ၊ ဤသို့။ဝုတ္တေ၊ မိန့်တော်မူအပ်သည်ရှိသော်။ ဝေရဉ္ဇော၊ သော။ဗြာဟ္မဏော၊ သည်။ဘဂဝန္တံ၊ကို။တေံဝစနံ၊ ကို။အဝေါစ၊ ၏။ ကိံ အဝေါစ၊ နည်း။ ဘဝံဂေါတမော၊ သည်။ ဇေဋ္ဌော၊ တုဘက်မရှိ ကြီးပေ၏။ ဘဝံဂေါတမော၊ သည်။ သေဋ္ဌော၊ ချီး မွမ်းအပ်မြတ်ပေ၏။ ဘောဂေါတမ၊ အရှင်ဂေါတမ။အဘိက္ကန္တံ၊ အလွန် နှစ်သက်ဖွယ် ရှိပေစွ။ ဘောဂေါတမ၊ မ။ အဘိက္ကန္တံ၊ အလွန် ဝမ်းမြောက်ဖွယ် ရှိပေစွ။ ဘောဂေါတမ၊ မ။ သေယျ ထာပိ၊ မည်သည်ကား။ နိကုဇ္ဇိတံဝါ၊ ပြောင်းပြန် ဦးစောက် မှောက်၍ထားအပ်သောဝတ္ထု၊ကိုလည်း။ ဥက္ကုဇ္ဇေယျ သေယျထာ ပိ၊ အောက်ထက်ပြောင်းပြန်လှန်ရာသကဲ့သို့။ပဋိစ္ဆန္နံဝါ၊ တိုက်နံရံ မြက် သစ်ရွက်စသည်ဖြင့် ဖုံးလွှမ်းသောဝတ္ထု၊ကိုလည်း။ ဝိဝရေ ယျ သေယျထာပိ၊ ဖွင့်ရာသကဲ့သို့။မူဠှဿ၊ အရပ်မျက်နှာ တွေဝေ စွာ၍ သွားရာမပြီး ခရီးမှားသောသူအား။ မဂ္ဂံဝါ၊ ဖြောင့်မတ် တည့်တန်းသော လမ်းကြီးကိုလည်း။ အာစိက္ခေယျ သေယျထာပိ၊ လက်ငင်ဆွဲငြား သည့်သို့သွားဟု ကြားရာသကဲ့သို့။ ယထာ၊ အကြင်သို့သောအခြင်းအရာဖြင့်။ ဓာရိယမာနေ၊ ညှိထွန်းပြောင် ပြောင် ထောင်အပ်သည်ရှိသော်။ (၊ထည့်)၊။ စက္ခုမန္တော၊ အမြင် မျက်စိရှိသောသူတို့သည်။ ရူပါနိ၊ အညို၊အရွှေစသော ရူပါရုံတို့ ကို။ဒက္ခန္တိ၊ မျက်မှောက်ထင်ထင်မြင်ကုန်၏။ တထာ၊ ထိုသို့သော အခြင်းအရာဖြင့်။ (ထည့်)။ အန္ဓကာရေ၊မမြင်မလှန်း ကန်းခြင်း ကို ပြုတတ်သောအမိုက်တိုက်၌။ တေလပဇ္ဇောတံဝါ၊ ဆီမီး တန် ဆောင်ကိုလည်း။ ဓာရေယျ သေယျထာပိ ညှိထွန်းပြောင်ပြောင်

http://www.dhammadownload.com



ထောင်ရာသကဲ့သို့။ ဝေမေဝ၊ ဤအတူသာလျှင်။ ဘောဂေါတမ၊ မ။ ဘောဘောဂေါတမေန၊ အရှင်ဂေါတမသည်။ အနေကပရိယာယေန၊ များသောအကြောင်းဖြင့်။ဓမ္မော၊ ဝိဇ္ဇာသုံးပါးတရားကို။ ပကာသိတော၊ အကျွန်ုပ်အား ထင်ရှားပြအပ်ပေပြီ။ သောယံ–သောအယံ၊ ထိုအကျွန်ုပ်သည်။ ဘဝန္တံ ဂေါတမံ၊ ကို သရဏံ–သရဏံဣတိ၊ ကိုးကွယ်လည်းလျောင်း ပုန်းအောင်းမှီခိုရာ ဟူ၍။ ဝါ၊ ဝဋ်ဆင်းရဲကို ညှဉ်းဆဲတတ်၏ဟူ၍။ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ ဝါ၊ သိပါ၏။ ဓမ္မဉ္စ၊ ကိုလည်းကောင်း။ သံဃဉ္စ၊ ကိုလည်းကောင်း။ သရဏံ–သရဏံဣတိ၊ ဟူ၍။ ဂစ္ဆာမိ၊ ၏။ အဇ္ဇတဂ္ဂေ၊ ယနေ့ကို အစပြု၍။ ပါဏုပေတံ၊ အသက်နှင့် ပြည့်စုံသမျှ ကာလပတ်လုံး။ ရတနတ္တယံ၊ ကို။ (ထည့်)။သရဏံ–သရဏံဣတိ၊ ဟူ၍။ ဂတံ၊ ဆည်းကပ်သော သိသော ရောက်သော။ ဥပါသကံ၊ ဥပါသကာ ဟူ၍။မံ၊ ကို။ဘဝံဂေါတမော၊ သည်။ဓာရေတု၊ မှတ်တော်မူပါလော့။ ဘဝံဂေါတမော၊ သည်။ ဘိက္ခုသံဃေန၊ နှင့်။ သဒ္ဓိံ၊ တကွ။ မေ၊ ၏။ ဝေရဉ္ဇာယ၊ ဝေရဉ္ဇာပြည်၌။ ဝဿာဝါသံ၊ မိုးလပတ်လုံးနေခြင်းကို။ဝါ၊ ဝါဆိုခြင်းကို။အဓိဝါသေတုစ၊ သာလည်း သာယာတော်မူပါလော့။ (ဥပါသကာ မှတ်ရုံသာ မဟုတ်၊ သာလည်း သာယာတော်မူပါဟု စသဒ္ဒါဖြင့် ပေါင်းသည်)၊ ဣတိ၊ ဤသို့။ အဝေါစ၊ ၏။ (ပြန်)။ ဘဂဝါ၊ သည်။ တုဏှီဘာဝေန၊ ဆိတ်ဆိတ်နေသောအားဖြင့်။ အဓိဝါသေတိ၊ သာယာတော်မူ၏။ ဝါ၊ ကိုယ်နှုတ်မလှုပ် သည်းခံတော်မူ၏။

ဒက္ခိဏာနှင့် ဣတိသဒ္ဒါ၊ ဤ၌ စက္ခုမန္တော ရူပါနိ ဒက္ခန္တိ- ဟူသော ဝါကျကား အန္ဓကာရေ ဝါ တေလပဇ္ဇောတံ ဓာရေယျ- ဟူသော ဝါကျ၏ အာကာရကိုပြသော ဝါကျတည်း။ ထို့ကြောင့် အခြင်းအရာ အာကာရ ထင်အောင် ယထာ တထာဟု ထည့်၍ သမ္ဗန်လေ။ အချို့စာ၌ ဒက္ခန္တိတိဟု ဣတိသဒ္ဒါနှင့် ရှိ၏။ သို့ရှိသောကြောင့် ဒက္ခန္တိကို အနာဂတ်ရုပ်ကြံ၍ စက္ခုမန္တော၊ တို့သည်။ရူပါနိ၊ တို့သို့။ဒက္ခန္တိ

http://www.dhammadownload.com



မြင်ကုန်လတ္တံ့။ ဇုတိ၊ ဤသို့။ အန္ဓကာရေ၊ ဒွိ။ တေလ ပဇ္ဇောတံ၊ ကို၊ ဓာရေယျ သေယျထာပိ၊ ကဲ့သို့ ဟု သမ္ဗန်ကြသည်။ ဒက္ခန္တိ ကို ပစ္စုပ္ပန်ရုပ်ဟု ဉာသရုပသိဒ္ဓိ အညီအညွတ်ဆိုကြသည်။ အနာ ဂတ်ရုပ်မှာ ဒက္ခိန္တိ ဟု ဣ–သရနှင့်ရှိရမည်။ထို့ကြောင့် ရူပသိဒ္ဓိ၌ ဘဝိဿန္တိမှိ 'ဿဿစာ' တိ ယောဂဝိဘာဂေန ဿဿ ယော ပေ၊ ဣကာရာဂမော စ၊ ဒက္ခိတိ - ဒက္ခိန္တိ-ဟု ရုပ်တွက်သည်။ ယခုကာလစာကို၌ ဒက္ခိန္တိ–ဟု ဣသရနှင့် မရှိ။ ဒက္ခန္တိ - အသရ နှင့်သာရှိသည်။ ထို့ကြောင့် ပစ္စုပ္ပန်ရုပ်သာ အမှန်ယူသင့်သည်။ ယင်းသို့ ပစ္စုပ္ပန်ရုပ် ဖြစ်လျှင် ယခင် သမ္ဗန်ခဲ့သော အနက်သာ သင့်သည်။ ဇုတိ သဒ္ဒါ မရှိသင့်။ ဤ၌ လည်းကောင်း၊ သုတ္တန်၌ လည်းကောင်း၊ အချို့ပါဠိ၌ဝယ် အလျှင်းပင် ဇုတိသဒ္ဒါ မရှိ။

* အထခေါ၊ ထိုသို့ တောင်းပန် လျှောက်ထား ပြီးသည်မှ နောက်ကာလ၌။ ဝေရဉ္ဇော၊ သော။ ဗြာဟ္မဏော၊ သည်။ဘဂဝ တော၊၏။အဓိပ္ပါယံ၊ သာယာတော်မူခြင်းကို။ ဝိဒိတွာ၊ အခြင်း အရာအားဖြင့် ထင်ရှား သိမြင်၍။ အာသနာ၊ နေရာမှ။ဥဋ္ဌာယ၊ ထ၍။ ဘဂဝန္တံ၊ကို။ အဘိဝါဒေတွာ၊၍။ပဒက္ခိဏံ၊သကျာရစ်လည် သည်ကို။ ကတွာ၊၍။ ပက္ကမိ၊ ဆုတ်ခွာဖယ်ရှား သွားလေ၏၊

၁၆။ (ယေနသမယေန ဝေရဉ္ဇေနဗြာဟ္မဏေန ဘဂဝါ ဝေ ရဉ္ဇံ ဥပနိဿာယ ဝဿာဝါသံ ယာစိတော။ အဋ္ဌကထာကို မှီ၍ အနိယမကို ထည့်သည်)။ **အနက်ကား။** ။ယေန သမယေန၊ ၌၊ ဝေရဉ္ဇေန၊သော။ဗြာဟ္မဏေန၊ သည်။ ဘဂဝါ၊ ကို။ ဝေရဉ္ဇံ၊ ဝေရဉ္ဇာပြည်ကို။ ဥပနိဿာယ၊ ဆွမ်းခံအမှီပြု၍။ ဝဿာဝါသံ၊ ကို။ယာစိတော၊ တောင်းပန် လျှောက်ထား အပ်၏။ ။တေန သမယေန၊ ၌။ ဝေရဉ္ဇာ၊ သည်။ ဒုဗ္ဘိက္ခာ၊ ငတ်မွတ်သည်။ ဝါ၊ ရခဲသောထမင်းရှိသည်။ ဒွီဟိတိကာ၊ ထမင်း ရအံ့လော,မရအံ့ လောသေရအံ့လော, ရှင်ရအံ့လော, ဟု နှစ်လုံးနှစ်ခွ ဖြစ်ခြင်းရှိ သည်။ သေတဋ္ဌိကာ၊ဖွေးဖွေးဖြူသော လူရိုးကောက်ရိုး ရှိသည်။ သလာကာ ဝုတ္တာ၊ စိုက်ပျိုး အပ်သော စပါး၌ ကောက်ရိုးသာ

http://www.dhammadownload.com



ပြည့်စုံသည်။ ဝါ၊ စာရေးတံဖြင့် အသက်မွေးရသည်။ ဟောတိ၊ ၏။ ဥဒ္ဒေ့နပဂ္ဂဟေန၊ သပိတ်လက်၌ စွဲပိုက်၍ ဆွမ်းခံသဖြင့်။ယာပေတုံ၊ မျှခြင်းငှာ။ နသုကရာ၊ မလွယ်သည်။ ဟောတိ၊၏။ ။(တေန သမယေန ဘဂဝါ ဝေရဉ္ဇံ ဥပနိဿာယ ဝဿာဝါသံ ဥပဂတော။ အဋ္ဌကထာကိုမှီ၍ ထည့်သော ပါဌ်အနက် သိသာ၏။)။ တေနခေါပန သမယေန၊ ၌။ ဥတ္တရာပထကာ၊ ဥတ္တရာပထတိုင်းသားဖြစ်ကုန်သော။ ဝါ၊ ဥတ္တရာပထတိုင်းမှလာကုန်သော။အဿဝါဏိဇာ၊ မြင်းကုန်သည်တို့သည်။ ပဉ္စမတ္တေဟိအဿ သတေဟိ၊ ငါးရာအတိုင်းအရှည်ရှိသော မြင်းတို့နှင့်တကွ။ (သဟတ္ထပေး ။ ဝေရဉ္ဇံ၊ ဝေရဉ္ဇာပြည်သို့။ (ဘုမ္မတ္ထ၌ ဥပယောဂ ဝိဘတ်ကိုစီရင်)။ ဝဿာဝါသံ၊ ကို။ ဥပဂတာ၊ ကပ်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ တေဟိ၊ ထိုမြင်းကုန်သည်တို့သည်။ အဿ မဏ္ဍလိကာသု၊ ဝန်းဝိုင်းသော အခြင်းအရာဖြင့် ပြုအပ်သော မြင်းတင်းကုတ်တို့၌။ ဘိက္ခူနံ၊ တို့အား။ ပတ္ထပတ္ထမူလကံ၊ တကွမ်းစား တကွမ်းစားသော ရိက္ခာ မုယောဆန်ကို။ ပညတ္တံ၊ အမြဲမပြတ် ဝတ်တည်အပ်သည်။ ဟောတိ၊ ၏။

**အမှာ** ကေသိဉ္စိ ဒိဝသေ၊ တေ ပုရိသဿ၊ ယာပနာယ၊ ပတ္ထေတဗ္ဗော ဇုန္တိတဗ္ဗောတိ ပတ္ထော။ ခွက်ကွမ်းစားရ၏။ ဒုတိယအက္ခရာနှင့်လိုသည်။ မူလသဒ္ဒါကား ရိက္ခာကို ဟောသည်။ 'မူလံ တေ သန္တိကေ မူလံ၊ မူလေ ဟေတုမ္ဟိ ပါဌကေ။ ။အဘိဓာန်။

* ဘိက္ခူ၊ တို့သည်။ ပုဗ္ဗဏှသမယံ၊ နံနက်အခါ၌။နိဝါသေတွာ၊ သင်းပိုင်ကိုပြင်ဝတ်၍။ ပတ္တစီဝရံ၊ ကို။ အာဒါယ၊ယူ၍။ဝေရဉ္ဇံ၊သို့။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှာ။ပဝိသိတွာ၊ ၍။ ပိဏ္ဍံ၊ကို။ အလဘမာနာ၊ မရအပ် ကုန်သည် ရှိသော်။ အဿ မဏ္ဍလိကာသု၊ တို့၌။ ပိဏ္ဍာယ၊ ငှာ။ စရိတွာ၊ လှည့်လည်၍။ ပတ္ထပတ္ထမူလကံ၊ ကို။ အာရာမံ၊ အရာမ်သို့။ အာဟရိတွာ၊ ဆောင်၍။ဥဒုက္ခလေ၊ ဆုံ၌။

ကောဋ္ဋေတွာ ကောဋ္ဋေတွာ၊ ထောင်း၍ ထောင်း၍။ ပရိဘုဉ္ဇန္တိ၊
သုံးဆောင်ကုန်၏။ အာယသ္မာ၊ သော။ အာနန္ဒောပန၊ ကား။
ပတ္ထမူလကံ၊ တကွမ်းစားသောရိက္ခာမုယောဆန်ကို။ သိလာယံ၊
ကျောက်ပျဉ်၌။ ပိသိတွာ၊ ကြိတ်၍။ ဘဂဝတော၊ အား။ ဥပနာ
မေသိ၊ ၏။ တံ၊ ထိုရိက္ခာမုယောဆန်မှုန့်ကို။ ဘဂဝါ၊ သည်။ ပရိ
ဘုဉ္ဇတိ၊ သုံးဆောင်တော်မူ၏။ ဘဂဝါ၊ သည်။ ဥဒုက္ခလသဒ္ဒံ၊
မုယော ထောင်းသော ဆုံသံကို။ အဿောသိ ခေါ၊ တည်း။
တထာဂတာ၊ တို့သည်။ ဇာနန္တာပိ၊ အကြောင်းအကျိုးကို သိ
တော်မူကုန်လျက်လည်း။ ပုစ္ဆန္တိ၊ ကုန်၏။ ဇာနန္တာပိ၊ ကုန်လျက်
လည်း။ နပုစ္ဆန္တိ၊ မမေးကုန်။ ကာလံ၊ လျောက်ပတ်သောအခါ
ကာလကို။ ဝိဒိတွာ၊ သိတော်မူ၍။ ပုစ္ဆန္တိ၊ ကုန်၏။ ကာလံ၊ ကို။
ဝိဒိတွာ၊ ၍။ နပုစ္ဆန္တိ၊ ကုန်။ အတ္ထသံဟိတံ၊ အကျိုးအကြောင်းနှင့်
စပ်သောစကားကို။ တထာဂတာ၊ တို့သည်။ ပုစ္ဆန္တိ၊ ကုန်၏။
အနတ္ထသံဟိတံ၊ ကို။ နော ပုစ္ဆန္တိ၊ ကုန်။ အနတ္ထသံဟိတေ၊ အကျိုး
အကြောင်းနှင့် မစပ်သောစကား၌။ ဝါ၊ ကို။ တထာဂတာနံ၊
တို့သည်။ သေတုဃာတော၊ မဂ်ဖြင့် သတ်အပ်၏။ (ဒွီဟိ စသော
ဝါကျကို ရှုနှင့်စေဦး)။ ဓမ္မံဝါ၊ ကိုလည်း။ ဒေသိဿာမ၊ ကုန်၏။
သာဝကာနံ၊ တို့အား။ သိက္ခာပဒံဝါ၊ ကိုလည်း။ ပညပေဿာမ၊
ထားကုန်အံ့။ ဣတိ၊ ဤသို့။ ဒွီဟိ၊ ကုန်သော။ အာကာရေဟိ၊
အကြောင်းတို့ဖြင့်။ ဘဂဝန္တော၊ ကုန်သော။ ဗုဒ္ဓါ၊ တို့သည်။
ဘိက္ခူ၊ တို့ကို။ ပဋိပုစ္ဆန္တိ၊ စိစစ်မေးမြန်းတော်မူကုန်၏။ အထခေါ၊
ထိုဆုံသံကို ကြားသည်မှ နောက်ကာလ၌။ ဘဂဝါ၊ သည်။
အာယသ္မန္တံ၊ သော။ အာနန္ဒံ၊ ကို။ အာမန္တေသိ၊ မိန့်တော်မူ၏။
အာနန္ဒ၊ အာနန္ဒာ။ သောဥဒုက္ခလသဒ္ဒေါ၊ ထိုဆုံသံသည်။ ကိံနု
ခေါ၊ အဘယ်ပြုသောအသံနည်း။ ဣတိ၊ သို့။ အာမန္တေသိ၊ ၏။
(ပြန်။ အချို့စာ၌ သောအာနန္ဒဟု ဘကုန်းနှင့်ရှိ၏။ မသင့်)။ ။
အထခေါ၊ ထိုမေးတော်မူသောအခါ၌။ အာယသ္မာ အာနန္ဒော၊
သည်။ ဘဂဝတော၊ အား။ ဧတမတ္ထံ၊ ဤမုယောဆန်ထောင်းသော

http://www.dhammadownload.com



အကြောင်းကို။ အာရောစေသိ၊ ကြားလျှောက်၏။ အာနန္ဒ၊ နှာ။ သာဓု-သာဓု၊ ကောင်းစွ ကောင်းစွ။ အာနန္ဒ၊ နှာ။ သပ္ပုရိသေဟိ၊ သူတော်ကောင်းဖြစ်ကုန်သော။ တုမှေဟိ၊ သင်တို့သည်။ ဝိဇိတံ၊ ဒုဗ္ဘိက္ခ လောဘ ဇုဂုစ္ဆာစာရ တရားသုံးပါးကို အောင်အပ်ပြီ။ ပစ္ဆိမဇနတာ၊ နောင်လာသူ လူအပေါင်းသည်။ သာလိမံသော ဒနံ၊ သလေးနှင့်ရောသောသား ပြွမ်းထမင်းကို။ အတိမညိဿတိ၊ မရှိမသေ မထေမဲ့မြင် မှတ်ထင်လတ္တံ့။ ဇုတိ၊ ဤသို့။ အဝေါစ၊ ၏။ (သမ္ဗန်)။

၁၇။ အထခေါ၊ ထိုဝေရဉ္ဇာပြည် ဝါဆိုခေါင်းပါးသော အခါ၌။ အာယသ္မာ၊ သော။မဟာမောဂ္ဂလာနော၊ သည်။ ယေန၊ ၌။ ဘဂဝါ၊ သည်။ အတ္ထိ၊ ၏။ တေန၊ သို့။ ဥပသင်္ကမိ၊ ၏။ ဥပသင်္ကမိတွာ၊ ၍။ ဘဂဝန္တံ၊ ကို။ အဘိဝါဒေတွာ၊ ၍။ ဧကမန္တံ၊ ၌။ နိသီဒိ၊ ၏။ ဧကမန္တံ၊ ၌။ နိသိန္နောခေါ၊ ငြီးသော၊ အာယသ္မာ မဟာမောဂ္ဂလာနော၊ သည်။ ဘဂဝန္တံ၊ ကို။ ဧတံဝစနံ၊ ကို။ အဝေါစ၊ ၏။ ကိံ အဝေါစ၊ နည်း။ (ထည့်)။ ဘန္တေ၊ ဘုရား။ ဧတရဟိ၊ ၌။ ဝေရဉ္ဇာ၊ သည်။ ဒုဗ္ဘိက္ခာ ၏။ ဒွိဟိတိကာ၊ ၏။ သေတဋ္ဌိကာ၊ ၏။သလာကာဝုတ္တာ၊ ၏။ဥဥ္ဆေနပဂ္ဂဟေန၊သဖြင့်။ ယာပေတုံ၊ ငှာ။ နသုကရာ၊ မလွယ်။ ဘန္တေ၊ ဘုရား။ဣမိဿာ မဟာပထဝိယာ၊ ယခု သဝိညာဏက အဝိညာဏကတို့ တည်ကြ သော ဤမြေကြီး၏။ဟေဋ္ဌိမတလံ၊ ကမ္ဘာဦးအခါ မြေဆီမြေလွှာ မြေညြဇာ၏တည်ရာဖြစ်သော အောက်အပြင်သည်။သမ္ပန္နံ၊ ချိုမြိန် ကောင်းမြတ် သာယာအပ်သော အရသာရှိ၏။ ဝါ၊ နှင့်ပြည့်စုံ ၏။အနိဋ္ဌကံ၊ပျားကောင်ပျားဥမရှိသော။ ခုဒ္ဒမဓုံ၊ပျားငယ်သည် ပြုအပ်သောပျားရည်သည်။ (သုခုမ္ဘာရဏ အကျိုးငှာ မဓုံ၌ နိဂ္ဂ-ဟိတ်လာသည်)။ အဿာဒံ သေယျထာပိ၊ သာယာအပ်သကဲ့ သို့။ ဧဝံ တထာ၊ တူ။ အဿာဒံ၊ သာယာအပ်၏၊ ဝါ၊ သာယာ အပ်သော သဘောရှိ၏။ ဘန္တေ၊ ဘုရား။ သာဓုအာယာစာမိ၊ ကောင်းပါ..လျှောက်ထား ပန်ကြားပါ၏။ ပထဝိံ၊ အပေါ်လွှာ

http://www.dhammadownload.com



အပေါ်ထင်မြေကို။ပရိဝတ္တေယျ၊ အောက်ထက်ပြောင်းပြန်လှန်ပါ
အံ့၊ဘိက္ခု။တို့သည်။ပဗ္ဗဋကောဇံ။ မြေထပ်မြေလွှာ မြေဩဇာကို။
ပရိဘုဥ္စိသန္တိ၊သုံးဆောင်ကုန်လတ္တံ့။ဣတိ၊ ဤသို့။ အဝေါစ၊ ၏။
(ပြန်။ ။ယေပနဥ္စ ပနကား ပုဗ္ဗာဇောတက ဖြစ်၍ ကြိယာ
နောင်မှာယှဉ်)။ ။မောဂ္ဂလာန၊ လာန်။ ပထပိနိဿိတာ၊ မြေ၌။
မြေကိုမှီကုန်သော။ ယေတေပါဏာ၊ အကြင် သတ္တဝါတို့သည်။
သန္တိ၊ ကုန်၏။ (ထည့်)။ တေပါဏာ၊ တို့ကို။ ကထံ၊ အဘယ်သို့
လျှင်။တို့၊သည်။(ထည့်)။ ကရိဿသိပန၊ ပြုလတ္တံ့နည်း။ ဣတိ၊
သို့၊ ပုစ္ဆိ၊ ၏။ (သမ္ဗန်)။ ။ဘန္တေ၊ ရား။ အဟံ၊ သည်။ ဧကံ၊
တဘက်သော။ ပါဏိံ၊ လက်ကို။ ဧသယျထာပိ မဟာပထဝီ၊ယခု
နေသော မြေကြီးအဟန်။ အဘိနိမ္မိနိဿာမိ၊ ဖန်ဆင်းပါအံ့။
ပထဝိနိဿိတာ၊ကုန်သော။ယေပါဏာ၊တို့သည်။ သန္တိ၊ကုန်၏။
တေပါဏာ၊ တို့ကို။ တတ္ထ၊ ထိုမြေကြီးအဟန် ဖန်ဆင်းသော
လက်၌။ သင်္ကာမေဿာမိ၊ ပြောင်းရွှေ့ပါအံ့။ ဧကေန၊ သော။
ဟတ္ထေန၊ လက်ဖြင့်။ ပထဝိံ၊ကို။ ပဝိဝတ္တေဿာမိ၊ လှန်ဝါလအံ့။
ဣတိ၊ ဤသို့။အဝေါစ၊ ၏။ (သမ္ဗန်)။ ။မောဂ္ဂလာန၊ လာန်။
အလံ မသင့်၊ တေတယာ၊ သည်။ ပထဝိံ၊ ကို။ ပရိဝတ္တေတုံ၊ ငှာ။
မာရုစ္စိ။ မနှစ်သက်အပ်။ သတ္တာ၊ တို့သည်။ ဝိပလ္လာသံပိ၊ သင်တို့
လွန်မြောက် ကာလရောက်သော် ဖောက်ပြန်ခြင်းကိုလည်း။ ပဋိ
လဘေယျုံ၊ ရကုန်ရာ၏။ (ဣတိအဝေါစ၊ သမ္ဗန်)။ ဘန္တေ၊ ရား။
သာဓုအာယာစာမိ၊၏။သဗ္ဗော၊ သော။ ဘိက္ခုသံဃော၊ သည်။
ဥတ္တရကုရုံ၊ ချမ်းသာများရာ မြောက်ကျွန်းရှာသို့။ ပိဏ္ဍာယ၊ငှါ။
ဂစ္ဆေယျ၊ သွားပါစေလော့။ (ဣတိ အဝေါစ၊ သမ္ဗန်။ သတ္တမီ
ဝိဘတ်ကို အာဏတ္တ၊ထ္ထ၌ စီရင်)။ မောဂ္ဂလာန၊ လာန်၊ အလံ။
မသင့်။တေတယာ၊သည်။ သဗ္ဗဿ၊ သော။ ဘိက္ခုသံဃဿ၊ ၏။
ဥတ္တရကုရုံ၊ကို။ ပိဏ္ဍာယ၊ ငှာ။ ဂမနံ၊ ကို။ မာရုစ္စိ၊မနှစ်သက်အပ်။
(ဣတိ အဝေါစ သမ္ဗန်။ ဝိပ္ပလ္လာသံပိ သတ္တာ ပဋိလဘေယျုံ- ကို
ဤ၌လည်း လိုက်စေရမည်ဟု အဋ္ဌကထာမိန့်၏)။

http://www.dhammadownload.com



၁၈။ အထခေါ၊ ထိုဝေရဥ္စပြည်ဝယ် နေတော်မူသောအခါ၌ အာယသ္မတော၊ ယော။ သာရိပုတ္တဿ၊ ၏။ ရဟောဂတဿ ဆိတ်ငြိမ်ရာအရပ်သို့ကပ်စဉ်။ ပဋိသလ္လီနဿ၊ တယောက် အထီး တည်း ကိန်းစက်စဉ်။ (တနည်းကား)။ ရဟောဂတဿ၊ သော ပဋိသလ္လီနဿ၊ သော။အာယသ္မတောသာရိပုတ္တဿ၊၏။(သမ္ဗန်)။ စေတသော၊၏။ ဧဝံ၊ ဤသို့။ ပရိဝိတက္ကော၊သည်။ ဥဒပါဒိ၊ ၏။ ကိံ ဥဒပါဒိ၊ နည်း။ (ထည့်)။ ဘဂဝန္တာ၊ ကုန်သော။ကတမေသာနံခေါ ဗုဒ္ဓါနံ၊ အဘယ်ဘုရားရှင်တို့၏။ဗြဟ္မစရိယံ၊သာသနာတော်သည်၊ နစိရဋ္ဌိတိကံ၊ ကြာမြင့်စွာတည်ခြင်းမရှိသည်။ အဟောသိ၊ နည်း။ ဘဂဝန္တာနံ၊ ကုန်သော။ ကတမေသာနံဗုဒ္ဓါနံ၊ တို့၏၊ ဗြဟ္မစရိယံ၊ သည်။ စိရဋ္ဌိတိကံ၊ သည်။ အဟောသိနည်း၊ (ဣတိ ပရိဝိတက္ကော ဥဒပါဒိ ပြန်)။ အထခေါ၊ ၌။ အာယသ္မာသာရိပုတ္တော၊ သည်။ သာယနှသမယံ၊၌။ပဋိသလ္လာနာ၊ မှ။ ဝုဋ္ဌိတော၊ ထပြီးသည်ရှိသော်။ ယေန၊ ၌။ပ။ အဝေါစ၊ လျှောက်၏။ (အနက်သိသာပြီ)။ ကိံ အဝေါစ၊ နည်း။ (ထည့်)။ ဘန္တေ၊ ရား။ ဣဓ၊ ဤအရပ်၌။ မယှံ၊ အကျွန်ုပ်၏။ ရဟောဂတဿ၊ စဉ်။ ပဋိသလ္လီနဿ၊ စဉ်။ ဧဝံ၊ ဤသို့။ စေတသော၊ ၏။ ပရိဝိတက္ကော၊ သည်။ ဥဒပါဒိ၊ ၏။ ကတမေသာနံခေါ ပ။ အဟောသိ၊ နည်း။

အမှာ — ဣတိ ပရိဝိတက္ကော ဥဒပါဒိ ပြန်။ အနက်သိသာပြီ။ နောက် ကတမေသာနံ ခေါ-မှစ၍ အဟောသိတိုင်အောင်လည်း အနက်ထင်ကြသည်သာတည်း။ဣတိအဝေါစ ပြန်။

* သာရိပုတ္တ၊ ဤ၊ ဝိပဿိဿ၊ဝိပဿီအမည်ရှိတော်မူသော။ ဘဂဝတော၊၏လည်းကောင်း။(ဤမှစ၍စိရဋ္ဌိတိကံ၊အဟောသိ တိုင်အောင် အနက်ထင်လှပြီ၊ ဣတိအဝေါစ သမ္ဗန်)။

၁၉။ ဘန္တေ၊ဘုရား။ ယေနဟေတုနာ၊ အကြင်အကြောင်းဖြင့် ကြောင့်။ ဝါ၊ယေနပစ္စယေန၊အကြင်အထောက်အပံ့ဖြင့်။ကြောင့်။ ဝိပဿိဿ၊ သော၊ ဘဂဝတော၊ ၏ရှင်း။ပ။ အဟောသိ၊ ပြီ။ သောဟေတု၊ ထိုအကြောင်းသည်။ ကောနုခေါ၊ အဘယ်နည်း။

http://www.dhammadownload.com



သော ပစ္စယော၊ ထိုအထောက်အပံ့သည်။ ကော၊ နည်း။ (ဇာတိ အဝေါစ သမ္ဗန်)။

အမှာ — ဤ၌ ယံသဒ္ဒေါ ဇာတ္တရဝါကျ၌ ဝါ။ ပုဗ္ဗဝါကျေ တံသဒ္ဒ မဝဂမယတိ ဟု အလက်ာဋီကာ မိန့်သည်ကို နှလုံးသွင်း၍ သမ္ဗန်)။

* သာရိပုတ္တ၊ တြာ။ဝိပဿီ၊ အမည်တော်ရှိသော။ ဘဂဝါစ၊ သည်လည်းကောင်း။ပ။သာဝကာနံ။တို့အား။ ဝိတ္ထာရေန၊ အားဖြင့်။ ဓမ္မံ၊ကို။ ဒေသေတုံ၊ ၄ာ။ ကိလာသုနော၊ အားမထုတ်ကုန်သည်။ အဟေသုံ၊ ကုန်ပြီ။နေသံ၊ ထိုသုံးဆူကုန်သောဘုရားရှင်တို့၏။သုတ္တံ၊ သုတ်သည်။ပ။ဝေဒလ္လံ၊ သည်။ အပ္ပကဉ္စအပ္ပကံဝေါ၊အနည်းငယ်သည်သာလျှင်။ အဟောသိ၊ ပြီ။ သာဝကာနံ၊ တို့အား။ သိက္ခာပဒံ၊ ကို။ အပညတ္တံ၊ မပညတ်အပ်သည်။ ပါတိမောက္ခံ၊ အာဏာပါတိမောက်ကို။ အနုဒ္ဒိဋ္ဌံ၊ မပြအပ်သည်။ အဟောသိ၊ ပြီ။ ဘဂဝန္တာနံ၊ ကုန်သော။ တေသံဗုဒ္ဓါနံ တို့၏။ အန္တရဓာနေန၊ ခန္ဓာပရိနိဗ္ဗာန်ပြု၍ ကွယ်တော်မူသဖြင့်။ ဗုဒ္ဓါနု ဗုဒ္ဓါနံ၊ ဘုရားသို့ အစဉ်လိုက်၍ သစ္စာလေးပါးကို သိကုန်သော။ သာဝကာနံ၊ တို့၏။ အန္တရဓာနေန၊ဖြင့်။ ပစ္ဆိမာ၊ နောက်၌ ဖြစ်ကုန်သော။ နာနာနာမာ၊ အထူးထူးသောအမည်ရှိကုန်သော။နာနာဂေါတ္တာ၊ အထူးထူးသောအနွယ်ရှိကုန်သော။နာနာဇစ္စာ၊အထူးထူးသောဇာတ်ရှိကုန်သော။ နာနာကုလာအထူးထူးသောအမျိုးမှ။ နိက္ခမိတွာ၊ ၍။(ထည့်)။ ပဗ္ဗဇိတာ၊ ရဟန်းပြုကုန်သော။ယေ တေသာဝကာ၊ တို့သည်။ သန္တိ၊ကုန်၏။ တေသာဝကာ၊တို့သည်။ တံဗြဟ္မစရိယံ၊ ထိုသာသနာတော်ကို။ ခိပ္ပမေဝ၊ မကြာ မတင်လျှင်။ အန္တရဓာပေသုံ၊ ကွယ်ပျောက်စေကုန်၏။ သာရိပုတ္တ၊ တြာ။ သေယျထာပိ၊ ကား။ ဖလကေ၊ ပျဉ်ချပ်၌။ နိက္ခိတ္တာနိ၊ ကုန်သော။ သုတ္တေန၊ သီတံချည်ကြိုးဖြင့်။ အသင်္ဂဟိတာနိ၊ မသီမကုံးအပ်ကုန်သော။နာနာပုပ္ဖါနိ၊ အထူးထူးသော ပန်းတို့သည်။ သန္တိ၊ ကုန်၏။ (ထည့်)။တာနိ၊ ထိုပန်းတို့ကို။ ဝါတော၊ အရပ်

http://www.dhammadownload.com



လေးမျက်နှာမှ လာသော ယေသည်။ ဝိကိရတိ၊ ဖရိုဖရဲ ကြဲ၏။ ဝိဓမေ ာ၊ မှုတ်လွှင့်၏။ ဝိဒ္ဓံသေတိ၊ ဖျက်ဆီး၏။ တံ၊ ထိုသို့ဖရိုဖရဲ မှုတ်ကြဲ၍ ဖျက်ဆီးခြင်းသည်။ ကိုဿဟေတု၊ အဘယ်အကြောင်း ကြောင့်နည်း ဟူမူကား။ ယထာ၊ အကြင်အခြင်းဖြင့်။ (တံကား နိပါတ်မျှသာ)။ အသင်္ဂဟိယမာနေ၊ မသီကုံးအပ်သည်ရှိသော်။ (ထည့်။) ဝါတော၊ သည်။ ဝိကိရတိ၊ ဖရိုဖရဲကြဲ၏။ ဝိဓမတိ၊ မှုတ်လွှင့်၏။ ဝိဒ္ဓံသေတိ၊ ဖျက်ဆီး၏။ တထာ၊ ထိုအခြင်းဖြင့်။ သုတ္တေန၊ သိတံချည်ကြိုးဖြင့်။ ပုပ္ဖါနံ၊ တို့၏။ (ဒုမွှန်ထည့်)။ အသင်္ဂဟိတတ္တာ၊ မသီကုံးအပ်သည်၏ အဖြစ်ကြောင့်တည်း။ (ဤတွင် အနက်ရှုပ်၏။ သတိရှိစေ)။ ။သာရိပုတ္တ၊ တြာ။ ဧဝ မေဝခေါ၊ ဤအတူသာလျှင်။ (ဤမှ စ၍ ဇာနဲ့ရမာပေသံ- တိုင်အောင် အနက်သိသာပြီ)။ ။တေ ဘဂဝန္တော၊ ထိုသုံးဆူ သောဘုရားရှင်တို့သည်။သာဝကေ၊ တို့ကို။စေတသာ၊ ကိုယ်တော် တို့စိတ်ဖြင့်။ စေတော၊ သာဝကတို့စိတ်ကို။ ပရိစ္စ၊ ပိုင်းခြားသိ၍။ ဩဝဒိတုံ၊ ဆုံးမခြင်းငှာ။ အကိလာသုနောစ၊ အားထုတ်ကုန်သည် လည်း။ အဟေသုံ၊ ဖြစ်ကုန်ပြီ။ သာရိပုတ္တ၊ တြာ။ ဘူတပုဗ္ဗံ၊ ရှေး၌ ဖြစ်ဖူးသည်ကား။ အရဟံ၊ ပူဇော်အထူးကို ခံတော်မူထိုက်သော။ သမ္မာသမ္ဗုဒ္ဓေါ၊ မဖောက်မပြန် သယမ္ဘုဉာဏ်ဖြင့် မိမိအလိုလို သစ္စာလေးပါးတရားကိုသိတော်မူပြီးသော။ဝေဿဘူ၊ ဝေဿဘူ အမည်တော်ရှိသော။ ဘဂဝါ၊ သည်။ အညတရသ္မိံ၊ အမှတ်မရှိ သော။ ဘိံသနကေ၊ ကြောက်မက်ဖွယ်သော။ ဝနသဏ္ဍေ၊ တောအုပ်၌။ သဟဿံ၊ တစ်ထောင်သော။ ဘိက္ခုသံဃံ၊ ကို။ စေတသာ၊ကိုယ်တော်စိတ်ဖြင့်။စေတော၊ရဟန်းသံဃာတို့စိတ်ကို။ ပရိစ္စ၊ ၍။ ဩဝဒတိ၊ ဆုံးမ၏။ အနုသာသတိ၊ ကန့်ခြစ်၏။ ဧဝံ၊ ဤသို့။ ဝိတက္ကေထ၊ ကုသလဝိတက်သုံးပါးကို ကြံကုန်လော့။ ဧဝံ၊ ဤသို့၊ မာဝိတက္ကယိတ္ထ၊ အကုသလ ဝိတက် သုံးပါးကို မကြံကုန် လင့်။ ဧဝံ၊ ဤသို့။ မနသိကရောထ၊ အနိစ္စ ဒုက္ခ အနတ္တ အသုဘ ဟု နှလုံးသွင်းကုန်လော့။ ဧဝံ၊ ဤသို့။ မာ မနသိကရိတ္ထ၊ နိစ္စ

http://www.dhammadownload.com



သုခ အတ္တ သုဘ ဟု နှလုံးမသွင်းကုန်လင့်။ ဣဒံ၊ ဤအကုသိုလ်တရားကို။ ပဇဟထ၊ ပယ်ကြကုန်လော့။ ဣဒံ၊ ဤကုသိုလ်တရားကို။ ဥပသမ္ပဇ္ဇ၊ ပြည့်စုံစေ၍။ ဝိဟရထ၊ နေကြကုန်လော့။ ဣတိ၊ ဤသို့ ဩဝဒတိ၊ ၏။ အနုသာသတိ၊ ၏။ ပြန်) သာရိပုတ္တ၊ တြာ။ အထခေါ၊ ထိုသို့ ဆုံးမ ကန့်မြစ်သော အခါ။ တဿ ဘိက္ခုသဟဿဿ၊ သိုရဟာန်း တထောင်၏။ (စိတ္တာနိ-၌ စပ်)။ အရဟတာ၊ သော။ သမ္မာသမ္ဗုဒ္ဓေန၊ သော။ ဝေဿဘုနာ၊ ဘုရားအမည်ရှိသော။ ဘဂဝတာ၊ သည်။ ဇဝံ၊ ဤသို့၊ ဩဝဒိယမာနာနံ၊ ဆုံးမအပ်ကုန်သည်ရှိသော်။ ဇဝံ၊ ဤသို့။ အနုသာသိယမာနာနံ၊ ကန့်မြစ်အပ်ကုန်သည်ရှိသော်။ အနုပါဒါယ၊ တဏှာဒိဋ္ဌိတို့ဖြင့် တစုံတစ်ခုသောအာရုံကို မစွဲလမ်းမူ၍။ စိတ္တာနိ၊ တို့သည်။ ဝိမုစ္စိံသု၊ လွတ်ကုန်ပြီ။ သာရိပုတ္တ၊ တြာ။ တတြဝစနေ၊ ထို အညာဘရသ္မိံ ဘိံသနကေ ဝနသဏ္ဍေ-ဟူသော စကား၌။ (တတြာတိ ပုရိမဝစနာပေက္ခံ။ အဋ္ဌကထာ။ သုဒံ-ကို သု ဣဒံ ဖြတ်၊ သု-ကား အနက်မရှိ၊ နိပါတ်မျှသာ)။ ဘိံသနကဿ၊ ကြောက်မက်ဖွယ်ကို ဖြစ်စေတတ်သော။ ဝနသဏ္ဍဿ၊ တောအုပ်၏။ ဣဒံဘိံသနကတသ္မိံ၊ အယံဘိံသနကဘာဝေါ ဤ ကြောက်မက်ဖွယ်ကို ဖြစ်စေတတ်သော အဖြစ်သည်။ ဟောတိ၊ ၏။

**အမှာ** ယခုသမွန်သောအနက်ကား - ဤအဋ္ဌကထာနည်း မဟုတ်။ သီလက္ခန်အဋ္ဌကထာနည်းတည်း။

ဣဒံပိဿ ဟောတိ သီလသ္မိံ—ဟူသော ပါဠိတော်၌ သီလသ္မိံ ဝယ် ပစ္စတ္တဝစနဿ ဧတံဘုမ္မံ-ဟူသကဲ့သို့ ဤ၌လည်း ဘိံသနကတသ္မိံ ဝယ် ပစ္စတ္တဝစနဿ ဧတံဘုမ္မံ - ဟူ ကောင်း၏။ ဤအဋ္ဌကထာနည်းကား ရှုပ်လှ၏။

* ကောစိ၊ တစုံ တယောက်သော။ အဝီတရာဂေါ၊ မကင်းသော ရာဂရှိသော။ ယော၊ အကြင်သူသည်။ တံဝနသဏ္ဍံ၊ ထိုတောအုပ်သို့။ ပဝိသတိ၊ ဝင်၏။ တဿ၊ ထိုသူ၏။ (ထည့်)။ ယေဘုယျေန၊ များသောအားဖြင့်။ လောမာနိ၊ အမွေး တို့သည်။ ဟံသန္တိ.

http://www.dhammadownload.com



အထက် ကော့ငြား အပ်ဖျား အသွင် ရှင်ကုန်၏။ (အယံခေါ် စသည်ကား နိဂုံး) သာရိပုတ္တ၊ ကြာ။ ယေန ဟေတုနာ၊ ဖြင့်။ ဝါ၊ယေနပစ္စယေန၊ ဖြင့်။ ဝိပဿိဿ၊ သော။ပ။အဟောသိ၊ ပြီ၊ အယံခေါ၊ ဤသည်လျှင်။ ဟေတု၊အကြောင်းတည်း။ အယံခေါ၊ လျှင်။ ပစ္စယော၊ အထောက်အပံ့တည်း။ ဧတိ၊ ဤသို့။အဝေါစ၊ ၏။ (သမ္ဗန်၊)။

အမှာ — ကော ပန–မှ စ၍ စိရဋ္ဌိတိကံ အဟောသိ တိုင် အောင်သောပါဠိတော်၏ အနက်ကား ရေးနည်းကိုမှီ၍၊ သိသာလှပြီ။ သိသာလျက်နှင့် အနက်အထပ်ထပ်ရေးလျှင် ထွေးရှုပ်မည်သာ။ ပါဌ်အထူးကိုသာ အနက် ကြားအံ့။

၂၀။ အကိလာသုနော၊ ပျင်းရိခြင်း မရှိကုန်သည်။ ဝါ၊အား ထုတ်ကုန်သည်။ ဗဟုံစ· ဗဟုံဝေ၊ များသည်သာလျှင်။ ဝိရံ၊ ကြာမြင့်စွာ။ ဒီဃံ၊ ရှည်စွာ။ အဒ္ဓါနံ၊ ကာလပတ်လုံး။ ဌပေသုံ၊ ထားကုန်၏။ သုံ သင်္ဂဟိတာနိ။ ကောင်းစွာ သိအပ် ကုန်သော။ (ဤမျှသာ ထူးသည်)။

၂၁။ အထ ခေါ၊ ထိုအခါ၌၊ အာယသ္မာ သာရိ ပုတ္တော၊ သည်။အာသနာ၊မှ။ ဥဋ္ဌာယ၊၍။ ကေံသံ· ကေသွိံ အံသေ၊လက်ဝဲ တဘက်ပခုံးထက်၌။ ဥတ္တရာသင်္ဂံ၊ ကိုယ်ဝတ်စပွယ် တင်သည်ကို။ ကရိတွာ၊ ၍။ ယေန၊ ၌။ ဘဂဝါ၊ သည်။ အတ္ထိ၊ ၏။ တေန၊ထို အရပ်သို့။ အဉ္ဇလိံ၊ ဆယ်ခုပေါင်းဆုတ် လက်အုပ်ကို။ ပဏာမေ တွာ၊ ရှေးရှုညွတ်စေ၍။ ဘဂဝန္တံ၊ကို။ တံဝစနံ၊ကို။အဝေါစ၊၏။ က်ံ အဝေါစ၊နည်း။ (နောက်သို့သွား)။ ယထာ၊ အကြင်အခြင်း ဖြင့်။ ပညာပိယမာနေ၊ ပညတ်အပ်သည် ရှိသော်။ဥဒ္ဒိသိယမာနေ၊ ပြအပ်သည်ရှိသော်။ (ထည့်) ဣဒံဗြဟ္မစရိယံ၊ ဤသာသနာတော် သည်။ အဒ္ဓနိယံ၊ အရှည် ခံ့သည်။ စိရဋ္ဌိတိကံ၊ ကြာမြင့်စွာ တည် ခြင်းရှိသည်။ အဿ၊ ဖြစ်ရာ၏။ တထာ၊ ထိုအခြင်းဖြင့်။ ဘဂဝါ၊ သည်။ သာဝကာနံ၊ တို့အား။ သိက္ခာပဒံ၊ ကို။ ယံ ပညပေ ယျ၊ အကြင် ပညတ်တော်မူရာ၏။ ပါတိ မောက္ခံ၊ ကို။ ယံ ဥဒ္ဒိ

http://www.dhammadownload.com



သေယျ၊ အကြင်ပြုတော်မူရာ၏။ (ယံ-ကား ကြိယာပရာမသန္တ)။ ဘဂဝါ၊ ဘုရား။ (အာလုပ်)။ တေသာ၊ ထိုသိက္ခာပုဒ်ကို ပညတ်တော်မူခြင်း၏။ ကာလော၊ အခါတန်ပြီ။ သုဂတ၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော ဘုရား။ တေသ၊ ထိုပါတိမောက်ကို ပြတော်မူခြင်း၏။ ကာလော၊ အခါတန်ပြီ။ (ဋီကာ အဝေါစ ပြန်)။

**အမှာ** ဤဝါကျကား အနက်သမ္ဗန္ဓနည်း အလွန်ခက်သည်။ ယင်းသို့ခက်သည်ကို **ယထာတထာ၊ ဥပမာမဟုတ်၊ ယင်းသို့ထုတ်မူ၊ တထာစပ်ရာ၊ ကြိယာသည်၊ မှန်ပွာလက္ခဏာ ဖြစ်မြဲ** ဟူသော နိယံကို စေ့စေ့နှလုံးသွင်း၍ သမ္ဗန်ရမည်။

* သာရိပုတ္တ၊ ဗြာ။ အာဂမေဟိ၊ ဝီတိက္ကမကာလကျအောင် ဆိုင်းတွင့်လင့်ပါဦး။ (နောက်ပုဒ်ကိုလည်း နည်းတူသမ္ဗန်)။ ။ တထာဂတော၀၊ ငါဘုရားသည်သာလျှင်။ တတ္ထ၊ ထိုသိက္ခာပုဒ် ပညတ်ခြင်း ပါတိမောက်ကို ပြခြင်း၌။ ဝါ၊ ထိုသိက္ခာပုဒ်ကို ပညတ်ခြင်း ပါတိမောက်ကို ပြခြင်း၏။ ကာလံ၊ အခါကို။ ဇာနိဿတိ၊ သိတော်မူလတ္တံ့။ သာရိပုတ္တ၊ ဗြာ။ (နောက်သို့ သွားဦး) ယာဝ၊ အကြင်မျှလောက်။ ဣဓ၊ ဤသာသနာတော်၌။ ဧကစ္စေ၊ အချို့ကုန်သော။ အာသဝဋ္ဌာနိယာ၊ အာသဝ၏တည်ရာ ဖြစ်ကုန်သော။ ဓမ္မာ၊ ဝီတိက္ကမတရားတို့သည်။ သံဃေ၊ ၌၊ အား။ နပါတုဘဝန္တိ၊ ထင်ရှားမဖြစ်ကုန်သေး။ တာဝ၊ ထိုမျှလောက်၊ သတ္ထာ၊ သည်။ သာဝကာနံ၊ တို့အား။ သိက္ခာပဒံ၊ ကို။ နပညပေတိ၊ ပညတ်တော်မမူ။ ပါတိမောက္ခံ၊ ကို။ န ဥဒ္ဒိသတိ၊ ပြတော်မမူ။ သာရိပုတ္တ၊ ဗြာ။ ယတော စခေါ၊ အကြင် အခါ၌ကား။ ဣဓ၊ ၌။ ဧကစ္စေ၊ ကုန်သော။ အာသဝဋ္ဌာနိယာ၊ ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဃေ၊ ၌၊ အား။ ပါတုဘဝန္တိ၊ ကုန်၏။ အထ၊ ထိုအခါ၌။ (နောက်သို့သွား)။ အာသဝဋ္ဌာနိယာနံ၊ ကုန်သော။ တေသံယေဝဓမ္မာနံ၊ ထိုဝီတိက္ကမ တရားတို့ကို သာလျှင်။ ပဋိဃာတာယ၊ ပယ်ဖျောက်ခြင်းငှာ။ သတ္ထာ၊ သည်။ သာဝကာနံ၊

http://www.dhammadownload.com



တို့အား။ သိက္ခာပဒံ၊ ကို။ ပညပေတိ၊ ၏။ ပါတိမောက္ခံ၊ ကို၊ ဥဒ္ဒိသတိ၊ ၏။

အမှာ — နတ ၁၀ မှစ၍ အဆုံးပဋိဃာတာယ–ဘိုင်အောင်သော ပါဠိ၏ အနက်သည် ယခုသမ္ဗန်သောပါဠိ၏ အနက်ကိုမှီ၍ သိသာလှပြီ။ ထူးသည်ကို ဆိုပေအံ့။

သံဃော၊ သည်။ ရတ္တညုမဟတ္တံ၊ သည်။ အပိုင်းအခြားကို သိသော ရဟန်းတို့ဖြင့် များသောအဖြစ်သို့။ ဝါ၊ ညဥ့်အပိုင်းအခြားကို သိသောရဟန်းတို့၏ များသောအဖြစ်သို့။ ပတ္တော၊ ရောက်သည်။ ဟောတိ၊ ၏။ ။သံဃော၊ သည်။ ဝေပုလ္လမဟတ္တံ၊ ပြန့်ပြောခြင်းဖြင့် များသော အဖြစ်သို့။ ဝါ၊ ပြန့်ပြောခြင်း၏ များသောအဖြစ်သို့။ ပတ္တော၊ သည်။ ဟောတိ၊ ၏။ ။သံဃော၊ သည်၊ လာဘဂ္ဂမဟတ္တံ၊ လာဘ်၏ မြတ်များသော အဖြစ်သို့၊ ဝါ၊ လာဘ်၏မြတ်များသောအဖြစ်သို့။ ပတ္တော၊ သည်။ ဟောတိ၊ ၏။ ။သံဃော၊ သည်။ ဗာဟုသစ္စမဟတ္တံ၊ များသောအကြားအမြင်ရှိသောအဖြစ်၏မြတ်သောအဖြစ်သို့။ ပတ္တော၊ ရောက်သည်။ ဟောတိ၊ ၏။ ။(ဤပါဠိ လေးချက်သာ အထူး ထွက်သည်။ ကြွင်းသမျှ သိသာသည်ချည်း,)။ ။ဟိ တဒိမိနာသတ္တံ၊ ထိုစကားသည် ဤစကားဖြင့် မှန်၏။ သာရိပုတ္တ၊ တြာ၊ ဘိက္ခု သံဃော၊ သည်။ နိရဗ္ဗုဒေါ၊ ခိုးသူအမြုပ် ဒုဿီလကင်း၏။ ဝါ၊ ကင်းသော ခိုးသူအမြုပ် ဒုဿီလရှိ၏၊ နိရာဒီနဝေါ၊ ဒုဿီလညစ် အပြစ်မှကင်း၏။ ဝါ၊ ကင်းသောဒုဿီလညစ် အပြစ်ရှိ၏၊ အပဂတကာဠကော၊ ဒုဿီလဟူသောမည်းညစ်ခြင်းမှကင်း၏။ ဝါ၊ ကင်းသော ဒုဿီလဟူသော မည်းညစ်ခြင်းရှိ၏။ သုဒ္ဓေါ၊ စင်ကြယ်၏။ ဝါ၊ စင်ကြယ်သောသီလရှိ၏။ သာရေ၊ သီလစသော အမြတ်၌။ ဝါ၊ သီလစသောအနှစ်၌။ ပတိဋ္ဌိတော၊ တည်၏။ ဟိ တဒေဝသစ္စံ၊ ၏။ သာရိပုတ္တ၊ တြာ။ ဣမေသံ ပဥ္စန္နံ ဘိက္ခုသတာနံ၊ ဤငါးရာသော ရဟန်း တို့တွင်။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ ပစ္ဆိမကော၊ ဂုဏ်အားဖြင့် ယုတ်၏။ သော ဘိက္ခု၊ သည်။ သောတာပန္နော၊

http://www.dhammadownload.com



သောတာပန်သာတည်း။အဝိနိ ပါတဓမ္မော၊ အပါယ်လားခြင်း သဘောမရှိ။ နိယတော၊ မဂ်ဟု ဆိုအပ်သော သမ္မတ္တနိယာမ အားဖြင့်မြဲ၏။ သမ္ဗောဓိပရာယနော၊ အထက် မဂ်သုံးပါးလျှင် လည်းလျောင်းရာရှိ၏။ ဣတိ၊ သို၊အဝေါစ၊ ၏။ (သမ္ဗန်)။

၂၂။ အထခေါ၊ ထိုသို့ ဝါမှထသောအခါ၌။ ဘဂဝါ၊သည်။ အာယသ္မန္တံ၊ သော။ အာနန္ဒံ၊ကို။ အာမန္တေသိ၊ မိန့်တော်မူ၏။ အာနန္ဒာ၊နွာ။ယေဟိ၊ အကြင် ဒါယကာတို့သည်။ နိမန္တိတာ၊ ပင့်ဖိတ်အပ်ကုန်သည် ဖြစ်၍။ ဝသံ၊ မိုးလပတ်လုံး။ ဝသန္တိ၊ နေကုန်၏။ တေ၊ ထိုဒါယကာတို့ကို။အနပလောကေတွာ၊ မပန် မကြားကုန်ပဲ။ တထာဂတာ၊ တို့သည်။ (ထည့်)။ ဇနပဒစာရိကံ၊ ဇနပုဒ်၌ သွားလာ လှည့်ပတ်ခြင်းကို။ နပက္ကမန္တိ၊ ကြွတော်မမူကုန်။ တေ၊ ဤသို့ မပန်မကြားပဲ မသွားခြင်းသည်။ တထာဂတာနံ၊တို့၏။အာစိဏ္ဏံခေါ ပန၊အလေ့အကျက်တော်သာတည်း အာနန္ဒ၊ နွာ။ အာယာမ၊လာ သွားကုန်အံ့။ ဝေရဉ္ဇံ၊ သော။ ဗြာဟ္မဏံ၊ ကို။ အပလောကေဿာမ၊ ပန်ကြားကုန်အံ့။ ဣတိ၊ ဤသို့၊ အာမန္တေသိ၊ ၏။(ပြန်)။ဘန္တေ၊ ဘုရား။ဧဝံ၊ ကောင်းပြီ။ ဣတိခေါ၊ ဤသို့လျှင်။ အာယသ္မာ၊ သော။ အာနန္ဒော၊ သည်။ ဘဂဝတော၊ ၏။ ဝစနံ၊ စကားတော်ကို။ (ထည့်)။ပဗ္ဗဿောသိ၊ ဝန်ခံ၏၊ အထခေါ၊ ၌။ ဘဂဝါ၊သည်။ နိဝါသေတွာ၊ သင်းပိုင်ကို ပြင်ဝတ်တော်မူ၍။ ပတ္တစီဝရံ၊ကို။ အာဒါယ၊၍ အာယသ္မတာ၊ သော။ အာနန္ဒေန၊ သည်။ ပစ္ဆာသမဏေန၊ နောက်လိုက်ရဟန်း သည်။ ဟုတွာ၊ ၍။ (ထည့်)။ ယေန၊ ၌။ ဝေရဉ္ဇဿ၊ သော။ ဗြာဟ္မဏဿ၊၏။ နိဝေသနံ၊ အိမ်သည်။ အတ္ထိ၊ ၏။ တေန၊ ထိုအရပ်သို့။ ဥပသင်္ကမိ၊ ကပ်၏။ ဥပသင်္ကမိတွာ၊ ၍။ ပညတ္တေ၊ ခင်းထားအပ်သော။ အာသနေ၊ နေရာ၌။ နိသီဒိ၊ ထိုင်တော် မူ၏။ အထခေါ၊ ၌။ ဝေရဉ္ဇော၊ သော။ ဗြာဟ္မဏော၊ သည်။ ပ။ တေံဝစနံ၊ ကို။ အဝေါစ၊ မိန့်တော်မူ၏။ ဗြာဟ္မဏ၊ ပုဏ္ဏား။ တယာ၊ သင်သည်၊ နိမန္တိတာ၊ ပင့်ဖိတ် အပ်ကုန်သည် ဖြစ်၍။

http://www.dhammadownload.com



ဝေသံဝုတ္တာ၊ ဝါမှထကုန်သည်။ အမှာ၊ ဖြစ်ကုန်၏။ တံ၊ သင့်ကို။
အပလောကေမ၊ တိုင်တန်း ပန်ကြားကုန်၏။ မယံ၊ တို့သည်။

ဇနပဒစာရိကံ၊ ဇနပုဒ်၌ လှည့်ပတ်သွားလာခြင်းကို။ ပက္ကမိတုံ၊
သွားခြင်းငှာ၊ ဣစ္ဆာမ၊ အလိုရှိကုန်၏။ ဣတိ၊သို့။ အဝေါစ၊ ၏။
(ပြန်)။ ။ဘောဂေါတမ၊ မ။ သစ္စံ၊ မှန်ပေ၏။ မယာ၊ သည်။
နိမန္တိတာ၊ ဖြစ်၍။ ဝဿံဝုတ္ထာ၊ ဝါကျွတ် ကုန်သည်။ အတ္ထ။
ဖြစ်ကုန်၏။ အပိစ၊စင်စစ်သော်ကား။ယောဒေယျဓမ္မော၊အကြင်
ပေးကမ်းလှူဒါန်းအပ်သောဒါနဝတ္ထုသည်။ အတ္ထိ၊ ၏။ (ထည်း။)
သောဒေယျဓမ္မော၊ ထိုပေးကမ်းလှူဒါန်းအပ်သော ဒါနဝတ္ထုကို။
နဒိန္နော၊ အရှင့်အား မလှူဒါန်း ပါရသေး။ တဉ္စခေါဒေယျဓမ္မံ–
သောစခေါဒေယျဓမ္မော၊ ထိုပေးကမ်း လှူဒါန်းဖွယ်သော ဝတ္ထု
သည်လည်း။နော၊အကျွန်ုပ်တို့အား။အသန္တံ-အသန္တော၊ထင်ရှား
မရှိသည်။ နော၊မဟုတ်။ (၊တဉ္စခေါ အသန္တံ ကား လိုင်ပြန်တည်း။
နော–ကို သိလေသာလက်ာရနည်းအားဖြင့် နှစ်ထပ်သမ္ဗန်း ။
နော။ အကျွန်ုပ်တို့၏။ အဒါတုကမျတာပိ၊ လှူဒါန်းခြင်းငှာ
အလိုမရှိသောအဖြစ်သည် လည်း။ နော၊ မဟုတ်ပါ။ ဧတ္ထ၊ ဤ
အိမ်ရာတည်ထောင် လူတို့ဘောင်၌။ တံ၊ ထိုဝတ္ထုသည်ဒါ ရှိတုံပါ
လျက် ပေးရာ အခွင့်ကို။ ကုဘောလဗ္ဘာ၊ အဘိမှာ ရအံ့နည်း။
ဃရာဝါသာ၊ အိမ်ရာဘည်ထောင် လူတို့ဘောင်၌ နေသောသူတို့
သည်၊ ဗဟုကိစ္စာ၊ များသော ကိစ္စရှိကုန်၏။ ဗဟုကရဏီယာ၊
များသော ပြုဖွယ်ရှိကုန်၏။ဘဝံဂေါတမော၊ သည်။သွာတနာယ၊
နက်ဖြန်ဖြစ်လတ္တံ့သော ပုည ပီတိပါမောဇ္ဇအကျိုးငှာ။ မေ၊ ၏။
ဘတ္တံ၊ ဆွမ်းကို။ ဘိက္ခုသံဃေန၊နှင့်။သဒ္ဓိံ၊တကွ။အဓိဝါသေတု၊
သာယာတော်မူပါဦး၊ ဣတိ၊ ဤသို့၊ အဝေါစ၊ ၏၊ (သမ္ဗန်)၊
ဘဂဝါ၊ သည်၊ တုဏှီဘာဝေန၊ ဖြင့်၊ အဓိဝါသေသိ၊ ၏၊
အထခေါ၊ ၌၊ ဘဂဝါ၊ သည်၊ ဝေရဉ္စံ၊ သော၊ ဗြာဟ္မဏံ၊ ကို၊
ဓမ္မိယာ၊ တရားနှင့် လျော်သော၊ ကထာယ၊ စကားတော်ဖြင့်။
သန္ဒဿေတွာ၊ ပစ္စုပ္ပန်တမလွန် နှစ်တန်ကျိုးကြောင်းကောင်းစွာ

http://www.dhammadownload.com



ပြုတော်မူ၍။ သမာဒပေတွာ၊ ကုသိုလ်တရား၌ဆောက်တည်စေ၍။ သမုတ္တေဇေတွာ၊ ကောင်းစွာ ထက်စေ၍။ သမ္ပဟံသေတွာ၊ ကောင်းစွာ အပြားအားဖြင့် ရွှင်စေ၍။ အာသနာ၊ မှ။ ဥဋ္ဌာယ၊ ထတော်မူ၍။ ပက္ကမိ၊ ကြွတော်မူ၏။

အထခေါ၊ ၌။ ဝေရဉ္ဇော၊ သော။ ဗြာဟ္မဏော၊ သည်။ တဿာရတ္တိယာ၊ ထိုဗိတ်မန်သောညဉ့်၏။အစ္စယေန၊ လွန်သဖြင့်။ သကေ နိဝေသနေ၊ မိမိအိမ်၌။ ပဏီတံ၊ မွန်မြတ်သော၊ခါဒနီယံ ခဲဖွယ်ကို။ ဘောဇနီယံ၊ ဘောဇဉ်ကို။ ပဋိယာဒါပေတွာ၊ စီရင်စေ၍။ဘဂဝတော၊ အား။ ကာလံ၊ အခါကို။ အာရောစာပေသိ၊ ကြားလျှောက်စေ၏။ ဘောဂေါတမ၊ မ။ ကာလော၊ ဆွမ်းစား ဆွမ်းခံ အချိန်တန်ပြီ။ ဘတ္တံ၊ ဆွမ်းသည်။ နိဋ္ဌိတံ၊ ပြီးပြီ။ ကျက်ပြီ။ ဣတိ၊ ဤသို့။ အာရောစာပေသိ၊ စေ၏။ (ပြန်း)။

၂၃။ အထခေါ၊ ၌။ ဘဂဝါ၊ သည်။ ပုဗ္ဗဏှသမယံ၊ ၌။ နိဝါသေတွာ၊ ၍။ ပတ္တစီဝရံ၊ ကို။ အာဒါယ၊ ၍။ ယေန၊ ၌။ဝေရဉ္ဇဿ၊ သော။ ဗြာဟ္မဏဿ၊ ၏။နိဝေသနံ။ သည်။ အတ္ထိ။ ၏။ တေန၊ သို့။ ဥပသင်္ကမိ၊၏။ဥပသင်္ကမိတွာ၊၍။ပညတ္တေ၊သော။ အာသနေ၊ ၌။ ဘိက္ခုသံဃေန၊ နှင့်။ သဒ္ဓိံ၊ တကွ။ နိသီဒိ၊ ထိုင်တော်မူ၏။ အထခေါ၊၌။ ဝေရဉ္ဇော၊ သော။ ဗြာဟ္မဏော၊ သည်။ ဗုဒ္ဓပ္ပမုခံ၊ ဘုရားအမှူးရှိသော။ဘိက္ခုသံဃံ၊ကို။ ပဏီတေန၊သော။ ခါဒနီယေန၊ ဖြင့်။ ဘောဇနီယေန၊ ဖြင့်။ သဟတ္ထာ၊ မိမိလက်ဖြင့်။ သန္တပ္ပေတွာ၊ နှစ်သိမ့်ရောင့်ရဲစေ၍။ သမ္ပဝါရေတွာ၊ တန်ပြီဟု ကိုယ်နှုတ်နှစ်ပါးဖြင့် တားမြစ်၍၊ ဘုတ္တာဝိံ၊ ဆွမ်းစားပြီးသော။ ဩဏီတပတ္တပါဏိံ၊ သပိတ်မှပယ်ပြီးသော လက်ရှိသော။ ဘဂဝန္တံ။ကို။တိစီဝရေန၊ သင်္ကန်းသုံးထည်ဖြင့်။အစ္ဆာဒေတိ၊ဖုံးလွှမ်းလျှာဒါန်း၏။ ဧကမေကံ၊ တယောက် တယောက်သော။ ဘိက္ခုံစ၊ ကိုလည်း။ ဧကမေကေန၊ တခုတခုသော။ ဒုဿယုဂေန၊ ပုဆိုးအစုံဖြင့်။ အစ္ဆာဒေသိ၊၏။ ။(သင်းပိုင်နှင့် ကိုယ်ဝတ်ကို ဒုဿယုဂဟု ဆိုသည်။ ဘုရားမှာ ဒုကုဋ်,ကိုယ်ဝတ်, သင်းပိုင်,သုံးထည်

http://www.dhammadownload.com



လျှသည်၊ ရဟန်းများမှာ ကိုယ်ဝတ် သင်းဖိုင်, နှစ်ထည် လျှသည်)။ ။အထခေါ၊ ၌ ။ပ။ ပက္ကမိ၊ ၏၊ (ရှေးနည်းကိုမှီ၍ အနက်သိသာပြီ)၊

အထခေါ၊ ၌၊ ဘဂဝါ၊ သည်၊ ဝေရဉ္ဇာယံ၊ ၌၊ ယထာဘိရန္တံ၊ မွေ့လျော်တော်မူသမျှကာလပတ်လုံး၊ဝိဟရိတွာ၊နေတော်မူပြီး၍၊ သောရေယျံ၊ သောရေယျပြည်သို့၊ သင်္ကဿံ၊ သင်္ကဿပြည်သို့၊ ကဏ္ဏကုဇ္ဇံ၊ ကဏ္ဏကုဇ္ဇအရပ်သို့၊ အနုပဂမ္မ၊ မဝင်မကပ်မူ၍၊ ယေန၊ ၌၊ ပယာဂပတိဋ္ဌာနံ၊ ပယာဂရွာ ပယာဂဆိပ်၏ တည်ရာသည်။ အတ္ထိ၊ ရှိ၏၊ တေန။ သို့၊ ဥပသင်္ကမိ၊ ၏။ဥပသင်္ကမိတွာ၊ ၍။ ပယာဂပတိဋ္ဌာနေ၊ ပယာဂရွာ ပယာဂဆိပ်၏ တည်ရာ၌။ဂင်္ဂံ နဒိံ၊ဂင်္ဂါမြစ်ကို၊ ဥတ္တရိတွာ။ ကူးတော်မူ၍။ယေန၊ အကြင်အရပ်မျက်နှာအဖို့ဖြင့်။ ဝါ၊ လမ်းခရီးဖြင့်။ ဗာရာဏသီ၊ ဗာရာဏသီပြည်သို့၊ အဝသရိတဗ္ဗာ၊ ရောက်အပ်၏။ တံ-တေန၊ ထိုအရပ်မျက်နှာအဖို့ဖြင့်။ဝါ၊ ထိုလမ်းခရီးဖြင့်၊ ဗာရာဏသိံ၊ သို့။ အဝသရိ၊ ရောက်တော်မူ၏။ ။(ဤအနက်ကား ဤအဋ္ဌကထာ အလို။ တေနအဝသရိတဒဝသရိ၊ ဤအဋ္ဌကထာ။ တနည်းကား) ယေန။ အကြင်အရပ်၌။ ဗာရာဏသီ၊ ပြည်သည်။အတ္ထိ၊ ၏။ တံ၊ ထိုဗာရာဏသီပြည်ရှိရာ အရပ်သို့။ အဝသရိ၊ ရောက်တော်မူ၏။

**တဒဝသရိ အနက်ဖွင့်ပုံ** ဤ အနက်ကား အင်္ဂုတ္တရ အဋ္ဌကထာအလို တဒဝသရိတိ 'တတ္ထ အဝသရိ သမ္ပတ္တောတိ အတ္ထော။ ။ အင်္ဂုတ္တရ အဋ္ဌကထာ) ဝိနည်းအဋ္ဌကထာ အလိုဖြင့် အဝသရိ၏ကံကို ထည့်ရမည်။ ။ တဒဝသရိ ကို တံ-အဝသရိ-ပုဒ်ဖြတ်၍ ဝိနည်း အဋ္ဌကထာ၏ အလိုအားဖြင့် တံ ၌ ကရိုဏ်း အနက်ဝယ် ဒုတိယာ ဝိဘတ်ဟု ဆိုလိုသည်။ အင်္ဂုတ္တရ အဋ္ဌကထာ၏ အလိုအားဖြင့်။ တတ္ထ—ဟု ဆိုသော်လည်း ကံအနက်ကို ရည်၍ပင် ဆိုသည်။ ထို့ကြောင့် ဝိဘတ်အဖြောင့်ပင်။ ။ယေန ဗာရာဏသီ တဒဝသရိတိ ယေနဒိသာဘာဂေန ဗာရာဏသီ အဝသရိတဗ္ဗာ၊ ယသ္မိံ ဝါ ပဒေသေ ဗာရာ

http://www.dhammadownload.com



နင်္ဂလံ၊ တဒဝသရိတိ ဓေတန အဝဝသရိ၊ တံ ဝါ အဝသရိ။ ဓေန ဗိသာဘာဂေန ဂတော၊ တံ ါ ပဒေသံ ဂတောတိ အတ္ထော။ ။ (သီလက္ခန် အဋ္ဌကထာ)။ ဤအဋ္ဌကထာ၊ ဝိနည်း အဋ္ဌကထာ၊ အင်္ဂုတ္တရ အဋ္ဌကထာ နှစ်စောင်လုံးကို အတွင်း သွင်း၍ ဖွင့် တော်မူသည်။

* အထခေါ၊ ၌။ ဘဂဝါ၊ သည်။ ဗာရာဏသိယံ၊ ၌။ ယထာဘိ ရန္တံ၊ မွေ့လျော်ပျော်ပါးတော်မူသမျှကာလပတ်လုံး။ ဝိဟရိတွာ၊ ၍၊ ယေန၊ ၌။ ဝေသာလီ။ သည်၊ အတ္ထိ၊ ၏၊ တေန၊ ထိုအရပ်ဖြင့်။ စာရိကံ၊ ဒေသစာရီကို၊ ပက္ကမိ၊ ၏၊ အနုပုဗ္ဗေန၊ အစဉ်အားဖြင့်။ စာရိကံ၊ ကို။ စရမာနော၊ ကြွတော်မူသည်ရှိသော်။ ယေန၊ အကြင် အရပ်မျက်နှာ အဖို့ လမ်း ခရီးဖြင့်။ ဝေသာလီ၊ သို့။ အဝသရိ တဗ္ဗာ၊ ရောက်အပ်၏။ တံ-တေန၊ ထိုအရပ်မျက်နှာ အဖို့ လမ်း ခရီးဖြင့်၊ အဝသရိ၊ ရောက်တော်မူ၏။ (တနည်းကား)၊ ယေန၊ အကြင်အရပ်၌၊ ဝေသာလီ၊ သည်။ အတ္ထိ၊ ၏။ တံ၊ ထိုဝေသာ လီရှိရာ အရပ်သို့၊ အဝသရိ၊ ရောက်တော်မူ၏။ (ဝေသာလီပြည် ရှိရာအရပ်သို့ ရောက်လျှင် ဝေသာလီပြည်သို့ ရောက်သည်ပင် ဟု ယူရမည်)၊ ။ဘဂဝါ၊ သည်၊ ကတြ—တိဿံ ဝေသာလိယံ၊ ထို ဝေသာလီပြည်၌။ (သုဒ်ကား နိပါတ်မျှသာ)၊ မဟာဝနေ၊ ကြီး ကျယ်အလွန် မဟာဝန်၌။ ဝါ၊ သီးပွင့်များပုံ မဟာဝုန်၌၊ ကူဋာ ဂါရသာလာယံ၊ စုလစ်မွန်းချွန် ဟပ်သော ဇရပ် ကျောင်း၌။ ဝိဟရတိ၊ နေတော်မူ၏၊ (ကပိလဝတ်ပြည် မဟာဝုန်ကား ဟိမ ဝန္တာတောနှင့် စပ်သည်၊ ဤဝေသာလီပြည် မဟာဝုန်ကား ဟိမ ဝန္တာတောနှင့်မစပ်ဟု အဋ္ဌကထာတို့၌ ဆိုသည်)။

ဝေရဉ္ဇဘာဏဝါရ်၊ အကြိမ်တစ်ခါ ဝေရဉ္ဇာဖြင့်မှတ်၍ ရွတ်အပ် သော ဝေရဉ္ဇဘာဏဝါရသည်၊ နိဋ္ဌိတံ၊ ပြီးပြီ။

*

http://www.dhammadownload.com



## သုဒိန္နဘာဏဝါရ

၂၄။ (ယေန သမယေန ဘဂဝါ ဝေသာလိယံ ဝိဟရတိ။ ထည့်)။ ။ယေန သမယေန၊ ၌။ ဝေသာလိယာ၊ ၏။ အဝိဒူရေ၊ အနီး၌။ ကလန္ဒဂါမောနာမ၊ ကလန္ဒမည်သော ရွာသည်။ အတ္ထိ၊ ၏။ တတ္ထ၊ ထိုကလန္ဒရွာ၌။ ကလန္ဒပုတ္တော၊ ကလန္ဒရွာသူ၏ သား ဖြစ်သော။ သေဋ္ဌိပုတ္တော၊ သူဌေးသားသည်။ သုဒိန္နောနာမ၊ သုဒိန်အမည်ရှိသည်။ ဟောတိ၊ ၏။ အထခေါ၊ ၌။ ကလန္ဒပုတ္တော၊ သော။ သုဒိန္နော၊ သည်။ သမ္ဗဟုလေဟိ၊ များစွာကုန်သော။ သဟာယကေဟိ၊ အပေါင်းအဖော်တို့နှင့်။ သဒ္ဓိံ၊ တကွ။ ဝေသာလိံ၊ သို့။ ကေနစိဒေဝ။ တစုံ တစ်ခုသောလျှင် ဖြစ်သော။ ကရဏီယေန၊ မချွတ်ကေန် ပြုရန်ကိစ္စဖြင့်။ ကြောင့်။ အဂမာသိ၊ သွားလေ၏။ တေနခေါပနသမယေန၊ ၌။ ဘဂဝါ၊ သည်။ မဟတိယာ၊ များစွာ သော။ ပရိသာယ၊ ဖြင့်။ ပရိဝုတော၊ ဝန်းကျင်ပတ်ပတ် ခြံရံအပ် သည် ဖြစ်၍။ ဓမ္မံ၊ ကို၊ ဒေသေန္တော၊ ဟောတော် မူလျက်။ နိသိန္နော၊ နေသည်။ ဟောတိ၊ ၏။ ကလန္ဒပုတ္တော၊ သော။ သုဒိန္နော၊ သည်၊ ဘဂဝန္တံ၊ ကို၊ မဟတိယာ၊ သော၊ ပရိသာယ၊ ဖြင့်။ ပရိဝုတံ၊ ဖြစ်၍။ ဓမ္မံ။ ကို။ ဒေသေန္တံ၊ လျက်။ နိသိန္နံ၊ နေသည်ကို။ အဒ္ဒသခေါ၊ မြင်သလျှင်ကတည်း။ ဒိသွာန၊ မြင်ပြီး၍။ အဿ၊ ထို သုဒိန်အား၊ ဧတံ သော ပရိဝိတက္ကော၊ သည်။ အဟောသိ၊ ပြီ။ အဟံပိ၊ သည်လည်း။ ဓမ္မံ၊ ကို။ သုဏေယျံ၊ နာရပါမူကား။ ယန္နူန၊ ကောင်းလေစွ။ ဣတိ၊ သို့၊ ဧတံ သော ပရိဝိတက္ကော၊ သည်။ အဟောသိ၊ ပြီ။ (ပြန်) အထခေါ၊ ၌။ ကလန္ဒပုတ္တော၊ သော။ သုဒိန္နော၊ သည်။ ယေန၊ ၌။သာ ပရိသာ၊ ထိုတရားနာ ပရိ သတ်သည်။ အတ္ထိ၊ ၏။ တေန၊ သို့။ ဥပသင်္ကမိ၊ ကပ်၏။ ဥပသင်္ကမိတွာ၊ ၍။ ဧကမန္တံ၊ ၌။ နိသီဒိ၊ ၏။ နိသိန္နဿခေါ၊ ထိုင်ပြီးသော ကလန္ဒ ပုတ္တဿ၊ သော။ သုဒိန္နဿ၊ အား။ ဧတံ၊ သော ပရိ ဝိတက္ကော၊ သည်။ အဟောသိ၊ ပြီ၊ ကိံ အဟောသိ၊ နည်း။ ။

http://www.dhammadownload.com



(ကိံ အဟောသိတိ ယထာ ယထာခေါတိ အာဒိ။ ။(၄အဋ္ဌကထာ)။ ။နောက်၌ အာကာရတ္ထ ဣတိ–သဒ္ဒါကို မြင်လျှင် ရှေ့၌ ကိံသဒ္ဒါကိုထည့်၍ အနက်သမ္ဗန်ရမည် ဟူသော နိယံ၌ အဋ္ဌကထာလျှင် သက်သေတည်း)။ ။ယထာယထာ၊ အကြင်အကြင်သို့သော အခြင်းအရာဖြင့်။ (ခေါကား နိပါတ်မျှသာ)။ အယံ၊ ဤသည်။ ဘဂဝတာ၊ သည်။ ဒေသိတံ၊ အပ်သော။ ဓမ္မံ၊ ကို။ အာဇာနာမိ၊ ၏။ တထာတထာ၊ ဖြင့်။ (ထည့်)။ အဂါရံ၊ အိမ်၏အလယ်၌။ အဇ္ဈာဝသတာ၊ စိုးအုပ်၍နေသော ငါသည်။ ဧကန္တပရိပုဏ္ဏံ၊ စင်စစ်ထက်ဝန်းကျင်ပြည့်စုံသော။ ဧကန္တပရိသုဒ္ဓံ၊ စင်စစ်ထက်ဝန်းကျင် စင်ကြယ်သော။ သင်္ခလိခိတံ၊ ပွတ်သစ်သော ခရုသင်းအတူဖြူစွာသော။ ဗြဟ္မစရိယံ၊ ဤမြတ်သော အကျင့်ကို။ စရိတုံ၊ ကျင့်ခြင်းငှာ။ နသုကရံ၊ မလွယ်။ အဟံ၊ ငါသည်။ ကေသမဿုံ၊ ဆံမုတ်ဆိတ်ကို။ ဩဟာရေတွာ၊ ရိတ်ပယ်၍။ ကာသာယာနိ၊ ဖန်ရည်စွန်းကုန်သော။ ဝတ္ထာနိ၊ အဝတ်တို့ကို။ အစ္ဆာဒေတွာ၊ ဝတ်၍။ အဂါရသ္မာ၊ အိမ်ရာတည်ထောင်လူတို့ဘောင်မှ။ အနဂါရိယံ၊ အိမ်ရာမထောင်ရဟန်းဘောင်၌။ ပဗ္ဗဇေယျံ၊ ရဟန်းပြုရမူကား။ ယန္နူန၊ ကောင်းလေစွ။ ဣတိ၊ သို့။ စေတံပရိဝိတက္ကံ၊ သည်။ အဟောသိ၊ ပြီ။ (ပြန်)။ အထခေါ၊ ၌။ သာပရိသာ၊ သည်။ ဘဂဝတာ၊ သည်။ ဓမ္မိယာ၊ သော။ ကထာယ၊ ဖြင့်။ သန္ဒဿိတာ၊ ပြီးသည်ဖြစ်သော်။ သမာဒပိတာ၊ သော်။ သမုတ္တေဇိတာ၊ သော်။ သမ္ပဟံသိတာ၊ သော်။ အာသနာ၊ မှ။ ဥဋ္ဌာယ၊ ၍။ ဘဂဝန္တံ၊ ကို။ အဘိဝါဒေတွာ၊ ၍။ ပဒက္ခိဏံ၊ ကို။ ကတွာ၊ ၍။ ပက္ကမိ၊ ဖဲလေ၏။

၂၅။ အထခေါ၊ ၌။ ကလန္ဒပုတ္တော၊ သော။ သုဒိန္နော၊ သည်။ ပရိသာယ၊ သည်။ အစိရဝုဋ္ဌိတာယ၊ ထ၍မကြာမြင့်မီ။ (ယေန ဘဂဝါ–မှစ၍။ စရိတုံ–တိုင်အောင် အနက်သိသာပြီ)။ ။ဘန္တေ၊ ဘုရား။ အဟံ၊ သည်။ ကေသမဿုံ။ ပ။ ပဗ္ဗဇိတုံ၊ ရဟန်းပြုခြင်းငှာ။ ဣစ္ဆာ၊ အလိုရှိပါ၏။ မံ၊ ကို။ ဘဂဝါ၊ သည်။ ပဗ္ဗာဇေတု၊ ရဟန်းပြုတော်မူပါလော့။ ဣတိ၊ သို့။ အဝေါစ၊ ၏။ (ပြန်)။ ။သုဒိန္နေ၊

http://www.dhammadownload.com



သုဒိန်။ တွံ၊ ကို။ မာတာပိတူဟိ၊ တို့သည်။ အဂါရသ္မာ၊ မှ။ အနာဂါရိယံ၊ ဌ။ ပဗ္ဗဇ္ဇာယ၊ ရဟန်းပြုစိမ့်သောငှာ။ အနုညာတော၊ အနုအသိ အညွှတ် ခွင့်လွှတ်အပ်သည်။ အသိပန၊ ဖြစ်၏လော။ (ပန-ကား ပုစ္ဆာဇောတက)။ ဣတိ၊ သို့။ ပုဋ္ဌော၊ ၏။ (ထည့်)။ ဘန္တေ၊ ဘုရား။ အဟံ၊ ကို။ မာတာပိတူဟိ၊ တို့သည်။ အဂါရသ္မာ၊ မှ။ အနဂါရိယံ၊ ဌ။ ပဗ္ဗဇ္ဇာယ၊ ငှာ။ နခေါ အနုညာတော၊ အနုအသိအညွှတ်ခွင့်မလွှတ် အပ်ပါသေး။ ဣတိ၊ သို့။ အဝေါစ၊ ၏။ (သမ္ဗန်) သုဒိန္န၊ ဒိန်။ တထာဂတာ၊ တို့သည်။ မာတာပိတူဟိ၊ တို့သည်။ အနနုညာတံ၊ သော။ပုတ္တံ၊ ကို။နခေါပဗ္ဗာဇေန္တိ၊ ကုန်။ဣတိ၊ ဤသို့။ အဝေါစ၊ ၏။ (သမ္ဗန်)။ ဘန္တေ၊ ဘုရား။ သောအဟံ၊ ထိုအကျွန်ုပ်သည်။ ယထာ၊ အကြင်အခြင်းဖြင့်။ ကရိယမာနေ၊ ပြုအပ်သည်ရှိသော်။ (ထည့်)။မံ၊ ကို။မာတာပိတရော၊ တို့သည်။အဂါရသ္မာ၊ မှ။ အနဂါရိယံ၊ ဌ။ပဗ္ဗဇ္ဇာယ၊ ငှာ။ အနုဇာနိဿန္တိ၊ ကုန်လတ္တံ့။တထာ၊ ထိုအခြင်းဖြင့်။ကရိဿာမိ၊လအံ့။ဣတိ၊သို့။အဝေါစ၊၏။(သမ္ဗန်)။

၂၆။ အထခေါ၊ ဌ။ကလန္ဒပုတ္တော၊ သော။သုဒိန္နော၊ သည်။ ဝေသာလိယံ၊ ဌ။ တံကရဏီယံ၊ ထိုမညွှတ်ဧကန် ပြုရန် ကိစ္စကို။ တီရေတွာ၊ ပြီးဆုံးစေ၍။ယေန၊ ဌ။ကလန္ဒဂါမော၊ ကလန္ဒရွာသည့် အတ္ထိ၊ ၏။ယေန၊ ဌ။ပ။ မာတာပိတရော၊ တို့ကို။ တေဝစနံ၊ ကို။ အဝေါစ၊ ၏။ ကိံ အဝေါစ၊ နည်း။ (ထည့်)။ အမ္မ တာတာ၊ အို-မိခင် ဘခင် ကျေးဇူးရှင်တို့။ (ဤမှစ၍ ပဗ္ဗဇိတုံ-တိုင်အောင် သောပါဠိ၏ အနက်ကား ရှေးအတိုင်း သိသာလှပြီ)။ မံ၊ ကို။ အဂါရသ္မာ၊ မှ၊ အနဂါရိယံ၊ ဌ။ ပဗ္ဗဇ္ဇာယ၊ ငှာ။ အနုဇာနာထ၊ အနူးအညွှတ် ခွင့်လွှတ်ကြကုန်လော့။ ဣတိ၊ သို့။ အဝေါစ၊ ၏။ (ပြန်)။ ။ဧဝံ၊ သို့။ ဝုတ္တေ၊ ဆိုအပ်သည်ရှိသော်။ ကလန္ဒပုတ္တဿ၊ သော။ သုဒိန္နဿ၊ ၏။ မာတာပိတရော၊ တို့သည်။ ကလန္ဒပုတ္တံ၊ သော။သုဒိန္နံ၊ ကို။တေဝစနံ၊ ကို။အဝေါစုံ၊ကုန်၏။ကိံ အဝေါစုံ၊ ကုန်သနည်း။(ထည့်)။တာတသုဒိန္န၊ မိဘနှစ်တည် ချစ်ရည်ချိုးစိမ် သားသုဒိန်။ တွံ၊ သည်။ အမှာကံ၊ ငါတို့၏။ ဧကပုတ္တကော၊

http://www.dhammadownload.com



တယောက်တည်းဖြစ်၍ ချစ်လှစွာသော သားသည်။ ပိယော၊ နှစ်သက်အပ်၏။ မနာပေါ၊ စိတ် နှလုံးကို ပွားစေတတ်သည်။ သုခေဓိတော၊ချမ်းသာစွာကြီးပွားစေအပ်သည်။သုခပရိဟတော၊ ချမ်းသာစွာ အထိန်းတို့သည် ခါးထစ်ရင်ခွင် ပိုက်ပွေ့တင်လျက် ဆောင်ရွက်အပ်သည်။ အသိ၊ ၏။ တာတသုဒိန္န၊ ချစ်သားသုဒိန်။ တွံ၊ သည်။ကိဉ္စိ၊ တစုံတခုသော။ ဒုက္ခဿ–ဒုက္ခံ၊ ဆင်းရဲကို။ နဇာနာသိ၊မသိ။(တနည်းကား)ကိဉ္စိ ကေနစိ၊စိုးစဉ်းသော။ ဒုက္ခဿ ဒုက္ခေန၊ ဆင်းရဲဖြင့်။ နဇာနာသိ–နအနုဘဝသိ၊ မခံစားစဘူး။

မှတ်ချက် ပါဠိတော်၌ ကိဉ္စိကား ဒုတိယန္တပုဒ်၊ ဒုက္ခဿကား ဆဋ္ဌျန္တပုဒ်ဖြစ်၍ ဝိဘတ်မတူ၊ ယခုသမ္ဗန်သော နှစ်ဝိကပ်တို့တွင် ရှေ့ဝိကပ်၌ ကိဉ္စိကား အဖြေ:င့်၊ ဒုက္ခဿကား ဥပယောဂတ္ထ၌ ဆဋ္ဌီဝိဘတ်ကို စီရင်၍ သမ္ဗန်သည်။ နောက်ဝိကပ်၌ကား ကိဉ္စိ၌ ဒုတိယာ ဝိဘတ်။ ဒုက္ခဿ၌ ဆဋ္ဌီဝိဘတ်ကို ကရဏတ္ထ၌ စီရင်၍ သမ္ဗန်သည်။ ဝိကပ္ပ ဒွယေပိ ပုရိမ ပဒဿ ဥတ္တရပဒေန သမာန ဝိဘတ္တိလောပေါ ဒဋ္ဌဗ္ဗော။(အဋ္ဌကထာ)။

မယံ၊ တို့သည်။ တေ၊ သင် ချစ်သား၏။ မရဏေနပိ၊ သေသဖြင့်လည်း။ အကာမကာ၊ အလိုမရှိကုန်ဘဲ။ ဝိနာ၊ ကွေကွင်းကုန်သည်။ဘဝိဿာမ၊ ကုန်လအံ့။ ကိံ ပန၊ အဘယ်ကြောင့်လျှင်၊ မယံ၊ တို့သည်။ တံ၊ သင်ချစ်သားကို။ ဇီဝန္တံ၊ အသက်ရှင်လျက်။ အဂါရသ္မာ၊ မှ။အနဂါရိယံ၊ ၌။ပဗ္ဗဇ္ဇာယ၊ ငှာ။အနုဇာနိဿာမ၊ ကုန်အံ့နည်း။ ဣတိ၊ သို့။ အဝေါစုံ၊ ကုန်၏။ (ပြန်)။

ထမှာ ဒုတိယမ္ပိခေါ်မှစ၍ အထခေါ်-၏အခြားမဲ့ဖြစ်သော ပဗ္ဗဇ္ဇာယ–တိုင်အောင်သော ပါဠ်၏အနက်ကား–ယခု သမ္ဗန်သောအနက်ကို မှီ၍ သိသာလှပြီ။

၂၇။ အထခေါ၊ ၌။ ကလန္ဒပုတ္တော၊ သော။ သုဒိန္နော၊ သည်။ မံ၊ကို။မာတာပိတရော၊ တို့သည်။အဂါရသ္မာ၊ မှ။အနဂါရိယံ၊ ၌။ ပဗ္ဗဇ္ဇာယ၊ ငှာ။ န အနုဇာနန္တိ၊ ၏။ အနူးအညွတ် ခွင့်မလွှတ်ကုန်။ ဣတိ၊ ဤသို့။တတ္ထေဝ၊ ထိုမိခင် ဖခင်တို့အား ခွင့်လွှတ်ကြောင်းကို

http://www.dhammadownload.com



တောင်းရာအရပ်၌သာလျှင်။ အနန္တရဟိတာယ၊ လူနှင့်မြေအား ခြားတတ်သောအခင်းမရှိသော။ဘူမိယာ၊ ၌။ နိပဇ္ဇိ၊ လျောင်း၏။ ဇူဓေဝ၊ ဤ လျောင်းရာအရပ်၌သာလျှင်။ မေ၊ အား။ မရဏံ၊ သေခြင်းသည်။ ဘဝိဿတိ၊ လတ္တံ့။ ပဗ္ဗဇ္ဇာဝ၊ ရဟန်းပြုအံ့သည် သာလျှင်တည်း။ ဣတိ၊ ဤသို့။ နိပဇ္ဇိ၊ ၏။ (ပြန်)။ အထခေါ၊ ၌။ ကလန္ဒပုတ္တော၊ သော။ သုဒိန္နော၊ သည်။ ဧကံပိဘတ္တံ၊ တလုတ် သောထမင်းကိုလည်း။ နဘုဉ္ဇိ၊ မစား ။ပ။ သတ္တဘတ္တာနိ၊ ခုနစ် လုတ်သော ထမင်းတို့ကိုလည်း။ နဘုဉ္ဇိ၊ မစား။

၂၀။ (အထခေါမှ စ၍ ပဗ္ဗဇ္ဇာယ တိုင်အောင်သော ပါဠိ၏ အနက်ကား သမ္ဗန်ပြီးဖြစ်၍ သိသာလှပြီ)။ဘာတသုဒိန္န၊ ချစ်သား သုဒိန်။ ဥဋ္ဌေဟိ၊ လျောင်းစက်ရာမှ ထပါဦး။ ဘုဉ္ဇ၊ ထမင်းမုန့် ငါးစားလည်း စားပါဦး။ ပိဝ၊ ဖျော်ရည်ရေပေါက် သောက် လည်းသောက်ပါဦး။ ပရိစာရေဟိ၊ စောင်းသမားကချေ တီးက စေလျက် ထွေထွေထူးထူး ရွှင်မြူး ပျော်ပါး ကစားလည်း ကစား ပါဦး။ (ဆန်း၍ ပေးသည် မဟုတ်၊ အဋ္ဌကထာ အတိုင်းသာ ပေးသည်)။ဘုဉ္ဇန္တော၊ ထမင်းမုန့်ငါး ဝစွာစားလျက်။ ပိဝန္တော၊ ဖျော်ရည် ရေပေါက် ဝစွာ သောက်လျက်။ ပရိ စာရေန္တော၊ စောင်းသမား ကချေ တီးကစေ၍ ထွေထွေ ထူးထူး ရွှင်မြူးပျော် ပါး ကစားလျက်။ ကာမေ၊ ဝတ္ထု ကာမ ကိလေသာ ကာမ တို့ကို။ ပရိဘုဉ္ဇန္တော၊ သုံးဆောင် ခံစားလျက်။ ပုညာနိ၊ လူ့ရွာ နတ်ပြည် ရောက်မည်အကြောင်း ကောင်းမှုတို့ကို။ ကရောန္တော၊ ပြုလျက်။ အဘိရမဿု၊ ရဟန်းမပြု လူ့အတိုင်းသာ မွေ့လျော် ပါလော့။ တံ၊ သင်ချစ်သားကို။ မယံ၊ တို့သည်။ အဂါရသ္မာ၊ မှ။ အနဂါရိယံ၊ ၌။ ပဗ္ဗဇ္ဇာယ၊ ငှာ။ န အနုဇာနာမ၊ ခွင့်မလွှတ်ကုန်။ ဣတိ၊ သို့။ အဝေါစုံ၊ ကုန်၏။ (ပြန်)။ဧဝံ၊ ဤသို့။ဝုတ္တေ၊ ရှိသော်။ ကလန္ဒပုတ္တော၊ သော။ သုဒိန္နော၊ သည်။ တုဏှီ၊ ဆိတ်ဆိတ်နေ၍။ အဟောသိ၊ ပြီ။ ။(ဒုတိယမ္ပိခေါမှ စ၍ တုဏှီအဟောသိ တိုင် အောင်သော ပါဠိ၏အနက် ထင်လှပြီ)။

http://www.dhammadownload.com



၂၉။ အထခေါ၊ ၌၊ ကလန္ဒပုတ္တဿ၊ သော။ သုဒိန္နဿ၊ ၏။ သဟာယကာ၊ ချမ်းသာဆင်းရဲ မကွဲတူမျှဖြစ်ကြကုန်သောအဆွေခင်ပွန်းတို့သည်။ ယေန၊ ၌။ပ။ အဝေါစုံ၊ ဆိုကုန်၏။ ။ တုံ့ခေါ–မှစ၍ တုဏှီ အဟောသိ–တိုင်အောင်လည်း အနက်သိသာလှပြီ။ ပါဠိထူးကို အနက်ကြားဦးအံ့)။ သဇ္ဇသုဒိန္န၊အဆွေ့သုဒိန်၊တုံ့ခေါ–သင်သည်။ မာတာပိတူနံ၊ တို့၏။ ။(သည်မျှသာ ထူးသည်)။ အထခေါ၊၌။ကလန္ဒပုတ္တဿ၊သော။သုဒိန္နဿ၊၏။သဟာယကာ၊ တို့သည်။ ယေန၊ ၌။ ကလန္ဒပုတ္တဿ၊ သော။ သုဒိန္နဿ၊ ၏။ မာတာပိတရော၊ တို့သည်။ သန္တိ၊ ကုန်၏။ တေန၊ ထိုအရပ်သို့။ ဥပသင်္ကမိံသု၊ ကုန်၏။ ဥပသင်္ကမိတွာ၊ ကုန်၍။ ကလန္ဒပုတ္တဿ၊ သော။ သုဒိန္နဿ၊ ၏။ မာတာပိတရော၊ တို့ကို။ ဧတံဧစနံ၊ ကို။ အဝေါစုံ၊ ကုန်၏။ အမ္မတာတာ၊ အို–သုဒိန်၏ မိခင်ဘခင်တို့။ ဧသော သုဒိန္နော၊ ဤသင်တို့၏သား သုဒိန်သည်၊ အနန္တရဟိတာယ၊လူနှင့်မြေကြားဝယ်ကွယ်ကာတတ်သောအခင်းမရှိသော၊ ဘူမိယာ၊ မြေ၌။ နိပန္နော၊ လျောင်း၏။ ဧတ္ထမေဝ၊ ဤလျောင်းရာ အရပ်၌သာလျှင်။ မေ၊၏။ မရဏံ၊ သည်။ ဘဝိဿတိ၊ လတ္တံ့။ ပဗ္ဗဇ္ဇာဝ၊ ရဟန်းပြုမည်သာတည်း။ ဣတိ၊ ဤသို့၊ နိပန္နော၊ ၏။ တုမှေ။ သင်မိခင်ဘခင်တို့သည်။ သုဒိန္နံ၊ သားသုဒိန်ကို၊ အဂါရသ္မာ၊မှ။ အနဂါရိယံ၊ ၌။ ပဗ္ဗဇ္ဇာယ၊ငှာ။ သစေနာနုဇာနိဿထ၊ အကယ်၍ ခွင့်မပြုကုန်လတ္တံ့။ ဧဝံသန္တေသု၊ဤသို့ခွင့်မပြုကုန်သည်ရှိသော်။ (ထည့်)။ တတ္ထေဝ၊ ထိုလျောင်းရာ အရပ်၌သာလျှင်။ မရဏံ၊သို့။ အာဂမိဿတိ၊ ရောက်လတ္တံ့။ ပန၊ ထိုသို့ မဟုတ်၊ တုမှေ၊ တို့သည်။ သုဒိန္နံ၊ သားသုဒိန်ကို။ အဂါရသ္မာ၊ မှ။ အနဂါရိယံ၊၌။ ပဗ္ဗဇ္ဇာယ၊ ငှာ။ သစေအနုဇာနိဿထ၊ အကယ်၍ အနုးအညွတ် ခွင့်လွှတ်ကုန်လတ္တံ့။ ပဗ္ဗဇိတံပိ၊ ရဟန်းပြုပြီးသည်လည်း ဖြစ်သော။ နံ၊ ထိုသားသုဒိန်ကို။ဒက္ခိဿထ၊ ကာလကြာတင် မြင်ရကုန်သတ္တံ့၊ သုဒိန္နော၊သည်။အဂါရသ္မာ၊မှ၊ပဗ္ဗဇ္ဇာယ၊ ရဟန်းပြုပြီးမှ။ ဝါ၊ ရဟန်းပြုပြီးသည် ရှိသော်။ အနဂါရိယံ၊

http://www.dhammadownload.com



ရှယန်း၏ ဘောင်၌။ သစေနာတိရမိဿတိ၊ အကယ်၍ မမွေ့လျော်လတ္တံ့။ စေ်သတိ၊ သော်။ (ထည့်)။ တဿ၊ ထိုသား သုဒိန်အား။ အညာ၊ မိဘအိမ်မှ တစ်ပါးသော။ ကာ၊ အဘယ်မည်သော။ ဂတိ၊ သွားရာသည်။ဘဝိဿတိ၊လတ္တံ့နည်း။ဋ္ဌမေဝ၊ ဤမိဘအိမ်သို့သာလျှင်။ ပစ္စာဂမိဿတိ၊ တစ်ဖန် ပြန်လာလတ္တံ့၊ သုဒိန္နံ၊ သားသုဒိန်ကို။ အဂါရသ္မာ၊မှ။အနဂါရိယံ၊၌။ပဗ္ဗဇ္ဇာယ၊ ငှာ။အနုဇာနာထ။ အနုံးအညွတ်ခွင့်လွှတ်ကြကုန်လော့။ဣတိ၊သို့။ အဝေါစုံ၊ ကုန်၏။ (ပြန်)။ တာတာ၊ သုဒိန္နနှင့် ချစ်ကြကျွမ်းဝင်ပေါင်းလုထင်တို့။ သုဒိန္နံ၊ သာသုဂိန်ကို။ အဂါရသ္မာ၊ မှ။ အနဂါရိယံ၊၌။ ပဗ္ဗဇ္ဇာယ၊ ငှာ။ အနုဇာနာမ၊ ငါတို့ အနုံးအညွတ်ခွင့်လွှတ်ကုန်၏။ ဣတိ၊ သို့။ အဝေါစုံ၊ ကုန်၏။ (သမ္ပန်)။ ။ အထခေါ၊ ၌။ပ။အဝေါစုံ၊ ကုန်ပြီ။ (အနက် ထင်၏)။ ။သမ္မ သုဒိန္န၊ အဆွေပေါင်းသုဒိန်။ ဥဋ္ဌေဟိ၊ ထလော့။ တွံ၊ သင့်ကို။ (ထည့်)။ မာတာပိတူဟိ၊ တို့သည်။ အဂါရသ္မာ၊ မှ။အနဂါရိယံ ၌။ ပဗ္ဗဇ္ဇာယ၊ ငှာ။အနုညာတော၊ သည်။ အသိ။ ပြီ။ ဣတိ၊သို့။ အဝေါစုံ၊ ကုန်၏၊ ပြန်။

၁၀။ အထခေါ၊ ၌။ ကလန္ဒပုတ္တော၊ သော။သုဒိန္နော၊သည်။ အဟံ။ ငါ့ကို။ မာတာပိတူဟိ၊ တို့သည်။ အဂါရသ္မာ၊ မှ။ အနဂါရိယံ၊၌။ ပဗ္ဗဇ္ဇာယ၊ ငှာ။ အနုညာတော၊ သည်။ အမ္ဘိကိရ၊ ဖြစ်သတတ်။ ဣတိ၊သို့။ ဟဋ္ဌော၊ဝမ်းမြောက်ကြည်လင် အလွန်ရွှင်ယန်းသည်ဖြစ်၍။ ပဟဋ္ဌော၊ ဝမ်းမြောက်ကြည်လင် အလွင်ရွှင်သည်ဖြစ်၍''။ ဥဒဂ္ဂေါ၊တက်ကြွသောကိုယ်စိတ်ရှိသည်ဖြစ်၍။ပါဏိနာ၊လက်ဖြင့်။ ဂတ္တာနိ၊ ကိုယ်တို့ကို။ ပရိပုဉ္ဆန္တော၊ အထပ်ထပ်ပွတ်သပ်သည် ဖြစ်၍။ ဝုဋ္ဌာသိ၊ ထ၏။ အထခေါ၊ ၌။ ကလန္ဒပုတ္တော၊ သော။ သုဒိန္နော၊ သည်။ ကတိပါဟံ၊ တရက်နှစ်ရက်၊ ဗလံ၊ကိုယ်အားကို။ ဂါဟေတွာ၊ ယူစေ၍။ယေန၊ ၌။ပ။အဝေါစ နားတော်လျှောက်၏။ဘန္တေ၊ ဘုရား။အဟံ၊ကို။ မာဟာပိတူဟိ၊ တို့သည်။ အဂါရသ္မာ၊ မှ။ အနဂါရိယံ၊ ၌။ ပဗ္ဗဇ္ဇာယ၊ ငှာ၊

http://www.dhammadownload.com



အနုညာတော၊ ခွင့်ပြုအပ်ပြီ။ ဘဂဝါ၊ ဘုန်းတော်ကြီးသော ဘုရားသည်။ မံ၊ ကို။ ပဗ္ဗာဇေတု၊ ရဟန်းပြုတော် မူပါလော့" ဣတိ၊ သို့။ အဝေါစ၊ လျှောက်၏။ (ပြန်)ကလန္ဒပုတ္တော၊ သော။ သုဒိန္နော၊ သည်။ ဘဂဝတော၊ ၏။ သန္တိကေ၊ အထံတော်၌။ ပဗ္ဗဇ္ဇံ၊ ရဟန်း၏အဖြစ်ကို။ အလတ္ထခေါ၊ ရပြီးသည်သာလျှင်တည်း။ ဥပသမ္ပဒံ၊ ပဉ္စင်းအဖြစ်ကို။ အလတ္ထ၊ ရပြီ။ အာယသ္မာ၊ သော။ သုဒိန္နော၊ သည်။ အစိရူပသမ္ပန္နော စပန၊ ပဉ္စင်းခံ၍ မကြာမြင့်မီကား။ ဧဝရူပေ၊ ဤသို့သဘောရှိကုန်သော။ ဓုတဂုဏေ၊ ဓုတင် ကျေးဇူးတို့ကို။ သမာဒါယ၊ ဆောက်တည်၍။ ဝတ္တတိ၊ ကျင့်၏။ အာရညိကော၊ အာရညိကင်ဓုတင်ဆောက်တည်သည်။ ဟောတိ၊ ၏။ ပိဏ္ဍပါတိကော၊ ပိဏ္ဍပတ်ဓုတင်ဆောက်တည်သည်။ ဟောတိ၊ ၏။ ပံသုကူလိကော၊ ပံသုကူဓုတင်ဆောက်တည်သည်။ ဟောတိ၊ ၏။ သပဒါနစာရိကော၊ သပဒါနစာရီဓုတင်ဆောက်တည်သည်။ ဟောတိ၊ ၏။ အညတရံ၊ အမှတ်မရှိသော။ ဝဇ္ဇိဂါမံ၊ ဝဇ္ဇီတိုင်းတွင် အကျုံးဝင်သောရွာကို။ ဥပနိဿာယ၊ အမှီပြု၍။ ဝိဟရတိ၊ နေ၏။

(ယေနသမယေန အာယသ္မာသုဒိန္နော အညတရံ ဝဇ္ဇိဂါမံ ဥပနိဿာယ ဝိဟရတိ၊ ထည့်)။ ။တေနခေါပနသမယေန၊ ၌။ ဝဇ္ဇီ၊ ဝဇ္ဇီတိုင်းသည်။ ဒုဗ္ဘိက္ခာ။ ငတ်မွတ်သည်၊ ဝါ၊ ရခဲသော ထမင်းရှိသည်။ ဒွိဟိတိကာ၊ ထမင်း ရအံ့လော မရအံ့လော အသရ အံ့လော ရှင်ရအံ့လောဟု တွေးတော မဆုံး နှလုံးနှစ်ခွ ဖြစ်ခြင်း ရှိသည်။ သေတဋ္ဌိကာ၊ ဖွေးဖွေးဖြူသော လူရိုးကောက်ရိုးရှိသည်။ သလာကာဝုတ္တာ၊ အရိုးသာပြည့်စုံသော ကောက်ရှိသည်။ ဝါ၊ စာရေးတံဖြင့် ဆွမ်းခံ၍အသက်မွေးရသည်။ ဟောတိ၏။ ဥဉ္ဆေန ပဂ္ဂဟေန၊ လက်၌ သပိတ်ပိုက်၍ ဆွမ်းရှာသဖြင့်။ ယာပေတုံ၊ မျှခြင်းငှာ။ နသုကရာ၊ မလွယ်သည်။ ဟောတိ၊ ၏။ ။(အထခေါ-မှစ၍ ယာပေတုံ-တိုင်အောင် အနက်သိသာပြီ)။ ။ဝေသာလိယံ၊ ပြည်၌။ အနှာ၊ အတွင်း အပ အသုံးအဆောင် များမြောင်ကြွယ်ဝကုန်သော။ မဟဒ္ဓနာ၊ မြေ၌မြှုပ်ထား များသော ဥစ္စာ

http://www.dhammadownload.com



ရှိကုန်သော။မဟာဘောဂေါ၊နှေ့တိုင်းရိက္ခာဟုဆိုအပ်သော များသော အသုံးအဆောင် ရှိကုန်သော။ ပဟုတဇာတရူပရဇတာ၊ များသော ရွှေငွေရှိကုန်သော။ ပဟုတဝိတ္တူပကရဏာ၊ များစွာနှစ်သက်ခြင်းကို ပြုတတ်သော ဆင်ဝတ်ရန် တန်းဆာ အဆောက်အဦရှိကုန်သော။ ပဟု လဓနဓညာ၊ ကုန်သွယ်သည်၏အစွမ်းဖြင့် များစွာလဲလှယ်သော ဥစ္စာစပါးရှိကုန်သော။ မေ။ ငါ၏။ ဉာတိ၊ ဆွေမျိုးတို့သည်။ ဗဟူခေါပန။ များကုန်သည် သာလျှင်တည်း။ အဟံ၊ သည်။ ဉာတိ၊ ဆွေမျိုးတို့ကို။ ဥပနိဿာယ၊ အမှီပြု၍။ ဇီဟရေယျံ၊ နေရမူကား။ ယန္တူန၊ကောင်းလေစွ။ဉာတိ၊ တို့သည်။ မံ၊ ငါ့ကို။ နိဿာယ၊မှီ၍။ဒါနာနိ၊အလှူတို့ကို။ ဒဿန္တိ၊ ပေးကုန်လတ္တံ့။ ပုညာနိ၊ ဒါနမှတပါး အခြားသော ကုသိုလ်တို့ကို။ ကရိဿန္တိ၊ ကုန်လတ္တံ့။ ဘိက္ခူစ၊ တို့သည်လည်း။ လာဘံ၊ လာဘ်ကို။ လစ္ဆန္တိ၊ ရကုန်လတ္တံ့။ အဟမ္ပိ၊ သည်လည်း။ ပိဏ္ဍကေန၊ ဆွမ်းဖြင့်။ ကြောင့်။ နကိလမိဿာမိ၊ မပင်ပန်း လတ္တံ့။ ဣတိ၊ဤသို့။တေံ သောပရိဝိတက္ကော၊ သည်။ အဟောသိ၊ ပြီ။ (ပြန်)။ အထခေါ၊ ၌။ အာယသ္မာ၊ သော။ သုဒိန္နော၊ သည်။ သေနာသနံ၊ကျောင်းအိပ်ရာနေရာကို။ သံသာမေတွာ၊ မပျက်မစီးသိမ်းဆည်း၍။ ပတ္တစီဝရံ၊ ကို။အာဒါယ၊၍။ ယေန၊ အကြင်အရပ်မျက်နှာအဖို့ လမ်းခရီးဖြင့်။ ဝေသာလီ၊ သည်။ အတ္ထိ၊ ၏။ တေန၊ ထိုအရပ်မျက်နှာအဖို့ လမ်းခရီးဖြင့်။ ပက္ကမိ၊ ၏။ အနုပုဗ္ဗေန၊ အစဉ်အားဖြင့်။ ယေန၊ အကြင်အရပ်မျက်နှာအဖို့ လမ်းခရီးဖြင့်။ဝေသာလီ၊သို့။အဝသရိတဗ္ဗာ၊ ရောက်အပ်၏။ (ထည့်)။ တံဘေန၊ ထိုအရပ်မျက်နှာအဖို့ လမ်းခရီးဖြင့်။ ဝေသာလိံ၊ သို့။ (ထည့်)။ အဝသရိ၊ ရောက်လေ၏။ (တနည်းကား)။ ယေန၊ အကြင် အရပ်၌။ ဝေသာလီ၊ သည်။ ဌိတာ၊ တည်၏။ တံ၊ ထိုဝေသာလီတည်ရာအရပ်သို့။အဝသရိ၊ ရောက်လေ၏။ (ဤတွင် ရှေ့က်၌ ပြခဲ့ပြီးသော အဋ္ဌကထာ သုံးဆောင်နည်းကို သတိကြပ်ကြပ်ထား၍။ သမ္ဗန်လေ။ ရှုတတ်၏။ ။အာယသ္မာ၊ သော။

http://www.dhammadownload.com



သုဒိန္နော၊ သည်။ တကြွတ်ိသံဝေသာလိယံ၊ ထိုဝေသာလီမြည်၌။ မဟာဝနေ၊ ၌။ ကူဋာဂါရသာလာယံ၊ စုလစ်မွန်းချွန်တပ်သော ဇရပ်ကျောင်း၌။ ဝိဟရတိ၊ နေ၏။(သုဓံကား အနက်မရှိ နိပါတ်မျှသာ)။ ။အာယသ္မတော သုဒိန္နဿ၊ အရှင်သုဒိန်၏။ ဉာတကာ၊ တို့သည်။ ကလန္ဒပုတ္တော၊ သော။ သုဒိန္နော၊ သည်။ ဝေသာလိံ၊ သို့။ အနုပတ္တောကိရ၊ အစဉ်ရောက်သတတ်။ ဣတိ၊ သို့။ အဿော သုံခေါ၊ကြားကုန်သည်သာလျှင်တည်း။ တေ၊ ထိုဆွေမျိုးတို့သည်။ အာယသ္မတောသုဒိန္နဿ၊ အား။ ဝါ၊ ၏။ အတ္ထာယ၊ အကျိုးငှာ။ (ထည့်၊ သဋ္ဌိမတ္တေ၊ ခြောက်ဆယ် အတိုင်းအရှည် ရှိကုန်သော။ ထာလိပါကေ၊ တစ်လုံးဆယ်ယောက်မျှ လောက်သော ဆွမ်းချက်အိုးတို့ကို။ ဘတ္တာဘိဟာရံ၊ ရှေးရှု ဆောင်အပ်သော ဆွမ်းကို။ အဘိဟရိံသု၊ သုဒိန်တူရူ ဆောင်ယူခဲ့ကုန်၏။ အထခေါ၊ ၌။ အာယသ္မာသုဒိန္နော၊ သည်။ သဋ္ဌိမတ္တေ၊ ကုန်သော။ တေထာလိပါကေ။ ထိုဆွမ်းချက်အိုးတို့ကို။ ဘိက္ခူနံ၊ ခြောက်ရာသောရဟန်းတို့အား။ ဝိဿဇ္ဇေတွာ၊ စွန့်၍။ သယံ၊ မိမိသည်။ (ထည့်)။ ပုဗ္ဗဏှသမယံ၊ ၌။ နိဝါသေတွာ၊ ၍။ ပတ္တစီဝရံ။ ကို။ အာဒါယ၊ ၍၊ ကလန္ဒဂါမံ၊ မိဘနေရာ ကလန္ဒရွာသို့။ ပိဏ္ဍာယ၊ ငှါ။ ပါဝိသိ၊ ဝင်၏။ ကလန္ဒဂါမေ၊ ၌။ သပဒါနံ၊ အိမ်စဉ်အတိုင်း။ ပိဏ္ဍာယ၊ ငှာ။ စရမာနော၊ သွားသည်ရှိသော်။ ယေန၊ ၌။ သကပိတု၊ မိမိ ချစ်ကြင် မွေးဘခင်၏။ နိဝေသနံ၊ သည်။ ဋ္ဌိတံ၊ တည်၏။ (ထည့်)။ တေန၊ သို့။ ဥပသင်္ကမိ၊ ၏။

၃၁။ (ယေနသမယေန ဥပသင်္ကမိ။ ထည့်)။ ။တေနခေါပန သမယေန၊ ၌။ အာယသ္မတောသုဒိန္နဿ၊ ၏။ ဉာတိဒါသီ၊ ဆွေမျိုးတို့၏ကျွန်မသည်။ အာဘိဒေါသိကံ၊ ညဉ့်ဦးယံ၌ဖြစ်သော။ ဝါ၊ ပုပ်သိုးခြင်းအဖြစ်ဖြင့် နှိပ်စက်အပ်သော၊ ကုမ္မာသံ၊ မုယောဟူသော ကုမ္မာသကို။ ဆဍ္ဍေတုကာမာ၊ မငဲ့မတွယ်စွန့်ပယ်လိုသည်။ ဟောတိ၊ ၏။ အထခေါ၊ ၌။ အာယသ္မာသုဒိန္နော၊ သည်။ တံဉာတိဒါသိံ၊ ထိုဆွေမျိုးတို့၏ ကျွန်မကို။ ဧတံဝစနံ၊ ကို။ အဝေါစ၊ ၏။ ဘဂိနိ၊

http://www.dhammadownload.com



နှမ။တော်၊ဤ၀တ္ထုသည်။ဆဒ္ဒနိယမဖွဲ့၊မင်္ဂမဟွယ်စွန့်ပယ်အပ်သော သဘောရှိသည်။သစေ ဟောတိ၊ အံ့၊ဝေံသတိ၊သော်။ (ထည့်)။ မေ၊၏။ ဣမမတ္ထေ၊ ဤသပိတ်၌။ အာကိရ၊လောင်းလော့။ဣတိ၊ သို့။ အဝေါစ၊၏။(ပြန်)။အထခေါ၊၌။အာယသ္မတောသုဒိန္နဿ၊ ၏။ဉာတိဒါသီ၊ သည်။ အာဘိဒေါသိကံ၊ သော။ တံကုမ္မာသံ၊ ထိုမုယောဟူသော ကုမ္မာသကို။ အာယသ္မတော သုဒိန္နဿ၊ ၏။ ပတ္တေ၊ ၌။ အာကိရန္တီ။ မဖိတ်မစောင်း လောင်းသည် ဖြစ်၍။ ဟတ္ထာနဉ္စ၊ကိုယ်ရုံပြင်ဘက်ထွက်သောလက်တို့၏ လည်းကောင်း။ ပါဒါနဉ္စ၊ သင်းပိုင်ပြင်ဘက်ထွက်သော ခြေတို့၏လည်းကောင်း။ သရဿစ၊ လောင်းပါထည့်ပါ ဆိုသောအသံ၏လည်းကောင်း။ နိမိတ္တံ၊အမှတ်ကို။အဂ္ဂဟေသိ၊ယူပြီ။အထခေါ၊၌။ အာယသ္မတော သုဒိန္နဿ၊၏။ ဉာတိဒါသီ၊သည်။ ယေန၊ ၌။အာယသ္မတော သု-ဒိန္နဿ၊၏။ မာတာ၊ သည်။ အတ္ထိ၊၏။ (ဘည့်)။ ။တေန၊ သို့။ ဥပသင်္ကမိ၊ ၏။ဥပသင်္ကမိတွာ၊၍။ အာယသ္မတော သုဒိန္နဿ၊၏။ မာတရံ၊ ကို။ ဧတံဝစနံ၊ ကို။ အဝေါစ၊ ၏။ အယျေ၊အရှင်မ။ ယဂ္ဃေအာရောစာမိ၊ အကျွန်ုပ်ကြား၏။ ဇာနေယျာသိ၊ သိလေလော့။ အယျပုတ္တော၊ အရှင့်သား ဖြစ်တော်မူသော။ သုဒိန္နော၊ သည်။ အနုပ္ပတ္တော၊အစဉ်ရောက်လာ၏။ ဣတိ၊သို့။ အဝေါစ၊၏။ (ပြန်)။ ဇေ၊ ကျွန်မ။တို့၊သည်။ သစ္စံ၊ မှန်သောစကားကို။ သစေဘဏာသိ၊အကယ်၍ဆိုငြားအံ့။ ဝေံသတိ၊ သော်။(ထည့်)။တံ၊ကို။ အဒါသိံ၊ ကျွန်မမဟုတ်သည်ကို။ ကရောမိ၊ ပြုအံ့။ ဣတိ၊ ဤသို့။ အဝေါစ၊ ၏။ (သမ္ဗန်)။

အမှာ ယေနသမယေန အာယသ္မတော သုဒိန္နဿပိတာ၊ ကမ္မန္တာအာဂစ္ဆတိ၊ အနိယမ ထည့်သည်။ ဤသို့ နိယမရှိလျှင် အနိယမကို ရှေ့နောက်ချင့်၍ သင့်အောင် ထည့်ရမည်ဟုမိန့်သော အဋ္ဌကထာ အတိုင်းထည့်သည်။ အနက်ကား—

* ယေနသမယေန၊၌။ အာယသ္မတော သုဒိန္နဿ၊၏။ ပိတာ၊ သည်။ ကမ္မန္တာ၊ အမှုလုပ်ရာမှ။ အာဂစ္ဆတိ၊ ၏။

http://www.dhammadownload.com



၃၂။ တေနခေါ ပန သမယေန၊ ၌ အာယသ္မာသုဒိန္နော၊ သည် အာဘိဒေါသိကံ၊ သော။ တံကုမ္မာသံ၊ ထိုမုဃော ကုမ္မာသကို။ အညှတရံ၊ အမှတ်မရှိသော။ ကုဋ္ဋမူလံ၊ ဆွမ်းစားစရပ်ဟုဆိုအပ်သောနံရံခြေကို။ နိဿာယ၊ ၍။ ပရိဘုဉ္ဇတိ၊ သုံးဆောင်၏။ အာယသ္မတောသုဒိန္နဿ၊ ၏။ ပိတာပိခေါ၊ အဘသည်လည်း။ ကမ္မန္တာ အမ္ဘာလုပ်ရာမှ။ အာဂစ္ဆန္တော၊ လာသည် ရှိသော်။ အာယသ္မန္တံ သုဒိန္နံ၊ ကို။ အာဘိဒေါသိကံ၊ သော။ ကုမ္မာသံ၊ ကို။ အညှတရံ၊ သော။ ကုဋ္ဋမူလံ၊ ကို။ နိဿာယ၊ ၍ ပရိဘုဉ္ဇန္တံ၊ သုံးဆောင်သည်ကို။ အဒ္ဒသ၊ မြင်လေ၏။ ဒိသွာန၊ မြင်ပြီး၍။ ယေန၊ ၌။ ပ။ အဝေါစ၊ ၏။ (အနက်ပေါ်၏)။ တာတသုဒိန္န၊ ချစ်သားသုဒိန်။ အတ္ထိနာမ၊ ငါတို့အား များစွာဥစ္စာရှိသည် မဟုတ်လော။ ဝါ၊ သင့်အား ရဟန်းတရား ထင်ရှားရှိဟန် ထင်၏။ အာဘိဒေါသိကံ၊ သော။ ကုမ္မာသံ၊ ကို။ ပရိဘုဉ္ဇိဿသိ နာမ၊ သုံးဆောင်ဘိ၏။

အမှာ — နာမသဒ္ဒါ ပုစ္ဆာအနက်, မညနအနက်ဟု အဋ္ဌကထာ၌ ဆို၏။ နာမာတိ ပုစ္ဆနတ္ထေ မညနတ္ထေစ နိပါတော။ (အဋ္ဌကထာ)။ ။ထို့ကြောင့် အတ္ထိနာမ–ကို ပုစ္ဆာအနက်,မညနအနက်ထင်အောင် နှစ်နည်းသမွန်သည်။ ။ယင်းသို့ နာမသဒ္ဒါသည် ပုစ္ဆာ အနက်, မညနအနက်ကို ထွန်းသော်လည်း ဂရဟာအနက်ကို မစွန့်သည်သာတည်း။ ထို့ကြောင့် ကြိယာနောင်လည်း ယှဉ်၍ သမွန်သည်။

* တာတသုဒိန္န၊ ဒိန်။ သကံ ဂေဟံ၊ မိမိအိမ်သို့။ နန၊ စင်စစ်။ ဂန္တုံ့နာမ၊ သွားအပ်သည်သာ မဟုတ်ပါသော။ (ဤနနုသဒ္ဒါကား ဧကံသအနက်၊ နာမသဒ္ဒါကား ပုစ္ဆာအနက်ပင်တည်း)။ ဇုတိ၊ သို့။ အဝေါစ၊ ၏။ (ပြန်)။ ။ဂဟပတိ၊ သူကြွယ်။ တေ၊ သင်၏။ ဂေဟံ၊ သို့။ အာဂမမှ ခေါ၊ ငါတို့ သွားကုန် ပြီးသည်သာ တည်း။ အာဘိ ဒေါသိကော၊ ယော။ အယံ ကုမ္မာသော၊ ဤ မုယောဟု ဆိုအပ်သော ကုမ္မာသကို။ တတော၊ ထိုသင်၏အိမ်မှ။ မယာ၊ သည်။ လဒ္ဓေါ၊ ရအပ်၏။(ထည့်)။ ဇုတိ၊ သို့၊ အဝေါစ၊ ၏။

http://www.dhammadownload.com



(သမ္ဗန်)အထခေါ၊၌။အာယသ္မတော သုဒိန္နဿ၊၏။ပိတာ၊သည်။ အာယသ္မတော သုဒိန္နဿ၊ ၏။ဝါ၊ ကို။ ဗာဟာယ၊ မောင်း၌။ ဂဟေတွာ၊ ကိုင်၍။ အာယသ္မန္တံ သုဒိန္နံ၊ ကို။ ဧတံဝစနံ၊ ကို။ အဝေါစ၊ ၏။ တာတသုဒိန္န၊ ဒိန်။ဟော၊ လာလှည့်။ဃရံ၊အိမ်သို့။ ဂမိဿာမ၊ ကုန်လအံ့။ ဣတိ၊ သို့။ အဝေါစ၊ ၏။(အထ ခေါ-မှစ၍ တေ ဒဝေါစ-တိုင် အနက် သိသာပြီ)။ ။တာတသုဒိန္န၊ သုဒိန်။ ဘုဉ္ဇ၊ စားလော့။ ဣတိ၊ ဤသို့။ အဝေါစ၊ ၏။ ဂဟပတိ၊ သူကြွယ်၊ အလံ၊ တန်ပြီ။ မေ- မယှာ၊ သည်။ အဇ္ဇ၊ ယနေ့။ ဘတ္တ ကိစ္စံ၊ ဆွမ်းစားခြင်းကိစ္စကို။ ကတံ၊ အပ်ပြီ။ ဣတိ၊ ဤသို့။ အဝေါစ၊ ၏။ တာတသုဒိန္န၊ ဒိန်။သွ္တနာယ။နက်ဖြန်သင့်အားဆွမ်းစားခြင်း အကျိုးငှာ။ ဘတ္တံ၊ ကို။ အဓိဝါသေဟိ၊ သာယာဦးလော့။ ဣတိ၊ သို့။ အဝေါစ၊ ၏။ (သမ္ဗန်)။ အာယသ္မာသုဒိန္နော၊သည်၊ တုဏှီဘာဝေန၊ ဖြင့်။ အဓိဝါသေတိ၊၏။ အသခေါ၊ ၌။ပ။ပက္ကမိ၊ ၏၊ (ထင်၏)။

၃၃။ အထခေါ၊၌။ အာယသ္မတော သုဒိန္နဿ၊ ၏။မာတာ၊ သည်။ တဿာ ရတ္တိယာ၊၏။ အစ္စယေန၊ ဖြင့်၊ ဟရိတေန၊ စိမ်းစို ဂေါမယေန၊ နွားချေးဖြင့်။ ပထဝိံ၊ ကို။ ဩပုဉ္ဆာပေတွာ၊ လိမ်းကျံစေ၍၊ ဟိရညဿ၊ အသပြာ၏။ (ကော—၌ သဉ္ဇာ ပဓာန၊ သမ္ဗန်စပ်)။ ဝါ။ အသပြာဖြင့်။ (ကာရာပေသိ—၌ ကာရိတ်းစပ်)။ ကော၊ တစ်ပုံကို၊ သုဝဏ္ဏဿ၊ ရွှေ၏။ဝါ၊ဖြင့်။ကော၊တစ်ပုံကို၊ဣတိ၊ သို့။ ဒွေပုဉ္ဇေ၊နှစ်ပုံတို့ကို။ ကာရာပေသိ၊ စေ၏။ တာဝ အတိဝိယ၊ အလွန်လျှင်။ မဟန္တာ၊ ကြီးကုန်သော။ ပုဉ္ဇာ၊ အပုံ တို့သည်။ အဟေသုံ၊ ကုန်ပြီ။ ဩရတော၊ ဤမှာဘက်မှ။ ဌိတော၊ရပ်သော။ ပုရိသော၊ ယောကျ်ားသည်။ ပါရတော၊ ထိုမှာဘက်မှ၌။ ဌိတံ၊ ရပ်သော။ ပုရိသံ၊ ယောကျ်ားကို။ နပဿတိ၊ မမြင်။ ပါရတော၊ မှ။ ၌။ဌိတော၊ သော။ ပုရိသော၊သည်။ ဩရတော၊မှ၌။ ဌိတံ၊ သော။ပုရိသံ၊ ကို။နပဿတိ၊ မမြင်။တေပုဉ္ဇေ၊ ထိုငွေပုံရွှေပုံတို့ကို ကိလဉ္ဇေဟိ၊ ဖျာရိုင်တို့ ဖြင့်။ပဋိစ္ဆာဒါပေတွာ၊ ဖုံးကွယ်စေ၍၊

http://www.dhammadownload.com



မဇ္ဈေ၊ ငွေပုံရွှေပုံတို့၏အလယ်၌။ အာသနံ၊ နေရာကို။ ပညာပေတွာ၊ ခင်း၍။ တိရောကရဏီယံ၊ တင်းတိမ်ကန့်လန့်ကာဖြင့်။ ဝါ၊ ကို။ ပရိက္ခိပိတွာ၊ ထက်ဝန်းကျင်ကာရံ၍၊ အာယသ္မတော သုဒိန္နဿ၊ ၏။ ပုရာဏဒုတိယိကံ၊ မယားဟောင်းကို။ အာမန္တေသိ၊ ဆို၏။ ကိံ အာမန္တေသိ၊ နည်း။ ဝဓု၊ ချွေးမ။ တေနဟိ၊ ငါတိုက်တွန်း၏။ (တေနဟိ–ကား ဥယျောဇနတ္ထနိပါတ်ပုဒ်၊ တနည်းကား) တေန၊ ထိုသုဒိန်လာလတ္တံ့သောအကြောင်းကြောင့်။ (ဟိ-ကားအနက်မရှိ နိပါတ်မျှသာ)။ ယေန အလင်္ကာရေန၊ အကြင်တန်းဆာဖြင့်။ အလင်္ကတာ၊ တန်းဆာဆင်အပ်သည်ရှိသော်။ မေ၊ ၏။ ပုတ္တဿ၊ သော။ သုဒိန္နဿ၊ သည်။ ပိယာ။ ချစ်အပ်သည်။ မနာပါ နှစ်သက်အပ်သည်။ အဟောသိ၊ ပြီ။ တေန အလင်္ကာရေန၊ ဖြင့်။ အလင်္ကရ၊ လှပရုပ်သွင် တန်းဆာဆင်လော့။ ဣတိ၊ သို့။ အာမန္တေသိ၊ ၏။ (ပြန်)။ အယျေ၊ အရှင်မ။ ဧဝံ၊ အေး ကောင်းပြီ။ ဣတိခေါ၊ လျှင်။ အာယသ္မတော သုဒိန္နဿ၊ ၏။ ပုရာဏဒုတိယိကာ၊ သည်။ အာယသ္မတော သုဒိန္နဿ၊ ၏။ မာတုယာ၊ ၏။ ဝစနံ၊ ကို။ ပစ္စဿောသိ၊ ဝန်ခံ၏။

၃၄။ (အထခေါ–မှစ၍ နိသိဒိ-တိုင်အောင် အနက်ပေါ်ပြီ)။ အထခေါ၊ ၌။ အာယသ္မတော သုဒိန္နဿ၊ ၏။ ပိတာ၊ သည်။ ယေန၊ ၌ ။ ပ။ ဥပသင်္ကမိတွာ၊ ၍။ ဒွေ ပုဉ္ဇေ၊ ထိုရွှေပုံငွေပုံတို့ကို။ ဝိဝရာပေတွာ၊ ဖွင့်လှစ်စေ၍။ အာယသ္မန္တံ သုဒိန္နံ၊ ကို။ ဧတံ ဝစနံ၊ ကို။ အဝေါစ၊ ၏။ ကိံ အဝေါစ၊ နည်း။ တာတ သုဒိန္န၊ ဒိန်။ ဣဒံ ဓနံ၊ ဤဥစ္စာသည်။ တေ၊ သင်ချစ်သား၏။ မာတု၊ မွေးမိခင်၏။ မတ္တိကံ၊ အမိမှလာသောဥစ္စာတည်း။ ဣတ္ထိကာယ၊ ယောကျ်ား အောက်ယုတ်နိမ့်သော မိန်းမ၏။ ဣတ္ထိဓနံ၊ မိန်းမ၏ဥစ္စာတည်း။ အညံ၊ တစ်ပါးသော။ ပေတ္တိကံ၊ အဘမြတ်စွာ ငါမှလာသော ဥစ္စာ၊ သည်။ အတ္ထိ၊ တိုက်တွင်လှောင်ထားအခြားရှိသေး၏။ အညံ ဤမှတပါးသော။ ပိတာမဟံ၊ မောင်ဘေးမောင့်ဘိုးတို့မှလာသော ဥစ္စာသည်။ အတ္ထိ၊ မြေဝယ်မြှုပ်ထား အခြားရှိသေး၏။ (ထည့်)။

http://www.dhammadownload.com



၉၉။ **နာဝါနာမ၊ကား။** ယာယ၊ အကြင်လှေဖြင့်။ တရတိ၊ ကမ်းတဖက်သို့ ကူး၏။သာ၊ ထိုလှေသည်။ နာဝါနာမ၊ မည်၏။ (သမ္ဗန်)။နာဝဋ္ဌံနာမ၊ ကား။ ဘဏ္ဍံ၊ ကို။ နာဝါယ၊၌။ နိက္ခိတ္တံ၊ သည်။ ဟောတိ၊၏။ ။ဗန္ဓနံ၊ လှေဖွဲ့ကြိုးကို။မောစေတိ၊ဖြေစေ၏။ ။ဥဒ္ဓံ၊ အထက်အညာသို့။ အဓော၊ အောက်အကြေသို့။ တိရိယံ၊ ဖီလာသို့သည်းကောင်း။ပ။သင်္ကာမေတိ၊ ရွှေ့စေ၏။ (အကြွင်းထင်ပြီ)။ ။နာဝဌ္ဌပြီး၏၊

၁၀၀၊ ယာနံနာမ၊ ကား။ ဝယှံ၊ပေါင်းချုပ်။ရထော၊ရထား။ သကဋံ၊ လှည်း။ သန္ဒမာနိကာ၊ သံလျှဉ်း။ ။(အကြွင်းသိပ္ပမ်းနိုင်လောက်ပြီ)။ ။ယာနဌ္ဌပြီး၏။

၁၀၁။ ဘာရောနာမ၊ ကား၊ သီသဘာရော၊ ဦးခေါင်းဝန်။ ခန္ဓဘာရော၊ ပခုံးဝန်။ ကဋိဘာရော၊ ခါးဝန်။ ဩလမ္ဗကော၊ လက်ဆွဲဝန်။ ။(အကြွင်းအနက်မခက်ပြီ)။ ။ဘာရဋ္ဌပြီး၏။

၁၀၂။ အာရာမောနာမ၊ သည်ကား။ ပုပ္ဖါရာမော၊ ပန်းအရံ။ ဖလာရာမော၊ သစ်သီးအရံ။ အာရာမဋ္ဌံနာမ၊ ကား။ ဘဏ္ဍ၊ ကို။ အာရာမေ၊ ၌။စတူဟိဌာနေဟိ၊ လေးဌာနတို့ဖြင့်။နိက္ခိတ္တံ၊သည် ဟောတိ၊၏။ ဘူမဋ္ဌံ၊ မြေ၌တည်သော ဥစ္စာ။ ထလဋ္ဌံ၊ ဥစ္စာ။ အာကာသဋ္ဌံ၊ ဥစ္စာ။ ဝေဟာသဋ္ဌံ၊ ဥစ္စာ။ ။ပ။ တတ္ထဇာတကံ၊ ထိုအရံ၌ ပေါက်ရောက်သော။ မူလံ၊ အမြစ်ကို။ တစံ၊ အခေါက်အခွံကို။ ပတ္တံ၊အရွက်ကို။ ပုပ္ဖံ၊ ကိုလည်းကောင်း။

http://www.dhammadownload.com



ဖလံဝါ၊ အသီးကိုလည်းကောင်း။ပ။ အာရာမံ၊ ကို။ အဘိယုဉ္ဇတိ၊ တရားဆင်၏။ ။သာမိကဿ၊အရှင်၏။ ဝိမတိံ၊ရအံ့လောမရအံ့ လောဟု တွေးတောယုံမှားခြင်းကို။ ဥပ္ပါဒေတိ၊ စေ၏။ ။သာမိကော၊ သည်။ မယှံ၊ အား။ နဘဝိဿတိ၊ လတ္တံ့။ ဣတိ၊သို့။ဓုရံ၊ ဝန်ကို။နိက္ခိပတိ၊ ချ၏။ ။ဓမ္မံစရန္တော၊ တရားဆင်သည်ရှိသော်။ သာမိကံ၊ ကို။ ပရာဇေတိ၊ ရှုံးစေ၏။ ။ဓမ္မံစရန္တော၊ သော်။ ပရဇ္ဇတိ၊မိမိရှုံး၏။(အကြွင်းထင်သည်ချည်း)။ ။အာရာမဋ္ဌပြီး၏

၁၀၃။ (ဝိဟာရဋ္ဌလည်းပေါ်ပြီ)။

၁၀၄။ ခေတ္တံနာမ ကား၊ယတ္ထဋ္ဌာနေ၊ ၌။ပုဗ္ဗဏ္ဏံဝါ၊ကောက် သည်။ အပရဏ္ဏံဝါ၊သည်။ ဇာယတိ၊ ၏။ တံဋ္ဌာနံ၊ သည်။ခေတ္တံ နာမ၊ မည်၏။ (သမ္ဗန်)။ ။ခိလံဝါ၊ သစ်ငုတ်တံသင်းကို လည်း ကောင်း။ ရဇ္ဇုံဝါ၊ ကို။ ဝတိံဝါ၊ စောင်းရန်းကို။ မရိယာဒံဝါ၊ လယ်ကံသင်းကို လည်းကောင်း။ သင်္ကာမေတိ၊ ရွှေ့၏။ ။တော် ပယောဂံ၊ တကြိမ်သောလုံ့လသို့။ အနာဂတော၊ မရောက်မီ။ ။ တသ္မိံပယောဂေ၊ ထိုတကြိမ်သောလုံ့လသို့။ အာဂတော၊ သော်။ (ကြွင်းသမျှ သိသာသည်ချည်း)။ ။ခေတ္တဋ္ဌပြီး၏။

၁၀၅။ ဝတ္ထုနာမ၊ကား။အာရာမဝတ္ထု၊အရံရာ။ ဝိဟာရဝတ္ထု၊ ကျောင်းရာ။ ။(အကြွင်းပေါ်ပြီ)။ ။ဝတ္ထုဋ္ဌပြီး၏။

၁၀၆။ (ဂါမဋ္ဌလည်းပေါ်ပြီ)။

၁၀၇။ အရညံနာမ၊ကား။ယံဝနံ၊အကြင်တောသည်။မနုဿာ နံ၊လူတို့၏။ ပရိဂ္ဂဟိတံ၊ သိမ်းဆည်းအပ်သော။ အရညံ၊သည်။ ဟောတိ၊ ၏။ တံ ဝနံ၊ ထိုတောသည်။ အရညံနာမ၊ မည်၏။ (သမ္ဗန်)။တတ္ထဇာတကံ၊ ထိုတော၌ဖြစ်သော၊ ကဋ္ဌံဝါ၊သစ်ကို။ လတံဝါ၊ နွယ်ကို။ တိဏံဝါ၊ မြက်ကိုလည်းကောင်း။ (ကြွင်းသမျှ သိသာလှသည်ချည်း)။ ။အရညဋ္ဌပြီး၏။

၁၀၈။ ဥဒကံနာမ၊ကား။ ဘာဇနဂတံဝါ၊အိုးခွက်၌တည်သည် လည်း။ဟောတိ၊၏။ ပေါက္ခရဏိယာဝါ။ ထေးထောင့်ကန်၌။ တဠာကေဝါ၊ တဘက်ဆည်ကန်၌။ ဂတံ။ တည်သည်။ ဟောတိ၊

http://www.dhammadownload.com



၏။ ။အတ္တနော၊ ၏။ ဘာဇနံ၊ အိုးခွက်ကို။ ပဝေသေတွာ၊ သွင်း၍။ ။မရိယာဒံ၊ ကန်ပေါင်ရိုးကို။ ဘိန္ဒတို့၊ ချိုး၏။ ။အတိရေကမာသကံဝါ၊ တပဲထက်အလွန်။ ဦနပဉ္စမာသကံဝါ၊ ငါးပဲအောက်အယုတ်။ အဿနကံ၊ သော။ ဥဒကံ၊ ကို။ နိက္ခာမေတိ။ ထွက်စေ၏။ ။မာသကံဝါ၊ တပဲ။ ဦနမာသကံဝါ၊ တပဲအောက်အယုတ်ကိုလည်းကောင်း။ ။(အကြွင်းပေါ်ပြီ)။ ။ဥဒကပြီး၏။

၁၀၉။ ဒန္တပေါဏနာမ၊ ကား။ ဆိန္နံဝါ၊ ဖြတ်ပြီးသောဒန်ပူကို။ အစ္ဆိန္နံဝါ၊ မဖြတ်သေးသော ဒန်ပူကိုလည်းကောင်း။ ။(အကြွင်းသိသာပြီ)။ ။ဒန္တပေါဏပြီး၏။

၁၁၀။ ဝနပ္ပတိနာမ၊ ကား။ ယောရုက္ခော၊ သည်။ မနုဿာနံ၊ တို့၏။ ပရိဂ္ဂဟိတော၊ သိမ်းဆည်းအပ်သော။ ပရိဘောဂေါ၊ သုံးဆောင်အပ်သော။ ရုက္ခော၊ သည်။ ဟောတိ၊ ၏။ သောရုက္ခော သည်။ ဝနပ္ပတိနာမ၊ မည်၏။ (သမ္ဗန္ဓ်)။ ။အနာဂတေ မရောက်မီ။ ။တသ္မိံ ပဟာရေ၊ ထိုတကြိမ် ဖြတ်ခြင်းသို့။ ။(အကြွင်းထင်ပြီ)။ ။ဝနပ္ပတိ ပြီး၏။

၁၁၁။ ဟရဏကံနာမ၊ ကား။ အညဿ၊ သူတပါး၏။ ဟရဏကံဘဏ္ဍံ၊ ဆောင်သွားသော ဥစ္စာကို။ ။သဟဘဏ္ဍဟာရကံ၊ ဥစ္စာနှင့်တကွ ဆောင်သောလူကို။ ‘ပဒသာ၊ ခြေဖြင့်’။ နေဿာမိ၊ ဆောင်လအံ့။ ဣတိ၊ ဤသို့။ ပဌမံ၊ ရှေးဦးစွာသော။ ပါဒံ၊ ကို။ သင်္ကာမေတိ၊ ရွေ့စေ၏။ ။ဒုတိယံ၊ သော။ ပါဒံ၊ ကို။ ။ပတိတံ ကျသော။ ဘဏ္ဍံ၊ ကို။ ဂဟေဿာမိ၊ ယူအံ့။ ဣတိ၊ သို့။ ပါတာပေတိ ချစေ၏။ ။(အကြွင်းထင်ပြီ)။ ။ဟရဏကပြီး၏။

၁၁၂။ ဥပနိဓိနာမ၊ ကား။ ဥပနိက္ခိတ္တံ၊ အပ်နှံ၍ထားအပ်သော ဘဏ္ဍံ၊ တည်း။ မွေ၊ ၏။ ဘဏ္ဍံ ကို။ ဒေဟိ၊ ပေး။ ဣတိ၊ သို့။ ဝုစ္စမာနော၊ ဆိုအပ်သည်ရှိသော်။ အဟံ၊ သည်။ နဂဏှာမိ၊ မယူ။ ဣတိ။ သို့။ ဘဏတိ။ ၏။ ။(အကြွင်းထင်ပြီ)။ ။ဥပနိဓိပြီး၏။

၁၁၃။ သုင်္ကဃာတံနာမ၊ ကား။ ပဗ္ဗတခဏ္ဍေဝါ၊ တောင်ဖြတ်၌။ နဒီတိတ္ထေဝါ၊ မြစ်ဆိပ်၌။ ဂါမဒွါရေ ဝါ၊ ရွာတံခါး၌

http://www.dhammadownload.com



အတြေ၊ ဤအရပ်သို့။ ပဝိဋ္ဌော၊ ဝင်သောသူအား။ သုက်ံ၊ အခွန်ကို။ ဂဏှန္တု၊ ယူကုန်လော။ ဇူတိ၊ သို့။ ရညာ၊ မင်းသည်။ ဌပိတံ၊ ထားအပ်သည်။ ဟောတိ၊ ၏။ တတြ၊ ထိုကင်းထားရာ အရပ်သို့။ ပဝိသိတွာ၊ ၍။ ရာဇဂ္ဂံ၊ မင်း၏ အစုအဖို့ဖြစ်သော။ ဝါ၊ မင်းအားထိုက်သော။ ဘဏ္ဍံ၊ ကို ။ပ။ ပဉ္စမံပါဒံ၊ ရှေးဦးစွာသော ဖဝါးလှမ်းကို။ သုက်ဃာတံ၊ ကင်းထားရာအရပ်ကို။ အတိက္ကာမေတိ၊ စေ၏။ပ။အန္တောသုက်ဃာတေ၊ ကင်းထားရာအရပ်၏အတွင်း၌။ ဌိတော၊ တည်လျက်။ ဗဟိသုက်ဃာတံ၊ ကင်းထားရာ အရပ်၏ အပသို့။ ပါတေတိ၊ ကျစေ၏ ။ပ။ သုက်ံ၊ ကင်းခွန်ကို။ ပရိဟာရတိ၊ ရှောင်လွှဲ၏။ (အကြွင်းထင်ပြီ)။ ။သုက်ဃာတ ပြီး၏။

၁၁၄။ ပါဏောနာမ၊ ကား။ မနုဿပါဏော၊ လူသတ္တဝါကို။ ဝုစ္စတိ၊ ၏။ (အကြွင်းသိသာ၏)။ ပါဏ ပြီး၏။

အပဒံနာမ၊ ကား။ အဟိမစ္ဆာ၊ မြွေငါးတို့တည်း။ (အကြွင်း ပေါ်၏။ ။အပဒ ပြီး၏။

၁၁၅။ ဒွိပဒံနာမ၊ ကား။ မနုဿာ၊ တို့သည်။ ပက္ခိဇာတာ၊ ငှက်တို့သည်။ ဒွိပဒံနာမ၊ မည်၏။ (သမ္ဗန်၊ အကြွင်းထင်၏)။ ။ ဒွိပဒ ပြီး ၏။

၁၁၆။ စတုပ္ပဒံနာမ၊ကား။ဟတ္ထီ၊တို့သည်။အဿာ၊ တို့သည်။ ဩဋ္ဌာ၊ ကုလားအုဋ်တို့သည်။ ဂြဘာ၊ မြည်းတို့သည်။ ပသုကာ၊ ဆိုအပ်သည့်မှ ကြွင်းသော အခြေလေးချောင်း သားအပေါင်းတို့သည်။ စတုပ္ပဒံနာမ၊ မည်၏။ (သမ္ဗန်၊ အကြွင်းထင်၏။ ။ စတုပ္ပဒ ပြီး၏။

၁၁၇။ ဗဟုပ္ပဒံနာမ၊ ကား။ ဝိစ္ဆိကာ၊ ကင်းပုစွန်တို့သည်။ သတပဒီ၊ ကင်းခြေများတို့သည်။ ဥစ္စာလိင်္ဂပါဏကာ၊ ဥစ္စာလိင်္ဂမည်သောပိုးတို့သည်။ ဗဟုပ္ပဒံနာမ၊ မည်၏။ (သမ္ဗန်၊ အကြွင်း ပေါ်၏)။ ။ဗဟုပ္ပဒ ပြီး၏။

၁၁၈။ ဩစရကောနာမ၊ ကား။ဋ္ဌတ္တန္တ္တာမံ၊ ဤအမည်ရှိသော ဘဏ္ဍံ၊ ကို။ အဝဟရ၊ ခိုးလေလော့။ ဇူတိ၊ သို့။ ဘဏ္ဍံ၊ ကို

http://www.dhammadownload.com



ဩဿဇ္ဇရိတွာ၊ မုတ်၍။ အာဝိက္ခတိ၊ ကြား၏။ ။သော၊ ထိုကြားအပ်သောသူသည်။ တံဘဏ္ဍံ၊ ထိုမှာအပ်သောဥစ္စာကို။ အဝဟရတိ၊ ၏။ ဥဘိန္နံ၊ ကြားတတ်ကြားအပ်သော နှစ်ယောက်သောရဟန်းတို့အား။ ပါရာဇိကဿ၊ သို့။ အာပတ္တိ၊ ခြင်းသည်။ ဟောတိ၊ ၏။ ဩဿဇ္ဇရက ပြီး၏။

ဩဏိရက္ခောနာမ၊ ကား။ အာဟဋ္ဋံ၊ ဆောင်အပ်ခဲ့သော။ ဘဏ္ဍံ၊ ကို။ ဂေါပေန္တော၊ စောင့်ထိန်းသော သူသည်။ ဩဏိရက္ခောနာမ၊ မည်၏။ (သမ္ဗန္ဓ)။ အာဟဋ္ဋံ၊ သော။ ဘဏ္ဍံ၊ ကို။ ဂေါပေန္တော၊ သည်။ (ထပ်၍သမ္ဗန်၊ အကြွင်းထင်၏)။ ။ ဩဏိရက္ခ ပြီး၏။

သံဝိဓာဝဟာရောနာမ၊ ကား။ သမ္ဗဟုလာ၊ များစွာကုန်သော ရဟန်းတို့သည်။ သံဝိဒဟိတွာ၊ တိုင်ပင် ညီညွတ်၍။ ဧကော၊ တယောက်သော ရဟန်းသည်။ ဘဏ္ဍံ၊ ကို။ အဝဟရသိ၊ ၏။ သဗ္ဗေသံ၊ အလုံးစုံသောရဟန်းတို့အား။ ပါရာဇိကဿ၊ သို့။ အာပတ္တိ၊ ခြင်းသည်။ ဟောတိ၊ ၏။

သံဝိဓာဝဟာရ ပြီး၏။

**အမှာ** သံဝိဓာဝဟာရ–၌ ဝိဒဟိတွာ အာဟရတိဟူသော ဝါကျဖြင့် သံဝိဓာယ အဝဟရတိကို သံဝိဓာဝဟာရော-ဟူသော ဝစနတ္ထကိုပြသည်။ ဥပါဒါရူပံ ဟူသော သမာသ်ကဲ့သို့ ယ–ကျေသည်။ ထို့ကြောင့် စတုတ္ထက္ခရာနှင့် သင့်သည်။ သံဝိဒဟိတွာ-ဟူသော ပါဌ်ဖြင့် သံ–ပုဗ္ဗ ဝိ–ပုဗ္ဗ ဓာ–ဓာတ်ကို ပြသည်။

၁၁၉။ သင်္ကေတကမ္မံနာမ၊ ကား။ ပုရေဘတ္တံဝါ၊ နံနက်အခါ၌။ ပစ္ဆာဘတ္တံဝါ၊ နေလွှဲအခါ၌။ ရတ္တိံဝါ၊ ၌။ ဒိဝါဝါ၊ ၌။ တေန သင်္ကေတေန၊ ထိုကာလ အချိန်းအချက်ဖြင့်။ တံဘဏ္ဍံ၊ ကို။ အဝဟရ၊ ခိုးလေလော့။ ဣတိ၊ သို့။ သင်္ကေတံ၊ ကာလအချိန်းအချက်ကို။ ကရောတိ၊ ၏။ ။တေနသင်္ကေတေန၊ ဖြင့်။ တံဘဏ္ဍံ၊ ကို။ အဝဟရတိ၊ ၏။ ဥဘိန္နံ၊ တို့အား။ ။တံသင်္ကေတံ၊ ထိုအချိန်း

http://www.dhammadownload.com



အချက်မှ၊ ဝါ၊ ၏။ (ပြိနိသဂ္ဂဏ္ဍသာမျဏ္ဍ ဥပယောဂ ဝိဘတ်ကို ဝိရုင်း)။ ပုရေဝါ၊ ၌။ ပစ္ဆာဝါ၊ ၌လည်းကောင်း။ တံဘဏ္ဍံ၊ ကို။ အဝဟရိ၊ ၏။ မူလဋ္ဌဿ၊ အရင်း၌ တည်သော ရဟန်းအား။ အနာပတ္တိ၊ အာပတ်မသင့်။ အဝဟာရကဿ၊ ခိုးတတ်သော ရဟန်းအား။ ပါရာဇိကဿ၊ ပါရာဇိကဖြင့်။ အာပတ္တိ၊ သင့်၏။ ။ သင်္ကေတကမ္မပြီး၏။

၁၂၀။ နိမိတ္တကမ္မံနာမ၊ ကား။ အက္ခိံ ဝါ၊ မျက်စိကိုလည်း။ နိခဏိဿာမိ၊ မှိတ်ယအံ့။ ဘမုကံ ဝါ၊ မျက်မှောက်ကိုလည်း။ ဥက္ခိပိဿာမိ၊ ချီလအံ့။ သီသံ ဝါ၊ ကိုလည်း။ ဥက္ခိပိဿာမိ၊ လအံ့။ တေန နိမိတ္တေန၊ ထိုအမှတ်ဖြင့်။ တံဘဏ္ဍံ၊ ကို။ အဝဟရ၊ လေလော့။ ဣတိ၊ သို့။ နိမိတ္တံ၊ ကို။ ကရောတိ၊ ၏။ ။ တံနိမိတ္တံ၊ ထိုအမှတ် ၏။ ဝါ၊ မှ။ ပုရေ ဝါ၊ ၌လည်းကောင်း။ ပစ္ဆာ ဝါ၊ ၌လည်း ကောင်း။ (အကြွင်းထင်ပြီ)။ ။ နိမိတ္တကမ္မပြီး၏။ ။ မာတိကာပုဒ် သုံးဆယ်၏ ပဒဘာဇနီပြီး၏။

၁၂၁။ ဘိက္ခု၊ သည်၊ ဘိက္ခုံ၊ ကို။ ဧတ္ထ နာမ်၊ ဤအမည်သော၊ ဘဏ္ဍံ၊ ကို။ အဝဟရ၊ လေလော့။ ဣတိ၊ ဤသို့။ အာဏာပေတိ ၏။ အာပတ္တိ ဒုက္ကဋဿ။ ။ သော၊ ထိုအာဏတ္တ ရဟန်းသည်။ တံမညမာနော၊ ထိုဥစ္စာဟုအမှတ်ရှိသည်ဖြစ်၍။ တံ ထိုဥစ္စာကိုပင် အဝဟရတိ၊ ၏။ ဥဘိန္နံ၊ နှစ်ယောက် ကုန်သော အာဏာပက အာဏတ္တ ရဟန်းတို့အား။ ပါရာဇိကဿ၊ သို့။ အာပတ္တိ၊ ခြင်း သည်။ ဟောတိ၊ ၏။ ။ (ကြွင်းသုံးဝါရသိသာပြီ) ။ ဧတ္ထ နာမ ဿ အား။ ပါဠိဒ၊ ဆိုခြေလော့။ ဧတ္ထနာမော၊ သည်။ ဧတ္ထနာမံ၊ သော။ ဘဏ္ဍံ၊ ကို။ အဝဟရတု၊ ခိုးလေလော့။ ဣတိ၊ ဤသို့။ ဧတ္ထနာမော၊ သည်။ ဧတ္ထနာမဿ၊ အား။ ပါဝဒတု။ ဆိုစေ သတည်း။ ။ (ပြပါဠိအသွားအလာကိုသဘောကျအောင် ကြံလေ။ သဘောမကျသော် များများရေးမူ များများပင် ရှုပ်ရာသည်။ ထို့ကြောင့် မရေးပြီ။ ထူးရာကိုသာ ဆိုပေအံ့)။ ပဋိဂ္ဂဏှာတိ၊ ကောင်းပြီဟု ဝန်ခံ၏။ ။ သော ဘိက္ခု၊ သည်။ ဂန္တွာ၊ ၍။ အယံ၊

http://www.dhammadownload.com



သည်။ တံဘဏ္ဍာ°၊ ကို။အဝဟရိတုံ၊ ၄၁။ နသက္ကောတိ၊ မတတ်နိုင်။ ဇုတိ၊ သို့။ ပုန၊ တဖန်။ ပစ္စာဂစ္ဆတိ၊ နောက်သို့ ပြန်လာ၏။ ။ သောဘိက္ခုုသည်။ အာဏာပေတွာ၊ ၍။ ဝိပ္ပဋိသာရီ၊ နှလုံး မသာယာသည်ဖြစ်လျက်။ မာအာဟရိမနိုးနှင့်တော့။ ဇုတိ၊သို့။ နသာဝေတိ၊ မကြား။ ။သောဘိက္ခု၊ သည်။ အဟံ၊ ငါ၊ကို။ တယာ၊ သည်။ အာဏတ္တော၊ စေခိုင်းအပ်၏။ ။သောဘိက္ခု၊ သည်။ သုဋ္ဌုတိ၊ ကောင်းလှပြီဟု။ ဩရမတိ၊ ခိုးခြင်းမှကြဉ်၏၊

၁၂၂။ ပဌမှတိ၊ ကုန်သော။ အာကာရေဟိ၊အကြောင်းတို့ဖြင့်။ အဒိန္နံ၊ ကို။ အာဒိယန္တဿ၊ အား။ ပါရာဇိကဿ၊ သို့။ အာပတ္တိ၊ ခြင်းသည်။ ဟောတိ၊၏။ ပရပရိဂ္ဂဟိတဉ္စ၊ သူတပါး သိမ်းဆည်း အပ်သော ဥစ္စာသည်လည်း။ ဟောတိ၊၏။ ပရပရိဂ္ဂဟိတသညီစ သူတပါး သိမ်းဆည်းအပ်သော ဥစ္စာဟု အမှတ်ရှိသည်သည်း။ ဟောတိ၊၏။ ဂရုကော၊ လေးသော။ ဝါ၊ လေးသော ပါရာဇိက အာပတ်ကို ဖြစ်စေတတ်သော။ ပဉ္စမာသကော၊ ငါးပဲထိုက် သည်လည်းဖြစ်သော။ အတိရေကပဉ္စမာသကောဝါ၊ ငါးပဲထက် အလွန် ထိုက်သည်လည်းဖြစ်သော။ပရိက္ခာရော၊ ပရိက္ခရာသည် လည်း။ ဟောတိ၊၏။ ထေယျစိတ္တံ၊ ခိုးလိုသောစိတ်သည်။ပစ္စုပဋ္ဌိ တဉ္စ၊ ရှေးရှုထင်သည်လည်း။ ဟောတိ၊ ၏။

၁၂၃–၁၂၄။ (ထုလ္လစ္စယဝါရ ဒုက္ကဋဝါရဉ္စ ထင်ပြီ)။

၁၂၅–၁၂၇။ (ဆဟာကာရေဟိ စသော နောက် သုံးဝါရ လည်း သိသာပြီ)။ (အထူးကား) နစ သကသညီ၊ မိမိဥစ္စာဟု အမှတ်မရှိသည်လည်း။ ဟောတိ၊ ၏။နစဝိဿာသဂ္ဂါဟီ၊အကျွမ်း မဝင်ပဲ ယူလေ့ရှိသည်လည်း။ ဟောတိ၊၏။ နစတာဝကာလိကံ၊ အခိုက်အတန့်ယူခြင်းမရှိသည်လည်း။ဟောတိ၊၏။ ။ (ဤမျှသာ ထူးသည်။

၁၂၈–၁၃၀။ (ပဉ္စဟာကာရေဟိ၊စသော ဒုက္ကဋသုံးဝါရဉ္စ လည်း ထင်ပြီ)၊ (အထူးကား) နစ ပရပရိဂ္ဂဟိတံ၊ သူတပါး

http://www.dhammadownload.com



သိမ်းဆည်းအပ်သော ဥစ္စာမဟုတ်သည်လည်း။ ဟောတိ၊ ၏။ (ဤရွေ့သာထုး၏။

၁၃၁။ သကသညိဿ၊ မိမိ ဥစ္စာဟု အမှတ်ရှိသော ရဟန်းအား။ အနာပတ္တိ၊ မသင့်။ ဝိဿာသဂ္ဂါဟေ၊ အကျွမ်းဝင်၍ ယူခြင်းကြောင့်။ တာဝကာလိကေ၊ အခိုက်အတန့်ယူခြင်းကြောင့်။ အနာပတ္တိ၊ မသင့်။ ပေတ ပရိဂ္ဂဟေ၊ ပြိတ္တာတို့၏ ဥစ္စာ၌။ တိရစ္ဆာနဂတပရိဂ္ဂဟေ၊ တိရစ္ဆာန်တို့၏ဥစ္စာ၌။ အနာပတ္တိ၊ မသင့်။ ပံသုကူလသညိဿ၊ ပံသုကူဟု အမှတ်ရှိသော ရဟန်းအား။ ဥမ္မတ္တကဿ၊ အား။ ခိတ္တစိတ္တဿ၊ အား။ ဝေဒနာဋ္ဋဿ၊ အား။ အာဒိကမ္မိကဿ၊ အား။ အနာပတ္တိ၊ မသင့်။ ဣတိ၊ ဤ သည်လျှင် သိက္ခာပုဒ်၏ ဝိအင်း အပြီးတည်း။

အဒိန္နာဒါနမှိ၊ အဒိန္နာဒါန် ပါရာဇိကာ၌။ ပဌမ ဘာဏဝါရ၊ တကြိမ် တခါ ရွေးဦးစွာ ရွတ်အပ်သော ဘာဏဝါရသည်။ နိဋ္ဌိတံ၊ ပြီးပြီ။

*

ရဇကေဟိ၊ ခဝါထုပ်တို့ဖြင့်။ပဋ္ဌ၊ ငါးဝတ္ထုတို့ကို။ အက္ခာတာ၊ ဟောတော်မူအပ်ကုန်၏။ အတ္ထရဏေဟိစ၊ အခင်းတို့ဖြင့်လည်း။ စတုရော၊ တို့ကို။အက္ခာတာ၊ အပ်ကုန်၏။ အန္ဓကာရေန၊ အမိုက်တိုက်ဖြင့်။ပဋ္ဌ၊ တို့ကို။ဝေ၊ စင်စစ်။ အက္ခာတာ၊ ကုန်၏။ ဟာရဏကေနစ၊ ဆောင်သော ဥစ္စာဖြင့်လည်း။ ပဋ္ဌ၊ တို့ကို။ အက္ခာတာ၊ ကုန်၏။ ။နိရုတ္တိယာ၊ ဝေါဟာရပဒာဖြင့်။ပဋ္ဌ၊တို့ကို။အက္ခာတာ၊ ကုန်၏။ ဝါတေဟိ၊ လေတို့ဖြင့်။ အပရေ၊ ထိုမှတပါးကုန်သော။ ဒွေ၊ တို့ကို။ အက္ခာတာ၊ ကုန်၏။ အသမ္ဘိန္နေ၊ မပျက်သော အကောင်၌။ ပံသုကူလဂ္ဂဟဏံ၊ ပံသုကူကောက်သော ဝတ္ထုကို။ (ထည့်)။အက္ခာတံ၊ အပ်၏။ကုသာဒပါတော၊ ကမ္ပည်းတံပြောင်းသော ဝတ္ထုကို။ အက္ခာတော။ အပ်၏။ ဇန္တာဃရေ၊ ဇန္တာဃရဝတ္ထုနှင့်။ သယ၊ ဘက္က။ ဒသ၊ ဆယ်ဝတ္ထုတို့ကို။ အက္ခာတာ၊ ကုန်၏။ ။

http://www.dhammadownload.com



(ဂါထာ၃လုံးအရ ဆယ်ဝတ္ထုကို ဆိုသည်)။ ။ပိဿာသေဟိ၊ စားကြွင်းတို့ဖြင့်။ ပဋ္ဌ၊ တို့ကို။ အက္ခာတာ၊ ကုန်၏။ ပဋ္ဌစေဝ၊ သာလျှင်ဖြစ်ကုန်သော။ အမူလကာ၊ အမူလက ဝတ္ထုတို့ကို။ အက္ခာတာ၊ ကုန်၏။ဒုဋ္ဌုလ္လေ၊ ငတ်မွတ်သောအခါ၌။ကုရမံသဉ္စ၊ ကုရဝတ္ထုမံသဝတ္ထုကို။ ပူဝသက္ခလိမောဒကာ၊ ပူဝဝတ္ထုသက္ခလိဝတ္ထု မောဒကဝတ္ထုတို့ကို။ အက္ခာတာ၊ ကုန်၏။ ။ပရိက္ခာရဇ္ဈဝိကာ၊ ပရိက္ခရာ ငါးပါးအိပ်ဟု ဆိုအပ်ကုန်သော။ ဆ၊ ခြောက်ပါးသော ဝတ္ထုတို့ကို။ အက္ခာတာ၊ ကုန်၏။ ဘိသိဝံသာ၊ ဘိသိဝတ္ထုတို့ကို။ နနိက္ခမေ၊ နနိက္ခမ ဝတ္ထုကို။ အက္ခာတာ၊ ကုန်၏။ ဝိဿာသံ၊အကျွမ်းဝင်သော။ခါဒနီယဉ္စ၊ ခါဒနီယဝတ္ထုကိုလည်း။ အက္ခာတံ၊ အပ်၏။ သမညာယ၊ မိမိ ဥစ္စာ ဟူသော အမှတ်ဖြင့်။ အပရေ၊ ကုန်သော။ ဒုဝေ၊ တို့ကို။ အက္ခာတာ၊ ကုန်၏။ ။ နာဝဟာရာမ၊ ငါတို့မခိုးကုန်။ ဇူတိ၊ ဤသို့ ဆိုကုန်သော။ သတ္တ၊ တို့ကို။ အက္ခာတာ၊ ကုန်၏။ အဝဟာရံ၊ ငါတို့ ခိုးကုန်၏။ ဇူတိ၊ ဤသို့ ဆိုကုန်သော။ (လိုက်စေ)။ သတ္တ စေဝ၊ တို့ကိုလည်း။ အက္ခာတာ၊ ကုန်၏။ သံဃဿ၊ ၏။ အမ္ဗာဒီနိ၊ သရက်သီး အစရှိသည်တို့ကို။ (ထည့်)။ အဝဟာရံ၊ ငါတို့ခိုးကုန်၏။ ဇူဘိ၊ ဤသို့ ဆိုကုန်သော။ (လိုက်စေ)။ သတ္တ၊ တို့ကို။ အက္ခာတာ၊ ကုန်၏။ ပုပ္ဖေဟိ၊ တို့ဖြင့်။ အပရေ၊ ကုန်သော။ ဒွေ၊ တို့ကို။ အက္ခာတာ၊ ကုန်၏။ ။တယော၊ ကုန်သော။ ဝုတ္တဝါဒိနောစ၊ ဝုတ္တဝါဒိဝတ္ထုတို့ကိုလည်း။ အက္ခာတာ၊ ကုန်၏။ မဏိတိဏ်ဏိ အတိက္ကမေ၊ကင်းထားရာအရပ်ကို။ လွန်စေကုန်သော သုံးခုသော ပဏ္ဏမြားဝတ္ထုတို့ကို။ အက္ခာတာနိ၊ ကုန်၏။ သူကရာစ၊ သူကရ ဝတ္ထုတို့ကို။ မဋ္ဌာ၊ တို့ကို။ အက္ခာတာ၊ ကုန်၏။ ယာနဥ္စာပိ၊ ယာဉ်တို့လည်း။ ပဝတ္တယိ၊ လိမ့်စေ၏။ ဒုဝေ၊ ကုန်သော။ ပေသိ၊ ပေသိဝတ္ထုတို့ကို။ ဒုဝေ၊ ကုန်သော။ဒါရု၊ တို့ကို။အက္ခာတာ၊ ကုန်၏။ပံသုကူလံ၊ပံသုကူလဝတ္ထုကို။ အက္ခာတံ၊ အပ်၏။ဒုဝေ၊ ကုန်သော။ဒကာ၊ ဥဒက ဝတ္ထုတို့ကို။အက္ခာတာ၊ ကုန်၏။ အနုပုဗ္ဗဝိဓာနေန၊ အစဉ်အတိုင်း

http://www.dhammadownload.com



ထောပတ်ကိုသုံးခြင်း တိုင်ပင်ညီညွတ်၍ ခိုးခြင်းဖြင့်။ ဒွေ၊ တို့ကို (၎င်းသည့်)။ အကွာတာ၊ ကုန်၏။ တဒသော၊ ထိုတိုင်ပင်ညီညွတ်၍ ခိုးသည်မှတပါးသောအဖိုးသည်။ နပရိပူရယိ၊ ငါးပဲမပြည့်။ ။ သာဝတ္ထိယာ၊ ၌။ စတုရော၊ ကုန်သော။ မုဋ္ဌီ၊ မုဋ္ဌိဝတ္ထုတို့ကို။ အကွာတာ၊ ကုန်၏။ ဒုဝေ၊ ကုန်သော။ဝိဃာသသာ၊ ဝိဃာသဝတ္ထု တို့ကို။ အကွာတာ၊ ကုန်၏။ ဒုဝေ၊ ကုန်သော။ တိဏာ၊ တိဏ ဝတ္ထုတို့ကို။ အကွာတာ၊ ကုန်၏။ သံဃဿ၊ ၏။ သတ္တ၊ ခုနစ် ပါးသော သရက်သီး စသည်တို့ကို။ ဘာဇယုံ၊ ဝေဖန်ကုန်၏။ သတ္တ၊ သော။အဿာမိကာစေဝ၊ အဿာမိက ဝတ္ထုတို့ကိုလည်း။ အကွာတာ၊ ကုန်၏။ ။ဒါရုဒကာ၊ ဒါရုဝတ္ထုဥဒကဝတ္ထုတို့ကို။ မတ္တိကာ၊ မတ္တိကာဝတ္ထုတို့ကို။ ဒွေ၊ ကုန်သော။ တိဏာနိ၊ တိဏ ဝတ္ထုတို့ကို။ အကွာတာ၊ ကုန်၏။ သံဃဿ၊ ၏။ သတ္တ၊ ခုနစ်ပါး သော ညောင်စောင်းစသည်တို့ကို။ အဝဟာသိ၊ ခိုး၏။ သဿာ မိကံ၊အရှင်ရှိသော။သေယျံ၊ အခင်းကို။နစာပိနီဟရေယျ၊ တပါး သို့ မဆောင်ရာ။ သဿာမိကံ၊ သော။ သေယျံ၊ ကို။ (လိုက်စေ)။ တာဝကာလိကံ၊ အခိုက်အတန့်၊ဟရေယျ၊ တပါးသို့ဆောင်ရာ၏။ စမ္ပါ၊ စမ္ပါပြည်၌။ရာဇဂဟေစေဝ၊ ၌လည်းအောင်း။စတ္ထု၊ ထုလ္လ နန္ဒာဝတ္ထုကို။ (ထည့်ပြီ)။ အကွာတံ၊ အပ်၏။ ဝေဿလိယာစ၊ ၌လည်း။ အမ္ဗကော၊ အမ္ဗကဝတ္ထုကို။ အကွာတော၊ အပ်၏။ ဗာရာဏသိစ၊ ဗာရာဏသိဝတ္ထုကို။ ကောသမ္ဗိ၊ ကို။ ဒဋ္ဌကော၊ ဒဋ္ဌကရဟန်းဖြင့်။သာဂလာစ၊ သာဂလဝတ္ထုကိုလည်းကောင်း။ အကွာတာနိ၊ ကုန်၏။ ဇုတိဇုဒံ၊ ဤသို့ ဆိုအပ်ပြီးသည်ကား။ ဥဒါနံ၊ ဆိုလတ္တံ့သောဝတ္ထုတို့၏ ဥဒါန်းတည်း။

၁၃၂။ ငြိရှေးဦးအစ ဝိနီတဝတ္ထုငါးခုကား အနက်အားဖြင့် ထင်ရှားသိသာပြီ။

၁၃၃။ မဟဂ္ဃံ၊ အဖိုးများစွာထိုက်သော။ ဒုဿံ၊ ပုဆိုးကို။ (ဟူသမွန်။ ထိုနောင် လေးဝတ္ထုလည်း သိသာပြီ)။ ။မဟဂ္ဃံ၊ သော။ ဥတ္တရတ္ထရဏံ၊ အပေါ်လွှမ်းအခင်းကို။ (သမ္ဗန္ဓ)။

http://www.dhammadownload.com



၁၃၄။ (ထို့နောင် ငါးဝတ္ထုလည်း ပေါ်ပြီ)။ ။တံမည မာနော၊ ထိုဘဏ္ဍာဟုမှတ်ထင်သည်ဖြစ်၍။ ။အညံမညမာနော၊ တပါးသော ဘဏ္ဍာဟု မှတ်ထင်သည် ဖြစ်၍။ (,သမ္ဗန်)။ ။ (ထို့နောင် ငါးဝတ္ထုလည်း အချင်းခပ်သိမ်း ထင်ပြီ)။

၁၃၅။ (နိရုတ္တိပထ ငါးဝတ္ထုတို့တွင် ပထမဝတ္ထု၌) အဓ္ဓော ကာသေ၊ လွင်ဘီးခေါင်၌။ စီဝရံ၊ကို။ ပတ္တရိတွာ၊ဖြန့်၍။ဝိဟာရံ သို့။ ဝါဒိသိ၊ ၏။အညတရော၊ သော။ ဘိက္ခု၊ သည်။ ဣဒံစီဝရံ၊ သည်။ မာနဿိ၊ မပျောက်စေလင့်။ ဣတိ၊ သို့။ ပင္ဂိသာမေသိ၊ ၏။ သော၊ ထိုသက်န်းရှင် ရဟန်းသည်။ နိက္ခမိတွာ၊ ကျောင်းမှ ထွက်၍။ အာဝုသော၊ တို့။ မယှံ၊၏။ စီဝရံ၊ ကို။ ကေန၊ အဘယ် ရဟန်းသည်။ အဝဟင္ဋံ၊ ခိုးအပ်သနည်း။ ဣတိ၊သို့။ဘိက္ခူ၊တို့ကို။ ပုစ္ဆိ၊ ၏။သော။ထိုသက်န်းသိမ်းသောရဟန်းသည်။ မယာ၊သည်။ အဝဟင္ဋံ၊ ခိုးအပ်၏။ ဣတိ၊ သို့။အာဟ၊၏။သော။ထိုသက်န်းရှင် ရဟန်းသည်။ တံ၊ ထိုသက်န်းသိမ်းသော ရဟန်းကို။ တွံ၊ သည်။ အဿမဏော၊ သည်။ အသိ၊၏။ဣတိ၊သို့။ အာဒိယိ၊စွဲကိုင်၏။ပ။ ဘိက္ခု၊ ရဟန်း။ တွံ၊ သည်။ ကိံစိတ္တော၊ အဘယ်စိတ်ရှိသနည်း။ ဣတိ၊သို့။ ပုစ္ဆိ၊ ၏။ဘဂဝါ၊ဘုရား။ အဟံ၊သည်။ နိရုတ္တိပထော၊ ဝေါဟာရစကားဟု ဆိုအပ်သော အကြောင်းရှိ၏။ ဣတိ၊ သို့။ အဝေါစ၊ ၏။(သမ္ဗန်)။ဘိက္ခု၊ရဟန်း။ နိရုတ္တိပထေ၊ဝေါဟာရ စကားဟု ဆိုအပ်သော အကြောင်းကြောင့်။ အနာပတ္တိ၊ မသင့်။ ဣတိ၊သို့။ အဝေါစ၊ ၏။ (သမ္ဗန်၊ ထို့နောင် လေးဝတ္ထုကား ထင်ရှားပြီ)။

၁၃၆။ (ထို့နောင်နှစ်ဝတ္ထု၌) ဝါတမဏ္ဍလိကာယ၊ လေဝေ့ ဖြင့်။ ဥက္ခိတ္တံ၊ချီအပ်သော။ ဝေဌနံ၊ဦးရစ်ကို။သာမိကာ၊တို့သည်။ ပုရေပဿန္တီတိ၊ ရှေးသို့ မြင်ကုန်လတ္တံ့ဟူ၍။ ။ဖြဉ်မျှသာထူး သည်။ အကြွင်းသိသာ၏)။

၁၃၇။ (အသန္တိန္နဝတ္ထု၌။ သုသာနံ၊သို့။ ဂန္တွာ၊၍။အဘိန္နေ မပျက်သေးသော။သရီရေ၊ ၌။ ပံသုကူလံ၊ ကို။ အဂ္ဂဟေသိ၊ ၏။

http://www.dhammadownload.com



တသို့ံစသရိရေ၊၌လည်း။ ပေတော၊သည်။အမိဝတ္ထော၊ စိုးအုပ်၍ နေသည်။ ယောတိ၊ ၏။ပ။ ဘန္တေ၊ ဘုရား။ မယုံ၊ ၏။သာဠကံ၊ ကို။ မာအဂ္ဂဟေသိ၊ မယူလင့်။ ဉတိ၊သို့။ အဝေါစ၊ ၏။ (ပြန်)။ သောဘိက္ခု၊သည်။ အနာဒိယန္တော၊ စကားကို မယူသည်ဖြစ်၍ အဂမာသိ၊ ၏။ အထခေါ၊၌။ တံသရိရံ၊ ထိုပြိတ္တာအောင်းသော အကောင်သည်။ ဥဋ္ဌဟိတ္ဝာ၊ထ၍။တဿဘိက္ခုနော၊၏။ပိဋ္ဌိတော ပိဋ္ဌိတော၊ နောက်မှနောက်မှ။အနုဗန္ဓိ၊ အစဉ်လိုက်၏။အထခေါ၊ ၌။ သောဘိက္ခု၊သည်။ ဝိဟာရံ၊ သို့။ပဝိသိတွာ၊ ၍။ ဒွါရံ၊ ကို။ ထကေသိ၊ ပိတ်၏။ အထခေါ၊ ၌။ တံသရိရံ၊ သည်။ တတ္ထေဝ၊ ထိုကျောင်းတံခါး၌သာလျှင်။ ပရိပတိ၊လည်း၏။ပ။ ဘိက္ခဝေ၊တို့။ အဘိန္နေ၊ မပျက်သေးသော။သရိရေ၊၌။ပံသုကူလံ၊ ကို။နစဂဟေ တဗ္ဗံ၊ မယူအပ်သည်သာတည်း။ ယောဘိက္ခု၊ သည်။ ဂဏှေယျ၊ အံ့။အဿဘိက္ခုနော၊ အား။ ဒုက္ကဋဿ၊ သော။အာပတ္တိ၊ သည်။ ဟောတိ၊ ၏။ ဉတိ၊ သို့။ အဝေါစ၊ ၏။(သမ္ဗန်)။

၁၃၈။ (ကုသာပါတ ဝတ္ထု၌) ကုသံ၊ ကမြွည်းကို။သင်္ကာမေ တွာ၊ပြောင်းရွှေ့၍။စီဝရံ၊ ကို။အဂ္ဂဟေသိ၊ပြီ။ (အကြွင်းပေါ်၏)။

၁၃၉။ (ဇန္တာဃရဝတ္ထု၌) အပ္ပနော၊၏။ အန္တရဝါ သကံ၊ သင်းပိုင်ဟု။ မညမာနော၊ မှတ်ထင်သည် ဖြစ်၍။ ။(အကြွင်း ထင်၏)။

၁၄၀။ (ဝိဃာသ ငါးဝတ္ထု၌) ဂိဇ္ဈကူဋော၊ ဂိဇ္ဈကူဋ အမည် ရှိသော။ ပဗ္ဗတာ၊ တောင်မှ။ သြရောဟန္တာ၊ ဆင်းကုန်သည် ရှိသော်။ သီဟဝိဃာသံ၊ ခြင်္သေ့စားကြွင်းကို။ ပဿိတွာ၊ ကုန်၍။ ပစာပေတွာ၊ ချက်စေ၍။ ပရိဘုဉ္ဇိံသု၊ ကုန်၏။ ။ဗျဂ္ဃပိဃာသံ၊ ကျားစားကြွင်းကို။ ။ဒီပိဝိဃာသံ၊ သစ်စားကြွင်းကို။ ။တရစ္ဆ ဝိဃာသံ၊ အောင်းစားကြွင်းကို။ ။ကာကဝိဃာသံ၊ ကျီးစား ကြွင်းကို။ (အကြွင်း သိသာ၏)။

၁၄၁။ (အမူလက ငါးဝတ္ထု၌) သြဒနေ၊ ကို။ ဘာဇီယမာ နေ၊ ဝေဖန်အပ်သည်ရှိသော်။အပရဿ၊ တပါးသော ရဟန်း၏။

http://www.dhammadownload.com



ဘာဂံ၊ အဖို့ကို။ ဒေဟိ၊ လော့။ ဣတိ၊ သို့။ အမှုယကံ၊ ခံသူ ရယန်း အရင်းမရှိသောထမင်းကို။ အဂ္ဂယေသိ၊ ၏။ ။ခါဒနီယေ၊ ခဲဖွယ်ကို။ ပူဝေ၊ မုန့်ကို။ ။ဥစ္ဆုမ္ဘိ၊ ကြံကို။ ။တိမ္ဗရူသကေ၊ တည်းသီးကို။ ။(အကြွင်းပေါ်၏)။

၁၄၂။ (ကုရဝတ္ထု၌) ဒုဗ္ဘိက္ခေ၊ ငတ်မွတ်သောအခါ၌။ဩဒနီယဃရံ၊ ထမင်းချက်အိမ်သို့။ ပဝိသိတွာ၊၍။ ပတ္တပူရံ၊ သပိတ် ပြည့်အောင်။ ဩဒနံ၊ ကို။ ထေယျစိတ္တော၊၍။ အဝဟရိ၊ ခိုး၏။ ။(မံသဝတ္ထု၌) သူနဃရံ၊ အမဲချက် အိမ်သို့။ ။ပူဝဝတ္ထု၌)၊ ပူဝ ဃရံ၊ မုန့်ကြော်သောအိမ်သို့။ ။(သက္ခုလိဝတ္ထု၌)သက္ခုလိယော၊ မုန့်ကွဲသည်းတို့ကို။ ။(မောဒကဝတ္ထု၌) မောဒကော၊ ကတူတ် မုန့်တို့ကို။(အကြွင်းထင်၏။ပရိက္ခာရငါးဝတ္ထု၌ထင်သည်ချည်း ။

၁၄၄။ (ထဝိကဝတ္ထု၌) ဝိဌေ၊ အင်းပျဉ်၌။ ဌပိတံ၊ သော။ ထဝိကံ၊ အိတ်ကို။ ပဿိတွာ၊၍။ဣတော၊ ဤအင်းပျဉ်မှ။ဂဏှန္တော၊ ယူသည်ရှိသော်။ အဟံ၊သည်။ ပါရာဇိကော၊ သည်။ ဘဝိဿာမိ၊ လအံ့။ ဣတိ၊ သို့။ သဟပိဌကေန၊ အင်းပျဉ်နှင့်တကွ။ သင်္ကာ မေတွာ၊ ပြောင်းရွှေ့၍။ အဂ္ဂဟေသိ၊ ၏။ ။(အကြွင်းပေါ်၏။ ဘိသိဝတ္ထု၌လည်း ထင်၏)။ ။ဘိသိံ၊ ဘုံလျှိုကို။ (သည်သာ ထူးသည်)၊

၁၄၅။ (ဝံသဝတ္ထု၌)စီဝရဝံသေ၊ သင်္ကန်းတန်းဝါး၌၊(ဤမျှ သာထူးသည်။ နိက္ခမဝတ္ထု၌)ဣတော၊ ဤကျောင်းတွင်းမှ။ နိက္ခ မန္တော၊ ထွက်လသော်။ နိက္ခမိဝါ။ ထွက်သည်မူလည်း ဖြစ်စေ။ နဝါနိက္ခမိ၊ မထွက်သည်မူလည်းဖြစ်စေ။ ။(ဤမျှသာထူးသည်)။

၁၄၆။ (ဝိဿာသဝတ္ထု၌) ဒွေဘိက္ခူ၊တို့သည်။ သဟာယ-ကာ၊ ဆင်းရဲအတူ ချမ်းသာအမျှဖြစ်ကြသောအဆွေခင်ပွန်းသည် ဟောန္တိ၊ ကုန်၏။ ဧကောဘိက္ခု၊ သည်။ ဂါမံ၊သို့။ ပိဏ္ဍာယ၊ ငှာ။ပဝိသိ၊၏။ ဒုတိယော၊ အဖော်ဖြစ်သော။ ဘိက္ခု၊ သည်။ သံဃဿ၊ ၏။ ခါဒနီယေ၊ ကို။ဘာဇီယမာနေ၊ သော်။ သဟာ

http://www.dhammadownload.com



ယတာသ၊ အဆွေ၏။ဘာဂံ၊ ကို။ဂဟေတွာ၊ ၍။တာသ၊ ထိုအဆွေနှင့်။ဝိဿာသေန္တော၊ အကျွမ်းဝင်သည်ဖြစ်၍။ပရိဘုဉ္ဇိ၊ ၏။သောဘိက္ခု၊သည်။ဇာနိတွာ၊၍။တံဘိက္ခုံ၊ကို။တွံ၊သည်။အဿမဏော၊သည်။ အသိ၊ ၏။ ဣတိ၊ သို့။ စောဒေသိ။ ။(အကြွင်းလွယ်ပြီ)။

၁၄၇။ (သမညာယ နှစ်ဝတ္ထု၌) သဗ္ဗေသံ၊ အလုံးစုံသောရဟန်းတို့၏။ပဋိဝိသာ၊ အဖိုတို့ကို။အာဟရိတွာ၊ ၍။ဥပနိက္ခိတ္တာ၊ အနီး၌ ထားအပ်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ။ အကြောင်းလွယ်ပြီ။ ဒုတိယ ဝတ္ထု၌ထည်း သိသာပြီ။ ။ပတ္တသာမိကော၊ သပိတ်ရှင်သည်။ (ဟုပေး)။

၁၄၈။ (ထိုနောင် အခြားမဲ့ ခုနစ်ဝတ္ထု၌) အမ္ဗ စောရကာ၊ သရက်သီးခိုးသော သူခိုးအပေါင်းတို့သည်။အမ္ဗံ၊ သရက်သီးကို ပါတေတွာ၊ ချွေချ၍။ ဘဏ္ဍိကံ၊ သရက်သီးထုပ်ကို။ အာဒါယ၍။ အဂမံသု၊ ကုန်၏။ သာမိကာ၊ တို့သည်။ တေ စောရ တို့ကို။အနုဗန္ဓိံသု၊ နောက်ထပ်စဉ်ဆိုက်လိုက်ကုန်၏။ စောရ တို့သည်။ သာမိကေ၊ တို့ကို။ ဝသိတွာ၊ ၍။ ဘဏ္ဍိကံ၊ အဝ ပါတေတွာ၊ ချ၍။ ပလာယိံသု၊ ပြေးကုန်၏။ ဘိက္ခူ၊ တို့ ပံသုကူလသညိနော၊ ပံသုကူဟုအမှတ်ရှိကုန်သည်ဖြစ်၍။ ပ ပေတွာ၊ အကပ်ခံစေ၍။ပရိဘုဉ္ဇိံသု၊ ကုန်၏။သာမိကာ၊ တို့ တေဘိက္ခူ၊ တို့ကို။ တုမှေ၊ တို့သည်။ အဿမဏာ၊ ကုန်၏ အတ္ထ၊ ဖြစ်ကုန်၏။ဣတိ၊ ဤသို့။စောဒေသုံ၊ ကုန်၏။ ။ဇမ္ဗု ရကာ၊ သပြေသီးခိုးသော သူခိုးအပေါင်းတို့သည်။ ။လဗုဇ ရကာ၊တောင်ပိန္နဲသီးခိုး။ ။ပနသစောရကာ၊အိမ်ပိန္နဲသီးခိုး။ တာလပက္က စောရကာ၊ ထန်းသီးမှည့်သူခိုး။ ။ဥစ္ဆုစောရကာ ကြံခိုး။ ။တိမ္ဗရုသက စောရကာ၊ တည်သီး ခိုးသူ အပေါင်းတို့ သည်။ တိမ္ဗရုသကေ၊ တည်သီးတို့ကို။ ဥစ္စိနိတွာ၊ ဆွတ်၍။ (အကြွင်းသိသာပြီ၊ အခြားမဲ့ ခုနစ်ဝတ္ထုတို့၌လည်း သိသာသည်ချည်း)။ ။သာမိကာ၊ တို့သည်။ ပုရေပဃန္တိ၊ ရှေ့သို့ မြင်ကုန်လအံ့။ (ဟူပေး။ အခြားမဲ့ ခုနစ်ဝတ္ထုတို့၌လည်း ထင်သည်ချည်း

http://www.dhammadownload.com



၁၄၉။ (ပုဗ္ဗ နှစ်ဝတ္ထုနှ္ဒ) ပုဗ္ဗါရာမံ၊ ပန်းအရံသို့။ ဂန္တွာ၊ ၍။ ဩဇိတံ၊ သခင် ဆွတ်ပြီးသော။ ပုပ္ဖံ၊ ပန်းကို။ ပဋ္ဌမာသဿနုကံ၊ ငါးပဲထိုက်အောင်။ထေယျစိတ္တော၊ ၍။အဝဟာရိ၊ ၏။ ။(နောက် ဝတ္ထုနှ္ဒ၌ ဩဇိနိတွာ၊ ဆွတ်၍။ ။(ဤမျှသာ ထူး၏။)

၁၅၀။ (ဝုတ္တဝါဒီသုံးဝတ္ထုနှ္ဒ) ဂါမကံ၊ ရွာငယ်သို့။ ဂစ္ဆန္တော၊ သော်။ပ။အဝေါစ၊ ၏။ အာဝုသော၊ ရှင်။ တုယှံ၊ သင်၏။ ဥပဋ္ဌာကကုလံ၊ အလုပ်အကျွေးဖြစ်သော အမျိုးကို။ ဝုတ္တော၊ မှာဆိုအပ်သည်ရှိသော်။အဟံ၊ သည်။ဝဇ္ဇေမိ၊ ဆိုအံ့။ဣတိ၊ ဤသို့။ အဝေါစ၊ ၏။ သောဘိက္ခု၊ သည်။ ဂန္တွာ၊ ၍။ ဧကံ သာဋကံ၊ တထည်သော ပုဆိုးကို။ အာဟရာပေတွာ၊ ဆောင်စေ၍။ အတ္တနာ၊ သည်။ ပရိဘုဉ္ဇိ၊ ၏။ သော၊ ထိုမှာဆိုသော ရဟန်းသည်။ ဇာနိတွာ၊ ၍။ တံဘိက္ခုံ၊ ကို။ တွံ၊ သည်။ အဿမဏော၊ သည်။ အသိ၊ ၏။ဣတိ၊ သို့။ စောဒေသိ၊ ၏ ။ပ။ ဘိက္ခဝေ၊ တို့။ ဝုတ္တော မှာဆိုအပ်သည်ရှိသော်။ ဝါ၊ မှာဆိုအပ်သော စကားဖြင့်။ ဝဇ္ဇေမိ၊ ဆိုအံ့။ ဣတိ၊ သို့။နစ ဝတ္တဗ္ဗော၊ သာတည်း။ယောဘိက္ခု၊ သည်။ ဝဒေယျ၊ အံ့။ အဿ ဘိက္ခုနော၊ အား။ ဒုက္ကဋ္ဌာ၊ သော။ အာပတ္တိ၊ သည်။ ယောတိ၊ ၏။ ဣတိ၊ သို့။အဝေါစ၊ ၏။ (သမ္ဗန္ဓ၊ ဒုတိယဝတ္ထုနှ္ဒ)၊ ယုဂသာဋကံ၊ အစုံရှိသောပုဆိုးကို။ ။(တတိယဝတ္ထုနှ္ဒ သောဘိက္ခု၊ သည်။ ဂန္တွာ၊ ၍။ အာဠ္ဟကံ၊ တကွမ်းစားသော။ သပ္ပိံ၊ ထောပတ်ကို။ တုလံ၊ တချိန်သော။ ဂုဠံ၊ တင်လဲကို။ ဒေါဏံ၊ တစိတ်သော။ဘတ္တဇ္ဇုလံ၊ ဆန်ကို ။ပ။ ဘိက္ခဝေ၊ တို့။ဝုတ္တော၊ သင် မှာဆိုအပ်သည် ရှိသော်။ ဝါ၊ သင်မှာဆိုအပ်သော စကားဖြင့်။ ဝဇ္ဇေမိ၊ ငါဆိုအံ့။ ဣတိ၊ သို့။ နစ ဝတ္တဗ္ဗော၊ သာတည်း။ ဝုတ္တော၊ ငါဆိုသည်ဖြစ်၍၊ ဝါ၊ ငါမှာဆိုသောစကားဖြင့်။ ဝဇ္ဇေဟိ၊ သင်ဆို ပါလော။ဣတိ၊သို့။နစဝတ္တဗ္ဗော၊သာတည်း။ ။(အကြွင်းပေါ်၏)။

၁၅၁။ (မဏိသုံးဝတ္ထုတို့တွင် ဧဌမဝတ္ထုနှ္ဒ)မဟဂ္ဃံ၊အဖိုးများစွာထိုက်သော။မဏိံ၊ ပတ္တမြားကို။အာဒါယ၊ ယူ၍။အညတရေန သော။ ဘိက္ခုနာ၊ နှင့်။သဒ္ဓိံ၊ တကွ။ အဒ္ဓါနမဂ္ဂပ္ပဋိပန္နော၊ အဓွန့်

http://www.dhammadownload.com



ရှည်သောခရီးကိုသွားသည်။ ဟောတိ၊ ၏။ အထခေါ၊ ၌။ သောပုရိသော၊ သည်။ သုက်ဌာနံ၊ ကင်းထားရာအရပ်ကို။ ပဿိတွာ၊ မြင်၍။ တဿာဘိက္ခုနေ၁၊၏။ အဇာနန္တဿ၊ မသိစဉ်။ ထဝိကာယ၊ အိတ်၌။ မဏိံ၊ကို။ ပက္ခိပိတွာ၊ ထည့်၍။ သုက်ဌာနံ၊ကို။ အတိက္ကမိတွာ၊ ရှိသော်။ အဂ္ဂဟေသိ၊ ၏။ ။(ဒုတိယဝတ္ထု၌) ဂိလာနာလယံ၊ နာကျွန်ကို။ ကရိတွာ၊ ပြု၍။ အတ္တနော၊ ၏။ ဘဏ္ဍိကံ၊ အထုပ်ကို။ တဿဘိက္ခုနော၊ အား။ အဒါသိ၊ ၏။ ပ။ ဘန္တေ၊ ဘုရား မေ၊ ၏။ ဘဏ္ဍိကံ၊ ဘဏ္ဍာထုပ်ကို။ အာဟရ၊ ဆောင်ခဲ့။ အဟံ၊ သည်။ အတလ္လတော၊ နာသည်။ နဟောမိ၊ မဖြစ်။ ဣတိ၊ ဤသို့။ အဝေါစ၊ ၏။ (ပြန်)အာဝုသော၊ ဒါယကာ။ တိဿ၊ ကြောင့်။ တွံ၊ သည်။ ဝေရှပံ၊ ဤသို့သဘောရှိသော အမှုကို။ အကာသိပန၊ နည်း။ ဣတိ၊ သို့။ ဝုတ္တေ၊ သော်။ (ထည့်)။

၁၅၂။ (တတိယဝတ္ထု၌)အာမိသေန၊ဆွမ်းစသော အာမိသဖြင့်။ ဥပလာပေတွာ၊ ဖြားယောင်း၍။ ။(အကြွင်းထင်၏)။

၁၅၃။ (သူကရနှစ်ဝတ္ထုတို့တွင် ပဌမဝတ္ထု၌)ပါသေ၊ ကြော့ကွင်း၌။ ဗန္ဓံ၊ ဖွဲ့အပ်သော။ သူကရံ၊ ဝက်ကို။ ကာရုညေန၊ သနားသဖြင့်။ မုဉ္စိ၊ လွှတ်၏။ ပ။ ဘဂဝါ၊ ဘုရား။ အဟံ၊ သည်။ ကာရုညာမိပ္ပါယော၊ သနားခြင်းကို အလိုရှိ၏။ ။(ဒုတိယဝတ္ထု၌)သာမိကာ၊ တို့သည်။ ပုရေပဿန္တိ၊ မမြင်ကုန်မီ။ ဝါ၊ မမြင်ကုန်ခင်။ ဝါ၊ ရှေ့သို့ မြင်ကုန်လတ္တံ့။ ။(အကြွင်း ပေါ်၏။ မိဂဝတ္ထု၌လည်း သိသာ၏။ မစ္ဆဝတ္ထု၌)ကုမိနေ၊ မြှုံး၌။ ဗန္ဓေ၊ ကုန်သော။ မစ္ဆေ၊ တို့ကို။ ။(အကြွင်းထင်၏။ ယာနဝတ္ထု၌) ဣတော၊ ဤအရပ်မှ။ ဂစ္ဆန္တေ၊ သော်။ ပ။ အတိက္ကမိတွာ၊ လွန်၍။ ပဝဋ္ဋေတွာ၊ လိမ့်စေ၍။ ။(အကြွင်းထင်၏။ ပေသိနှစ်ဝတ္ထု၌) ကုသလေန၊ စွန်ရဲသည်။ ဥက္ခိတ္တံ၊ ချီအပ်သော။ မံသပေသိံ၊ သားတစ်ကို။ ။(အကြွင်းသိသာ၏)။

၁၅၄။ (ဒါရုနှစ်ဝတ္ထုတို့တွင် ပဌမဝတ္ထု၌) ဥဠုမ္ပံ၊ဖောင်ကို။ ဗန္ဓိတွာ၊ ဖွဲ့၍။ အစိရဝတိယာ၊ အစိရဝတီအမည်ရှိသော။ နဒိယာ၊

http://www.dhammadownload.com



မြစ်၌။ ဩသာရေန္တိ၊ ချောကုန်၏။ ဗန္ဓနေ၊ အနှောင်အချည်အနှောင်သည်။ ဆိန္နေ၊ ပြတ်သည်ရှိသော်။ ကဋ္ဌာနိ၊ သစ်တိုသည်။ ဝိပ္ပကိဏ္ဏာနိ၊ ဖရိုဖရဲ ကစဉ့်ကလျဲတို့သည်၊ ဟုတွာ၊ တုန်၍။ (ထည့်)။ အာဂမံသု၊ ကုန်၏။ ဘိက္ခူ၊ တို့သည်။ ပံသုကူလသညိနော၊ ပံသုကူဟု မှတ်ထင်ကုန်သည်ဖြစ်၍။ ဥတ္တာရေသုံ၊ ဆယ်တင်ကုန်၏။ (အကြွင်း ဒုတိယဝတ္ထုနှင့်တကွ သိသာ၏)။

**အမှာ** ဥဠုတော ဒကတော ပါဠိ ရတ္တတိ ဂျူဠုပေါ၊ သောဝယေဝ၊ နိဂ္ဂဟိတာဂမ ဝသေန ဥဠုမ္ပေါ၊ (အဘိဓာနဋီကာ)။ ဤကိုထောက်သော ဥဠုမ္ပော၌ ပဌမအက္ခရာ ပ နှင့် သင့်သည်။

* (ပံသုကူလဝတ္ထုအရာ၌ (ဂေါပါသတော၊ နွားကျောင်းသား နွားထိန်း နွားသိမ်း နွားစောင့် နွားရှောက်သည်၊ ရက္ခေ၊ ၌။ သာဋကံ၊ ကို။ အာလဂ္ဂေတွာ၊ ဆွဲ၍။ ဥစ္စာရံ၊ ကျင်ကြီးစွန့်ခြင်းငှာ။ ဝါ၊ ကျင်ကြီးစွန့်ရာအရပ်သို့။ အဂမာသိ၊ ၏။ ။ (အကြွင်း ထင်၏)။ ဥဒကနှစ် ဝတ္ထုတို့တွင် ပဌမဝတ္ထု၌)နဒိံ၊ ကို။ တရန္တာ၊ ကူးစဉ်။ ရဇကာနံ၊ ခဝါသည်တို့၏။ ဟတ္ထတော၊ မှ။ မုတ္တံ၊ လွတ်သော။ သာဋကံ၊ သည်။ ပါဒေ၊ ၌။ လဂ္ဂံ၊ ငြိသည်။ ဟောစတိ၊ ၏။ ။ (အကြွင်း ဒုတိယဝတ္ထုနှင့်တကွ ထင်၏။)

၁၅၅။ (အနုပုဗ္ဗ ဝတ္ထု၌) သပ္ပိကုမ္ဘိံ၊ ထောပတ် အိုးကို။ ပဿိတွာ၊ ၍။ ထောကံထောကံ၊ အတန်ငယ်အတန်ငယ်။ ပရိဘုဉ္ဇိ၊ ၏။ ။ (အကြွင်းထင်၏။ သံဝိဓာနဝတ္ထု၌)ဧကော၊ တယောက်သောရဟန်းသည်။ ဘိက္ခူ၊ ကို။ အဝဟာရိ၊ ၏။ တေဘိက္ခူ၊ တို့သည်။ ဇေ၊ သို့။ အာဟံသု၊ ကုန်၏။ မယံ၊ တို့သည်။ နပါရာဇိကာ၊ ပါရာဇိကသို့ မရောက်ကုန်။ ယော ဘိက္ခု၊ သည်။ အဝဟာရော၊ ခိုး၏။ သော ဘိက္ခု၊ သည်။ ပါရာဇိကော၊ ရောက်၏။ ဣတိ၊ ဤသို့။ အာဟံသု၊ ကုန်၏။ ။ (အကြွင်းထင်၏။ နပ္ပုရဏဝတ္ထု၌) တေဟိ၊ ထိုရဟန်းတို့သည်။ ဘာဇိယမာနေ၊ အပ်သည်ရှိသော။ ကေ မေကဿ၊ တယောက်တယောက်အား။ ၏။ ပဉ္စဝီသော၊ အဖိုးသည်။

http://www.dhammadownload.com



ပဉ္စမာသကဂ္ဃနကာ၊ ငါးပဲသည့်၊ နပုရိ၊ မပြည့်။ ။(အကြွင်းပေါ်၏။
မုဋ္ဌိဝေသနဝတ္ထုနှင့်(ခုနှစ်ကျောင်းတံမှတ်သောအခါ၌)။အာပဏိကဿ၊
အိမ်ဆိုင် ရောင်းသည်၏။ တဏ္ဍုလမုဋ္ဌိံ၊ ဆန် တဆုပ်ကို။ ။မုဂ္ဂမုဋ္ဌိံ၊
ပဲနောက်ကတ်တဆုပ်ကို။ ။မာသမုဋ္ဌိံ၊ ပဲကြီးတဆုပ်ကို။ ။တိလမုဋ္ဌိံ။
နှမ်းတဆုပ်ကို။ (အကြွင်းထင်၏။ မံသ နှစ်ဝတ္ထုတို့၌) အန္ဓဝနေ၊
မိုက်မှောင်၏။တောရကား၊သူခိုးအပေါင်းတို့သည်။ဂါဝိံ၊နွားကို
ဟန္တွာ၊ ၍။ မံသံ၊ အသားကို။ ခါဒိတွာ၊ခဲ၍။ သေသကံ၊အကြွင်း
ကို၊ ပဋိသာမေတွာ၊ သိုမှီး၍။ အဂမံသု၊ ကုန်၏။ ။(ဒုတိယ
ဝတ္ထု၌) သူကရံ၊ဝက်ကို။ ။ဤမျှသာထူးသည်။ အကြွင်းပေါ်၏။
(တိဏနှစ်ဝတ္ထု၌) တိဏခေတ္တံ၊ မြက်ခင်းသို့။ ဂန္တွာ၊ ၍။ လူတံ၊
ရိတ်ပြီးသော။တိဏံ၊ကို။ပဉ္စမာသဂ္ဃနကံ၊ ငါးပဲထိုက်အောင်။ ။
လာယိတွာ၊ ရိတ်၍။ ။(အကြွင်းပေါ်၏)။

၁၅၆။ (သိ နောင် ခုနှစ်ဝတ္ထု၌) အာဂန္တုကာ၊ ကုန်သော။
ဘိက္ခူ၊ တို့သည်။ သံဃဿ၊ ၏။ အမ္ဗံ၊ သရက်သီးကို။ ဘာဇာ
ပေတွာ၊ ဝေဖန်စေ၍။ ပရိဘုဉ္ဇိံသု၊ ကုန်၏။ အာဝါသိကာ။
ကုန်သော။ ဘိက္ခူ၊ တို့သည်။ တေဘိက္ခူ၊ ထိုအာဂန္တုကရဟန်း
တို့ကို။ တုမှေ၊ တို့သည်။ အဿမဏာ၊ ကုန်သည်။ အတ္ထ၊ဖြစ်ကုန်
၏။ ဣတိ၊ သို့။ စောဒေသုံ၊ ကုန်၏။ပ။ ဘိက္ခဝေ၊ တို့။ တုမှေ၊
တို့သည်။ ကိံ၊ အဘယ်အကျိုးငှာ။စိတ္တာ၊စိတ်ရှိကုန်သည်ဖြစ်၍။
ပရိဘုဉ္ဇထ၊သုံးဆောင်ကြကုန်သနည်း။ဣတိ၊သို့။ပုစ္ဆိ၊တော်မူ၏။
ဘဂဝါ၊ ဘုရား။ မယံ၊တို့သည်။ပရိဘောဂတ္ထာယ၊သုံးဆောင်ခြင်း
အကျိုးငှာ။ စိတ္တာ၊ စိတ်ရှိကုန်သည်ဖြစ်၍။ ပရိဘုဉ္ဇာမ၊ ကုန်၏။
ဣတိ၊ သို့။ အဝေါစုံ။ကုန်၏၊ ဘိက္ခဝေ၊ တို့။ ပရိဘောဂတ္ထာယ၊
ငှာ။စိတ္တာ၊ စိတ်ရှိကုန်သည်ဖြစ်၍။ ပရိဘုဉ္ဇန္တာနံ၊ ကုန်သော။
တုမှာကံ၊ တို့အား။ အနာပတ္တိ၊မသင့်။ ဣတိ၊သို့။ အဝေါစ၊ ၏။
(သမ္ဗန်)။ ။(၄နောက် ခြောက်ဝတ္ထုတို့၌ အထူးမရှိ။သိသာ၏။
ထို့နောင်အခြားမဲ့ခုနစ်ဝတ္ထု၌)အမ္ဗပါလကာ။ သရက်ပင်စောင့်
တို့သည်။ ဘိက္ခုနံ၊တို့အား။အမ္ဗဖလံ၊ကို။ဒေန္တိ။ ကုန်၏။ ဘိက္ခူ။

http://www.dhammadownload.com



တို့သည်။ ဣဓမေ၊ ဤသူတို့သည်။ ဂေါပေတုံ၊ စောင့်ခြင်းငှာသော။ ဣဿရာ၊ အစိုးရကုန်၏။ ဣဓမေ၊ တို့သည်။ဒါတုံ၊ ငှာ။ နဣဿရာ၊ အစိုးမရကုန်။ ဉာတိ၊ သို့။ကုက္ကုစ္စာယန္တာ၊ ကုန်သည်ဖြစ်၍။နပဋိဂ္ဂဏှန္တိ၊ မခံကုန်။ပ။ဘိက္ခဝေ၊တို့။ဂေါပကဿ၊အစောင့်အထိန်း၏ ဒါနေ၊ ပေးခြင်း၌။ အနုဇာနာမိ၊သင့်။ဉာတိ၊ ဤသို့။ အဝေါစ၊၏။ (သမ္ဗန္ဓ်)။ ။(နောက် ခြောက်ဝတ္ထုလည်းသိသာပြီ။ဒါရုဝတ္ထု၌) သံဃဿ၊၏။ဒါရုံ၊ ကို။တာဝကာလိကံ၊ အခိုက်အတန့်။ယာရိတွာ ၍။အတ္တနော၊၏။ဝိဟာရဿ၊၏။ ကုဋ္ဋံ၊ နံရံကို။ ဉပတ္ထမ္ဘေသိ၊ ထောက်စေ၏။ပ။ဘာဝဝါ၊ဘုရား။အဏံ၊သည်။ တာဝကာလိကော အခိုက်အတန့်စိတ်ရှိ၏။ ။(အကြွင်းထင်၏။ဥဒကဝတ္ထု၊မတ္တိကဝတ္ထု၌ ထင်ပြီ။ တိဏဝတ္ထု၌)၊ ပုဉ္ဇကိတံ၊ အပုံအစုနေသော။ဝါ၊ အပုံအစုယူ၍ထားသော။ တိဏံ၊ကို။

အဖွင့် — ပုဉ္ဇကိတံ ကိတောနိဝါ သောတိ ပုဉ္ဇကိတော၊ပုဉ္ဇနံ၊ ကိတော ဂဟိတောတိဝါ ပုဉ္ဇကိတော၊ တံ ပုဉ္ဇကိတံ၊ အစုအပုံဖြင့်နေသောမြက်။ အစုအပုံဖြင့် ယူအပ်သောမြက် ဟုဆိုလိုသည်။ ကိတ နိဝါသေ, ကိတ ဂဟဏေ။(မြောက်ကျမ်း)။

* (ဒုတိယဝတ္ထု၌)ဈာပေတိ၊မီးတိုက်၏။ ။(အကြွင်းထင်ပြီ။ အခြားမဲ့ခုနစ်ဝတ္ထု၌) မဉ္စံ၊ ညောင်စောင်းကို။ပီဌံ၊ အင်းပျဉ်ကို။ ဘိသိံ၊ ဘုံလျှိုကို။ဗိမ္ဗောဟနံ၊အုံးကို။ကဝါဋံ၊ တံခါးမအရွက်ကို အဝဍောကသန္တိံ။ လေသောက် တံခါးရွက်ကို။ ဂေါပါနသိံ၊ အခြင်ရနယ်ကို။ ။(အကြွင်းထင်ပြီ)။

၁၅၇။ (ဝိဟာရပရိဘောဂဝတ္ထု၌)ဉပါသကဿ၊၏။ဝိဟာရ ပရိဘောဂံ၊ ကျောင်း အသုံးအဆောင်ဖြစ်သော။ သေနာသနံ၊ အိပ်ရာ နေရာ အခင်းကို။ အညတြ၊ တပါးသော ကျောင်း၌။ ပရိဘုဉ္ဇန္တိ၊ ကုန်၏။ အထခေါ၊၌။ သော ဉပါသကော၊ သည်။ ဉဇ္ဈာယတိ၊ ကဲ့ရဲ့ကျိုးရှုတ် အယုတ်အားဖြင့် သိစေ၏။ ခိယျတိ ကျေးဇူးမဲ့ကိုဆိုလျက် အမျက်ထွက်၏။ဝါ၊ကျေးဇူးမဲ့ကို ဆိုလျက် နှိပ်ဖက်ညှဉ်းဆဲ၏။ ဝိပါစေတိ၊ ကျေးဇူးမဲ့ကို ရပ်ထိုထို၌ ဖရိဖရဲ

http://www.dhammadownload.com



လွှင့်ကြဲအန့် ပျံ့စေ၏။ ကထံဟိ၊ ကြောင့်လျှင်။ ဘဒန္တာ၊ အရှင်ကောင်းတို့သည်။ အညတြ၊ တပါးသောကျောင်း၌။ ဝါ၊ ၏။ ပရိဘောဂံ၊ ကို။ အညတြ၊ ၌။ ပရိဘုဉ္ဇိတ္တုံ၊ သုံးဆောင်ကုန်ဘိသနည်း။ ဣတိ၊ သို့။ ဥဇ္ဈာယတိ၊ ၏။ (ပြန်)။ ။(အကြွင်းထင်၏။ အခြားမဲ့ဝတ္ထု၌)။ ။ဥပေါသထဂ္ဂံပိ၊ ဥပုသ်ယူရာ ဥပုသ်အိမ်သို့လည်းကောင်း။ သန္နိသဇ္ဇံပိ၊ အညီအညွတ် စည်းဝေးရာအရပ်သို့လည်းကောင်း။ဟရိတုံ၊ဆောင်ခြင်းငှါ။ကုက္ကုစ္စာယန္တာ၊ကုန်သည်ဖြစ်၍။ဆမာယံ၊ မြေ၌။ နိသီဒန္တိ၊ ကုန်၏။ ဂတ္တာနိ၊ ကိုယ်တို့သည်လည်းကောင်း။ စီဝရာနိပိ၊ တို့သည်လည်းကောင်း။ ပံသုကိတာနိ၊ မြေမှုန့်အလိမ်းလိမ်းကပ်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ (စမ္ပါဝတ္ထု၌) စမ္ပါယံ၊ စမ္ပါပြည်၌။ ထုလ္လနန္ဒာယ၊ အမည်ရှိသော။ ဘိက္ခုနိယာ၊ ၏။ အန္တေဝါသိနီ၊ အနီးနေ ဖြစ်သော။ ဘိက္ခုနီ၊ သည်။ ထုလ္လနန္ဒာယ၊ သော။ဘိက္ခုနိယာ၊ ၏။ ဥပဋ္ဌာတကုလံ၊ အလုပ်အကျွေးအမျိုးသို့၊ ဂန္တွာ၊ ၍။ အယျာ၊ ရှင်မထုလ္လနန္ဒာသည်။တေကဋုလယာဂုံ၊ နှမ်းဆန်နှစ်ပါး၌ ပဲမျိုးတပါးပါးစွက်လျက် သုံးခုစွက်၍ ချက်အပ်သောယာဂုကို။ ပါတုံ၊ သောက်ခြင်းငှါ။ ဣစ္ဆတိ၊ အလိုရှိ၏။ ဣတိ၊ သို့။ ပစာပေတွာ၊ ချက်စေ၍။ အတ္တနာ၊ သည်း။ပရိဘုဉ္ဇိ၊ ၏။သာ၊ ထိုထုလ္လနန္ဒာသည်။ဇာနိတွာ၊ ၍။ တံ၊ ထိုရဟန်းမိန်းမကို။တွံ၊ သည်။ အဿမဏီ၊ သည်။ အသိ၊ ၏ ။ပ။ သမ္ပဇာနမုသာဝါဒေ၊ မဟုတ်မမှန်သိလျက် ပျက်စကားကိုဆိုခြင်းကြောင့်။ပါစိတ္တိယဿ၊ သို့။အာပတ္တိ၊ ခြင်းသည်။ဟောတိ၊ ၏။ ။(အကြွင်းထင်၏။ ရာဇဂဟဝတ္ထု၌) မဓုဝေါဠကံ၊ ပျားလဘ်ကို။ဝါ၊ပျားတင်လဲဖြင့်စွက်၍ ကြော်ချက်အပ်သောမုန့်ကို။ ။ဖွံ့ဖြိုးမျှသာထူး၏)။

၁၅၈။(အင်္ဂုတ္တိကဝတ္ထု၌) ဥပဋ္ဌာကဿ၊ သော။ ဂဟပတိနော၊ ၏။အား။ပုတ္တော၊ သည်။ဘာဝိနေဇ္ဈေယျာစ၊ လည်းကောင်း။ဣတိ၊ သို့။ဒွေဒါရကာ၊ နှစ်ယောက်သောသူငယ်တို့သည်။ဟောန္တိ၊ ကုန်၏။အထခေါ၊ ၌။သောဂဟပတိ၊ သည်။အာယသ္မန္တံ အင်္ဂုတ္တိကံ၊ ကို။

http://www.dhammadownload.com



တေံ ဝစနံ၊ ကို။အဝေါစ၊ ၏။ဘဂဝန္တံ၊ ရား။ ဣမေသံဗွိန္နံဒါရကာနံ၊ တို့တွင်။ ယောဒါရကော၊ သည်။ သဗ္ဗေါ၊ သဗ္ဗါတရားနှင့် ပြည့်စုံသည်။ပသန္နော၊ ရတနာသုံးပါး၌ ကြည်ညိုသည်။ ဟောတိ၊ ၏။ တဿဒါရကဿ၊ အား။ ဣမံဩကာသံ၊ ဤဥစ္စာ၏ အခွင့်ကို။ အာစိက္ခေယျာသိ၊ ကြားတော်မူပါလော့။ ဣတိ၊ ဤသို့။အဝေါစ၊ ၏။ (ပြန်)။ တေနခေါပနသမယေန၊ ၌။ တဿဂဟပတိနော၊ ၏။ ဘာဂိနေယျော၊ သည်။ သဗ္ဗေါ၊ သည်။ ပသန္နော၊ သည်။ ဟောတိ၊ ၏။ အထခေါ၊ ၌။ အာယသ္မာအဇ္ဇုကော၊ သည်။ တံဩကာသံ၊ ထိုဥစ္စာ၏အခွင့်ကို။တဿဒါရကဿ၊ အား။အာစိက္ခိ၊ ကြား၏။သောဒါရကော၊ သည်။တေနသာပတေယျေန၊ ထိုဥစ္စာဖြင့်။ ကုဋုမ္ဗဉ္စ၊ ဥစ္စာစုကိုလည်း။ သဏ္ဌပေသိ၊ ကောင်းစွာထား၏။ ဒါနဉ္စ၊ အလှူကိုလည်း။ပဋ္ဌပေသိ၊ ဖြစ်စေ၏။အထခေါ၊ ၌။ တဿဂဟပတိနော၊ ၏။ ပုတ္တော၊ သည်။ အာယသ္မန္တံအာနန္ဒံ၊ ကို။ ဧတံ ဝစနံ၊ ကို။အဝေါစ၊ ၏။ဘန္တေအာနန္ဒ၊ နှာ။ ပိတုနော၊ အဘ၏။ ဒါယဇ္ဇော၊အမွေခံသည်။ကော၊အသူနည်း။ပုတ္တော၊ သည်။ဘာဂိနေယျော၀ါ၊ သည်ယည်းကောင်း။ ဒါယဇ္ဇောနုခေါ၊ အမွေခံလော့။ ဣတိ၊ သို့။ အဝေါစ၊ ၏။ (ပြန်)။ အာဝုသော၊ ဒါယကာ။ ပုတ္တော၊သည်။ပိတုနော၊ ၏။ဒါယဇ္ဇော၊ အမွေခံတည်း။ ဣတိ၊ သို့။ ဝုတ္တေ၊သော်။(ထည့်)။ဘန္တေ၊ ရား။အယံအယျောအဇ္ဇုကော၊ ဤအရှင်အဇ္ဇုကသည်။ အမှာကံ၊ တို့၏။ သာပတေယျံ၊ ကို။အမှာကံ၊ တို့၏။မေထုနကဿ၊ ယောက်ဖ အား။အာစိက္ခတိ၊ ၏။ ဣတိ၊ သို့။ အဝေါစ၊ ၏။ (သမ္ဗန်)။ အာဝုသော၊ ဒါယကာ။အာယသ္မာအဇ္ဇုကော၊ သည်။အမဿဏော၊ ရဟန်းမဟုတ်ပြီ။ဣတိ၊ သို့။အဝေါစ၊ ၏။(သမ္ဗန်)အထခေါ၊ ၌။ပ။အာဝုသောအာနန္ဒ၊ နှာ။မေ၊ အား။ ဝိနိစ္ဆယံ၊ ကို။ဒေဟိ၊ လော့။ဣတိ၊ သို့။အဝေါစ၊ ၏။တေနခေါပန သမယေန၊ ၌။ပကွော၊ အဖော်သည်။ဟောတိ၊ ၏။အထခေါ၊ ၌။ ပ။အာဝုသောအာနန္ဒ၊ နှာ။ယောဘိက္ခု၊ သည်။(နှခေါက်ကိုနောက်မှယူ၍)။ သာမိကေန၊ သည်။ ဣမံဩကာသံ၊ ကို။ ဣတ္ထန္နာမဿ၊

http://www.dhammadownload.com



အား။ အာစိက္ခေယျာသိ၊ လော့။ ဣတိ၊သို့။ ဝုတ္တော၊ အပ်သည်
ဖြစ်၍။ တဿ၊ အား။ အာစိက္ခတိ၊၏။ သောဘိက္ခု၊သည်။ ကိံ၊
အဘယ်အာပတ်သို့။ အာပဇ္ဇတိနုခေါ၊ရောက်သနည်း။ ဣတိ၊သို့။
ဝုတ္တေ၊ မေသော်။ (ထည့်)။ ဘန္တေ၊ ဘုရား။ ကိဉ္စိ၊ တစုံတခုသော
အာပတ်သို့။ န အာပဇ္ဇတိ၊ မရောက်။ အန္တမသော၊ အားဖြင့်။
ဒုက္ကဋမတ္တမ္ပိ၊ ဒုက္ကဋ်မျှသို့လည်း။နအာပဇ္ဇတိ၊မရောက်။ ဣတိ၊ သို့။
အဝေါစ၊၏။ အာဝုသော၊ ရှင်။ အယံ အာယသ္မာ အဇ္ဈုပေက္ခာ၊
သည်။သာမိကော၊သည်။ဣမံဩကာသံ၊ကို။ဣတ္ထန္နာမဿ၊ အား။
အာစိက္ခ၊လော့။ ဣတိ၊ သို့။ ဝုတ္တော၊ဖြစ်၍။ တဿ၊ အား။ အာ
စိက္ခတိ၊ ၏။ အာဝုသော၊ရှင်။အာယသ္မတော အဇ္ဈုပေက္ခဿ၊အား။
အနာပတ္တိ၊မသင့်။ ဣတိ၊ သို့။ အဝေါစ၊ ၏။ (သမ္ဗန်)။

၁၅၉။ (ဗာရာဏသီဝတ္ထု၌) အာယသ္မတော ပိလိန္ဒဝစ္ဆဿ၊
၏။ဥပဋ္ဌာကကုလံ၊အလုပ်အကျွေးအမျိုးကို။စောရေဟိ၊တို့သည်။
ဥပဒ္ဒုတံ၊ အပ်သည်။ ဟောတိ၊ ၏။ ဒွေ ဒါရကာ၊ နှစ်ယောက်
သောသူငယ်တို့ကိုလည်း။နီတာ၊ဆောင်အပ်ကုန်သည်။ဟောန္တိ၊
ကုန်၏။ အထခေါ၊၌။ အာယသ္မာပိ ပိလိန္ဒဝစ္ဆော၊သည်။ တေဒါ
ရကေ၊ တို့ကို။ ဣဒ္ဓိယာ၊ တန်ခိုးဖြင့်။ အာနေတွာ၊၍။ပါသာဒေ၊
၌။ ဌပေသိ၊၏။ မနုဿာ၊ တို့သည်။ တေ ဒါရကေ၊ တို့ကို။
ပဿိတွာ၊၍။ အယံ၊ ဤတန်ခိုးအာနုဘော်သည်။ အယျဿပိလိန္ဒ
ဝစ္ဆဿ၊၏။ ဣဒ္ဓါနုဘာဝေါ၊ တည်း။ ဣတိ၊သို့။ အာယသ္မန္တေပိ
လိန္ဒဝစ္ဆေ၊၌။အဘိပသီဒိံသု၊ အလွန်ကြည်ညိုကုန်၏။ပ။ဘိက္ခဝေ၊
တို့။ဣဒ္ဓိမန္တဿ၊တန်ခိုးရှိသော ရဟန်း၏။ ဣဒ္ဓိဝိသယေ၊ တန်ခိုး
အရာ၌။ အနာပတ္တိ၊မသင့်။ ဣတိ၊ သို့။ အဝေါစ၊၏။(သမ္ဗန်)။

၁၆၀။ (ကောသမ္ဗီဝတ္ထု၌) ပဏ္ဏကောစ၊သည်။ ကပိယောစ၊
သည်။ ဣတိ၊သို့။ (ထည့်)။ ဒွေဘိက္ခူ၊ တို့သည်။ သဟာယကာ၊
တို့သည်။ ဟောန္တိ၊၏။ ဧကော၊ တယောက်သောရဟန်းသည်။
ဂါမကေ၊ ၌။ ဝိဟရတိ၊၏။ ဧကော၊သည်။ ကောသမ္ဗိယံ၊ ၌။
ဝိဟရတိ၊ ၏။ အထခေါ၊ ၌။တဿ ဘိက္ခုနော၊၏။ဂါမကာ၊မှ။

http://www.dhammadownload.com



ကောသမ္ဗိံ၊ သို့။ ဂစ္ဆန္တဿ၊ သွားစဉ်။ အန္တရာမဂ္ဂေ၊ ၌။ နဒိံ၊ ကို။ တရန္တဿ၊ ကူးသည် ရှိသော်။ သူကရိကာနံ၊ ဝက်သတ်တို့၏။ ဟတ္ထတော၊ မှ။ မုတ္တာ၊ လွှတ်သော။ မေဒဝဋ္ဋိ၊ အဆီခွဲသည်။ ပါဒေ၊ ၌။ လဂ္ဂါ၊ သည်။ ဟောတိ၊ ၏။ ပ။ ဥဇ္ဈာယန္တိ၊ မြစ်မှတက်ပြီးသော၊ တံဘိက္ခုံ၊ ကို။ ဂေါပါလိကာ၊ နွားကျောင်းမသည်။ ဘန္တေ၊ ဘုရား။ ဧဟိ၊ လာလှည့်။ မေထုနံ ဓမ္မံ။ ကို။ ပဋိသေဝ၊ သော့။ ဣတိ၊ သို့။ တေံဝစနံ၊ ကို။ အဝေါစ၊ ၏။ သော ဘိက္ခု၊ သည်။ ပကတိယာပိ၊ သဘောအားဖြင့်လည်း။ အဟံ၊ သည်။ အဿမဏော၊ ရဟန်းမဟုတ်။ ဣတိ၊ သို့။ တဿ၊ ထိုနွားကျောင်းမ၌။ မေထုနံဓမ္မံ၊ ကို။ ပဋိသေဝိတွာ၊ ၍။ ပ။ မေထုနံဓမ္မံ၊ ကို။ သမာယောဂေ၊ ပေါင်းဖော် ယှဉ်တွဲခြင်းကြောင့်။ ပါရာဇိကဿ၊ အာပတ်ဖြင့်။ အာပတ္တိ၊ ၏။ ဣတိ၊ သို့။ အဝေါစ၊ ၏။ (သမ္ဗန်)။

၁၆၁။ (သာဂလ ဝတ္ထု၌) အနဘိရတိယာ၊ မမွေ့လျော်ခြင်းဖြင့်။ ပီဠိတော၊ နှိပ်စက်သည်ဖြစ်၍။ အာပဏိကဿ၊ ဈေးသည်၏။ ဝေဠုန်၊ ဦးရစ်ကို။ အဝဟရိတွာ၊ ၍။ ပ။ အဟံ၊ သည်။ အဿမဏော မဟုတ်ပြီ။ ဝိဗ္ဘမိဿာမိ၊ လူထွက်အံ့၊ ဣတိ၊ သို့။ ဧတံဝစနံ၊ ကို။ အဝေါစ၊ ၏။ အာဝုသော၊ ရှင်။ တယာ၊ သည်။ ကိံ၊ ကို။ ကတံ၊ နည်း။ ဣတိ၊ သို့။ ပုစ္ဆိတော၊ သော်။ (ထည့်)။ သောဘိက္ခု၊ သည်။ တမတ္ထံ၊ ထိုအကြောင်းကို။ အာရောစေသိ၊ ၏။ အာဟရာပေတွာ၊ ဦးရစ်ကိုဆောင်စေ၍။ အဂ္ဃါပေသိ၊ အဖိုးဖြတ်စေ၏။ အဂ္ဃါပေန္တံ၊ စေသည်ရှိသော်။ တံ၊ ထိုဦးရစ်သည်။ ပဉ္စမာသကော၊ သည်။ နအဂ္ဃတိ၊ မထိုက်။ အာဝုသော၊ ရှင်။ ပါရာဇိကဿ၊ ဖြင့်။ အနာပတ္တိ မသင့်။ ဣတိ၊ သို့။ ဓမ္မကထံ၊ တရားစကားကို။ အကာသိ၊ ၏။ သော ဘိက္ခု၊ သည်။ အဘိရမတိ၊ အလွန်မွေ့လျော်၏။ ဣတိ၊ ဤသည်လျှင် ဒုတိယပါရာဇိက အပြီးတည်း။

ဒုတိယပါရာဇိကံ၊ သည်။ နိဋ္ဌိတံ၊ ပြီးပြီ။

(ဒုတိယပါရာဇိက၌ ဝိနီတ ဝတ္ထုပေါင်း တရာ့ငါးဆယ်)။

*

http://www.dhammadownload.com



## ၃-တတိယပါရာဇိက

၁၆၂။ (ယေနသမယေန၊ ဘိက္ခူ အနေကပရိယာယေန အသုဘကထံ ကထေန္တိ ... — ကမ္မဋ္ဌာနာ) ဝေါရောပေန္တိ။ အညမညံပိ ဇီဝိတာ ဝေါရောပေန္တိ။ မိဂလဏ္ဍိ ကံပိ သမဏကုတ္တကံ အာဏာပေန္တိ။ ။အနိယမ ထည့်သည်။ အနက်သိသာ၏)။ ။တေနသမယေန၊ ၌။ ဘဂဝါ၊ သော။ ဗုဒ္ဓေါ၊ သည်။ ဝေသာလိယံ၊ ၌။ မဟာဝနေ၊ ၌။ ကူဋာဂါရသာ လာယံ၊ ၌။ ဝိဟရတိ၊ ၏။ တေနခေါပနသမယေန၊ ၌။ ဘဂဝါ၊ သည်။ ဘိက္ခူနံ၊ တို့အား။ အနေကပရိယာယေန၊ အားဖြင့်။ အသုဘကထံ၊ အသုဘဟူသောအခြင်းအရာကို ပြသည်၏ အစွမ်း ဖြင့် ကိုယ်၌ တပ်ခြင်း၏ ကင်းကြောင်း ဖြစ်သော စကားကို။ ကထေသိ၊ ၏။ အသုဘာယ၊ အသုဘ ကမ္မဋ္ဌာန်း၏။ ဝဏ္ဏံ၊ ကျေးဇူးကို။ ဘာသတိ၊ ဟောတော်မူ၏။ အသုဘဘာဝနာယ၊ အသုဘကမ္မဋ္ဌာန်းကို ပွားစေခြင်း၏။ ဝဏ္ဏံ၊ ကို။ ဘာသတိ၊ ၏။ အာဒိဿအာဒိဿ၊ရည်၍ရည်၍၊အသုဘသမာပတ္တိယာ၊အသုဘ သမာပတ်၏။ ဝဏ္ဏံ၊ ကို။ ဘာသတိ၊ ၏။ အထခေါ၊ ၌။ ဘဂဝါ၊ သည်။ဘိက္ခူ၊ တို့ကို။အာမန္တေသိ၊ မိန့်တော်မူ၏။ ဘိက္ခဝေ၊ တို့။ အဟံ၊ သည်။အဍ္ဍမာသံ၊ တလထက်ဝက် ဆယ့်ငါးရက်ပတ်လုံး။ ပဋိသလ္လီယိတုံ၊ တယောက်ထည်းထည်းကိန်းစက်ခြင်းငှာ။ဣစ္ဆာမိ ၏။ အမှံ၊ ငါ၏။ သန္တိကံ၊ အထံသို့။ (ထည့်)။ ကောစိ၊ သော။ ပိဏ္ဍပါတနီဟာရကေန၊ ဆွမ်းဆောင်သောသူတို့။ အညတြ၊ ၍။ ကောစိ၊ ထစုံတယောက်သော သူသည်။ နဥပသင်္ကမိတဗ္ဗော၊ မကပ်အပ်။ ဣတိ၊ သို့။ အာမန္တေသိ၊ ၏။ (ပြန်၊)။

**အမှာ** ဤတွင် စာဟူသမျှတို့၌ အမို–ဟု ဇာသရနှင့် ရှိ၏။ သံယုတ်ပါဠိ၌လည်း ဤ အတူပင် ရှိ၏။ ဤအဋ္ဌ ကထာ, သံယုတ် အဋ္ဌကထာ တို့၌လည်း အနက်ကို မဖွင့်ကြ။ ထိုကြောင့် အနက်ကို ဆင်ခြင်အပ်၏။ ဆင်ခြင်သော် အမို–ဟု ဇာသရနှင့် ရှိသောပါဠ်ကား အနက်မရ။ အမှံ–ဟု နိဂ္ဂဟီတန္တနှင့်

http://www.dhammadownload.com



ရှိသောပါဠိ၌ကား သန္တိကနှင့် စပ်သည်ဖြစ်၍ အနက်ရ၏။ ထို့ကြောင့် ယခင် သမ္ဗန်ခဲ့သည့်အတိုင်း သန္တိကံဟုထည့်၍ ပါဠိ သေသနှင့် စပ်ခြင်းသည်သာ အသင့်တည်း။ကစ္စည်းကျမ်း၌လည်း အမှ—သဒ္ဒါနောင် သ—ဝိဘတ်ကို အံ—ပြု၍ ပြီးစေရမည်ဟု ရှပ် ထင်ရှားရှိပေသည်။

* ဘန္တေ၊ဘုရား။ ဧဝံ၊ ဧကောင်းပါပြီ။ ဇ္ဈတိခေါ၊ ဤသို့သျှင်။ တေဘိက္ခူ၊ တို့သည်။ ဘဂဝတော၏။ ဝစနံ၊ ကို။ ထည့် ။ ပဋိဿုဏိတွာ၊ ဝန်ခံ၍။ ဧကေန၊ သော။ ပိဏ္ဍပါ နီဟာရကေန၊ ကို။ အညတြ၊ ၍။ ကောစိ၊ တစုံတယောက်သော ရဟန်းသည်။ ဘဂဝန္တံ၊ ကို။ နဥပသင်္ကမတိ၊ မကပ်။

**အမှာ** အဿုခ-ကား အနက်မရှိ နိပါတ်မျှသာ။ **အညတြ ဝိနာ၊ နိပါတဘာတ၏၊ ယှဉ်ရာမှန်လှ၊ ယင်းပဒဝယ်၊ ဒု-တ-ပဉ္စမီသက်မြဲ။** ဟူသည်နှင့်အညီ အညတြ၏ အယှဉ်ဖြစ် သောကြောင့် ဧကေန ပိဏ္ဍပါတ နီဟာရကေန—၌ တတိယာ ဝိဘတ်သက်သည်။ ဘိက္ခူ—မှစ၍ အသုဘသမာပတ္တိယာ ဝဏ္ဏံ ဘာသတိ-တိုင်အောင် အနက်ထင်ပြီ။

* ဇ္ဈတိ၊ သို့။တေဘိက္ခူ၊ တို့သည်။အနေကာကာရဝေါကာရံ၊ များစွာသော ဝဏ္ဏသဏ္ဌာနစသော အခြင်းအရာတို့ဖြင့် မွမ်းသော အသုဘဘာဝနာနုယောဂံ၊ အသုဘဘာဝနာ၌ အားထုတ်ခြင်းကို အနုယုတ္တာ၊ အစဉ်မပြတ် အထပ်ထပ် အားထုတ်ခြင်း ရှိကုန်သည် ဖြစ်၍။ဝိဟရန္တိ၊ ကုန်၏။တေဘိက္ခူ၊တို့သည်၊ သကေနကာယေန၊ မိမိရူပကာယဖြင့်။ အဋ္ဋီယန္တိ၊ ငြီးငွေ့ကုန်၏။ဟရာယန္တိ၊ ရှက်နိုး ကုန်၏။ ဇိဂုစ္ဆန္တိ၊ စက်ဆုပ်ကုန်၏။ သေယျထာပိနာမ၊ ကား။ ဒဟရော၊ ငယ်သော။ ယုဝါ၊ ပျိုနုသောအရွယ်နှင့် ပြည့်စုံသော။ မဏ္ဍနဇာတိကော၊ တန်းဆာဆင်သော သဘောရှိသော။ သီသံ၊ နှာကော၊ ဦးခေါင်းနှင့်တကွ ရေချိုးပြီးသော။ ဣတ္ထီဝါ၊ သည်။ ပုရိသောဝါ၊ သည်။ ကဏ္ဍေ၊ လည်၌။ အာသတ္တေန၊ ဆန့်ကျင် ဘက်ရန်သူသည် ယူဆောင်၍ စွပ်တပ်အပ်သော။ အဟိကုဏ

http://www.dhammadownload.com



ပေနဝါ၊ မြွေကောင်ပုပ်ဖြင့် လည်းကောင်း။ ကုက္ကုရကုဏပေန ဝါ၊ ခွေးကောင်ပုပ်ဖြင့်လည်းကောင်း။ မနုဿကုဏပေနဝါ၊ လူကောင်ပုပ်ဖြင့်လည်းကောင်း။ အဋ္ဋိယေယျသေယျထာပိ၊ ငြီးငွေ့ရာသကဲ့သို့။ ဟရာယေယျ သေယျထာပိ၊ ရာသကဲ့သို့။ ဇိဂုစ္ဆေယျ သေယျထာပိ၊ ရာသကဲ့သို့။ ဧဝမေဝ၊ သာလျှင်။ တေ ဘိက္ခူ၊ တို့သည်။ သကေနကာယေန၊ ဖြင့်။ အဋ္ဋိယန္တာ၊ ကုန်သည်ဖြစ်၍။ ဟရာယန္တာ၊ ၍။ ဇိဂုစ္ဆန္တာ၊ ၍။ အတ္တနာပိ။ ကိုယ်တိုင်လည်း။ အတ္တာနံ၊ကို။ဇီဝိတာ၊မှ။ ဝေါရောပေန္တိ၊ ချကုန်၏။ အညမညပိ၊ အချင်းချင်းလည်း။ ဇီဝိတာ၊ မှ။ ဝေါရောပေန္တိ၊ ချကုန်၏။

**အမှာ** ဤ၌ ဒဟရောစသော ဝိသေသန ဿေးပုဒ်ကို။ မိမိတို့နှင့် အနီးဖြစ်သော ပုရိသောဟူသော ဝိသေသျကိုငဲ့၍ ပုလ္လိင်နှင့် ထားသည်။ ဣတ္ထိနှင့် စပ်သည့်ကာလ ဒဟရာ ယုဝတိ, မဏ္ဍနဇာတိကာ, သီသံန္ဟာတာ-ဟု လိင်ပြန်၍စပ်လေ။ **ဝိသေသန၊ တခုမျှနှင့်၊ ဝိသေသျများစွာ၊ ထုတ်လေပါက်၊ဝိသေသနမှာ၊ တူမြဲရာသည်၊ ဦးစွာ ဝိသေသျ လိင်ဝစ်တည်း။** ။ဤ၌ တခုမျှနှင့်ဆိုင်သောစကားမှာ ဥပလက္ခဏာသာ၊ ဦးစွာဟူသည်မှာ အနီးကို ရည်၍ဆိုသည်။

* မိဂလဏ္ဍိကံ၊မိဂလဏ္ဍိကအမည်ရှိသော။ သမဏကုတ္တကံပိ၊ ရဟန်းရှင်ယောင် အသွင်ဆောင်သော သူကိုလည်း။ ဥပသင်္ကမိတွာ၊ ၍။ ဧဝံ၊ သို့။ ဝဒန္တိ၊ ကုန်၏။ အာဝုသော။ရှင်။ သာဓု အာယာစာမ၊ငါတို့တောင်းပန်ကုန်၏။ နော၊ငါတို့ကို။ ဇီဝိတာ၊ မှ။ဝေါရောပေဟိ၊ချလော့။ ဧဝံ၊ ဤသပိတ်သက်နိုးသည်။ တေ၊ ၏။ပတ္တစီဝရံ၊ သည်။ ဘဝိဿတိ၊ လတ္တံ့။ ဣတိ၊ သို့။ ဝဒန္တိ၊ ကုန်၏။ (ပြန်၍)။ အထခေါ၊ ၌။ မိဂလဏ္ဍိကော၊ သော၊သမဏကုတ္တကော၊ သည်။ ပတ္တ စီဝရေဟိ၊ တို့ဖြင့်။ ဘဋော၊ အခရသည်ဖြစ်၍။ သမ္ဗဟုလေ၊ ကုန်သော။ ဘိက္ခူ၊ တို့ကို။ ဇီဝိတာ မှ။ ဝေါရောပေတွာ၊ ချ၍။ လောဟိတကံ၊ သွေးရှင် သွေးစိမ်း

http://www.dhammadownload.com



အလိမ်းလိမ်း ကပ်သော။ တံအသိ ၊ ထိုသန်လျက်ကို။ အာဒါယ၊ ယူ၍။ ယေန၊ ၌။ ဝဂ္ဂုမုဒါ၊ ဝဂ္ဂုမုဒါအမည်ရှိသော၊ နဒီ၊ သည်။ အတ္ထိ၊ ၏။ တေန၊ သို့။ ဥပသင်္ကမိ၊ ၏။

၁၆၃။ အထခေါ၊ ၌။ မိဂလဏ္ဍိကဿ၊ သော။ သမဏကုတ္တကဿ၊ ၏။ လောဟိတကံ၊ သော။ တံအသိံ၊ ကို။ ဓောဝန္တဿ၊ ဆေးကြောစဉ်။ ကုက္ကုစ္စံ၊ သည်။ အဟုဒေဝ၊ သာတည်း။ ဝိပ္ပဋိသာရော၊ သည်။ အဟုဒေဝ၊ သာတည်း။ မေ၊ အား။ ဝတ၊ စစ်။ အလာဘာ၊ စီးပွားချမ်းသာတို့ကို မရတော့ကုန်။ မေ၊ ငါ့အား။ ဝတ၊ စစ်။ လာဘာ၊ စီးပွားချမ်းသာတို့ကို ရကုန်သည်။ န၊ မဟုတ်ကုန်။ မေသည်။ ဝတ၊ စစ်။ ဒုလ္လဒ္ဓံ၊ လူ၏ အဖြစ်ကို မကောင်းသဖြင့်ရအပ်၏။ မေ၊ သည်။ ဝတ၊ စစ်။ သုလဒ္ဓံ၊ လူ၏ အဖြစ်ကို ကောင်းစွာရအပ်သည်။ န၊ မဟုတ်။ ယောအဟံ၊ အကြင်ငါသည် သီလဝန္တေ၊ ကုန်သော။ ကလျာဏဓမ္မေ၊ ကုန်သော။ ဘိက္ခူ၊ တို့ကို ဇီဝိတာ၊ မှ။ ဝေါရောပေသိံ၊ ချပြီ။ တေနမယာ၊ ထိုငါသည်။ ဝတ၊ စစ်။ ဗဟုံ၊ များစွာ။ အပုညံ၊ မကောင်းမှုကို။ ပသုတံ၊ ပွားစေအပ်၏။ ဣတိ၊ ဤသို့။ ကုက္ကုစ္စံ၊ သည်။ အဟုဒေဝ၊ သာတည်း။ (မြန်)။ (ဓာန--ကားနိယတ်ထည့်သည်)။ အထခေါ၊ ထိုအခါ ၌။ အညတရာ။ သော။ မာရကာယိကာ၊ မာရ်နတ်၏ ကိုယ်တူဖြစ်သော၊ ဒေဝတာ၊ ဘုမ္မဇိုးစ် နတ်သည်။ အဘိဇ္ဇမာနေ၊ မကွဲသော။ ဥဒကေ၊ ၌။ အာဂန္တွာ၊ ၍။ ပ။ အဝေါစ၊ ၏။ သပ္ပုရိသ၊ သူတော်ကောင်း။ သာဓု-သာဓု၊ ကောင်းစွကောင်းစွ။ သပ္ပုရိသ ကောင်း။ တေ၊ အား။ လာဘာ၊ ရတော်စွ၊ သပ္ပုရိသ၊ ကောင်း။ တေတယာ၊ သည်။ သုလဒ္ဓံ၊ ကောင်းစွာရအပ်၏။ ယံယေနကာရဏေန၊ ဖြင့်။ တွံ၊ သင်သည်။ အတိဏ္ဏေ၊ သံသရာမှ မကူးမြောက်သေးသော ရဟန်းတို့ကို။ တာရေသိ၊ ကူးမြောက်စေ၏။ သပ္ပုရိသ၊ ကောင်း။ တေနကာရဏေန၊ ဖြင့်။ (ထည့်)။ တယာ၊ သည်။ ဗဟုံ၊ စွာ။ ပုညံ၊ ကို။ ပသုတံ၊ ပွားစေအပ်၏။ ဣတိ၊ သို့။ အဝေါစ ၏။ (မြန်)။

http://www.dhammadownload.com



အထခေါ၊ ၌။ မိဂလဏ္ဍိကော၊ သော။ သမဏကုတ္တကော၊ သည်။ မေ၊ အား။ လ.းဘာ့ကိရ၊ ရသတဲ့။ မေမယာ၊ သည်။ သုလဒ္ဓံကိရ၊ ကောင်းစွာ ရအပ်သတဲ့။ မယာ၊ သည်။ ဗဟုံ၊ စွာ။ ပုညံ၊ ကို။ ပသုတံကိရ၊ ပွားစေအပ်သတဲ့။ အဟံ၊ သည်။ အတိဏ္ဏေ၊ တို့ကို။ တာရေမိကိရ၊ ကူးမြောက်စေသတဲ့။ ဇာတိ၊ သို့။ တိဏ္ဏံ၊ ထက်စွာသော။ အသိံ၊ ကို။ အာဒါယ၊ ၍။ ဝိဟာရေန၊ ဖြင့်။ ဝိဟာရံ၊ သို့။ ပရိဝေဏေန၊ ဖြင့်။ ပရိဝေဏံ၊ သို့။ ဥပသင်္ကမိတွာ၊ ၍။ ကော၊ အဘယ်ရဟန်းသည်။ အတိဏ္ဏော၊ မကူးမြောက်သေးသနည်း။ ကံ၊ အဘယ်ရဟန်းကို။ တာရေမိ၊ ကူးမြောက်စေရအံ့နည်း။ ဇာတိဝေ၊ သို့။ ဝဒေတိ၊ ၏။ တတ္ထ၊ ထိုရဟန်းအပေါင်းတို့တွင်။ ယေတေဘိက္ခူ၊ တို့သည်။ အဝီတရာဂါ၊ မကင်းသောရာဂရှိကုန်၏။ တေသံဘိက္ခူနံ၊ တို့အား။ တသ္မိံသမယေ၊ ထိုသို့ဆိုသောအခါ၌။ ဘယံ၊ ကြောက်ခြင်းသည်။ ဟောတိယေဝ၊ သာတည်း။ဆမ္ဘိတတ္တံ၊ ကိုယ်ခိုင်မာသော အဖြစ်သည်။ ဟောတိယေဝ၊သာတည်း။ လောမဟံသော၊ ကြက်သီးမွေးညှင်းထခြင်းသည်။ ဟောတိယေဝ၊ သာတည်း။ ယေပနတေဘိက္ခူ၊ တို့သည်ကား။ ဝီတရာဂါ၊ ကုန်၏။ တေသံ၊ တို့အား။ တသ္မိံသမယေ၌။ ဘယံ၊သည်။ နဟောတိ၊ မဖြစ်။ ဆမ္ဘိတတ္တံ၊ သည်။ နဟောတိ၊ ဖြစ်။ လောမဟံသော၊သည်။ နဟောတိ၊ ဖြစ်။ အထခေါ၊၌။ပ။ ဧဘိက္ခုံ၊ကိုလည်း။ ဧကာဟေန၊တရက်ချင်းဖြင့်။ဇီဝိတာ၊ မှ။ ဝေါရောပေသိ၊ ၏။ပ။သဋ္ဌိံဘိက္ခူ၊ ခြောက်ကျိပ်သော ရဟန်းတို့ကိုလည်း။ ဧကာဟေန၊ ဖြင့်။ ဇီဝိတာ၊မှ။ ဝေါရောပေသိ၊ ၏။ (ကောဟေနကား ကြိယာပဝဂ္ဂတည်း)။

၁၆၄။ အထခေါ၊ ၌။ ဘဂဝါ၊ သည်။ တဃအဍ္ဍမာသဿ၊ ထိုတလထက်ဝက် ဆယ့်ငါးရက်၏။ အစ္စယေန၊ လွန်သဖြင့်။ ပဋိသလ္လာနာ၊မှ။ဝုဋ္ဌိတော၊သော်။အာယသ္မန္တံ အာနန္ဒံ၊ ကို။ အာနန္ဒ၊ အာ။ကိံနုခေါ၊ အကြောင်း အသို့နည်း။ ဘိက္ခုသံဃော၊ သည်။ ဟနုဘူတောဝိယ၊ပါးခြင်းသို့ရောက်သကဲ့သို့။ဟောတိ၊၏။ ဇာတိ၊

http://www.dhammadownload.com



ဿို။ အာမန္တေသိ၊ ၏။ ဘန္တေ၊ ဘုရား။ တထာ၊ ထိုဖြစ်သမျှ အကြောင်း အလုံးစုံကို အကုန်ဖြစ်သော အတိုင်း။ ဟိကထေမိ၊ ပြန်ကြား လျှောက်ထားအံ့။

အမှာ ဟိကား သမ္ပဋိစ္ဆနတ္ထ နိပါတ်ပုဒ်။ ပနကား ပဒါ လင်္ကာရမျှသာ။ ဘဂဝါ·မှစ၍ ဝေါရောပေသိ– တိုင်အောင် အနက်သိသာပြီ။

* ဘန္တေ၊ ဘုရား။ သာဝတ္ထိယာစာမိ၊ ၏။ ဘဂဝါ၊ သည်။ ယထာယေနာကာရေန၊ ဖြင့်။ အယံ ဘိက္ခုသံဃော၊ သည်။ အညာယ၊ အရဟတ္တဖိုလ်၌။ သဏ္ဌဟေယျ၊ တည်ရာ၏။ တထာ၊ ဖြင့်၊ (ထည့်)။ အညံ၊ အသုဘမှတပါးသော။ ပရိယာယံ၊ ကမ္မဋ္ဌာန်းဟု ဆိုအပ်သော အကြောင်းကို။ အာစိက္ခတု၊ ကြားတော်မူပါလော့ ဣတိ၊ ဤသို့။ အဝေါစ၊ ၏။ (သမ္ဗန်)။ အာနန္ဒ၊ နွာ၊ တေနဟိ၊ ယင်းသို့ အလို သင့်ဆိုတပြီးကား။ ယာဝတိကာ၊ ကုန်သော။ ဘိက္ခူ၊ တို့သည်။ ဝေသာလိံ၊ ကို။ ဥပနိဿာယ၊ မှီကုန်၍။ ဝိဟရန္တိ၊ ကုန်၏။ သဗ္ဗေ၊ ကုန်သော။ တေဘိက္ခူ၊ တို့ကို။ ဥပဋ္ဌာနသာလာယံ၊ ညီလာခံရာ ဇရပ်၌။ သန္နိပါတေဟိ၊ အညီ အညွတ် စည်းဝေးစေလော့။ ဣတိ၊ သို့။ အဝေါစ၊ ၏။ (သမ္ဗန်)။ ဘန္တေ၊ ဘုရား။ ဧဝံ၊ ကောင်းပြီ။ ဣတိခေါ၊ လျှင်။ အာယသ္မာ အာနန္ဒော၊ သည်။ ဘဂဝတော၊ ၏။ ဝစနံ၊ ကို။ (ထည့်)။ ပဋိဿုဏိတွာ၊ ဝန်ခံ၍။ ယာဝတိကာ၊ ကုန်သော။ပ။ အဝေါစ၊ ၏။ ဘန္တေ၊ ဘုရား။ ဘိက္ခုသံဃော၊ သည်။ သန္နိပတိတော၊ အညီ အညွတ်စည်းဝေးပြီ၊ ဘန္တေ၊ ဘုရား။ (ယဿ-ကို၊ ယော·အဿ ဖြတ်)။ ဒါနိ၊ ယခုအခါ၌။ အဿ၊ ထိုတရားစကား ပြောဟောခြင်း အဆုံးအမ ပေးတော်မူခြင်း၏။ ယောကာလော၊ အကြင်အခါ သည်။ အတ္ထိ၊ ၏။ တံကာလံ၊ ကို။ ဘဂဝါ၊ သည်။ မညတိ၊ သိတော်မူ ၏။ ဣတိ၊ သို့၊ အဝေါစ၊ ၏။ (ပြန်)။ (ပါဠိအမြင်တိုင်း သမ္ဗန်သည်။ အဋ္ဌကထာ၌ကား သဒ္ဒတ္ထကို ကျနအောင် မဆို။ အဓိပ္ပာယတ္ထ ကိုသာဆိုသည်။ တနည်းကား)။ ။ဘန္တေ၊ ဘုရား။ ဘဂဝါ၊

http://www.dhammadownload.com



သည်။ ဒါနိ၊ ၌။ ယဿ၊ အကြင် တရားစကား ပြောဟောခြင်း အဆုံးအမပေးတော်မူခြင်း၏။ ကာလံ၊ ကို။မညတိ၊ သိတော်မူ၏။ တဒေဝ၊ ထိုတရားစကား ဟောပြောခြင်း အဆုံးအမ ပေးတော်မူခြင်းကိုသာလျှင်။ ကရောတိ၊ ပြုတော်မူပါသော။

**အမှာ** ဤသို့ ပါဌသေသနှင့် တကွ သမ္ဗန်။ ယဿ ဒါနိ ကာလံ မညသီတိ ဥပစာရ စေနဝွေတံ၊ ဇုဒံ ဝုတ္တံ ဟောတိ၊ ယံ တဿာ အာဂတတ္တံ၊ တံ မယာကတံ၊ ဇုဒါနိ တွံ ယဿ ဂမနဿဝါ အဂမနဿဝါ ကာလံ မညသိ၊ တဒေဝ အတ္တနော ရုစိယာ ကရောဟီတိ။ ။(ါသီလက္ခန် အဋ္ဌကထာ၊)။

၁၆၅။ (အထခေါ—မှစ၍ နိသိဒိ-တိုင်အောင် ထင်ပြီ)။ ။ နိသဇ္ဇခေါ၊ ထိုင်တော်မူပြီး၍ကား ။ပ။ အာမန္တေသိ၊ ၏။ ဘိက္ခဝေ၊ တို့။ဘာဝိတော၊ ပွားစေအပ်သော။ဗဟုလီကတော၊ အကြိမ်များစွာပြုအပ်သော။ အယံပိခေါ အာနာပါန ဿတိသမာဓိ၊ ဤအာနာပါနဿတိနှင့် ယှဉ်သော သမာဓိသည်လည်း။ သန္တော စေဝ၊ ငြိမ်းသည်လည်း။ဟောတိ၊ ၏။ပဏီတောစ၊ မွန်မြတ်သည်လည်း။ ဟောတိ၊ ၏။ အသေဝနကောစ၊ သွန်းလောင်းခြင်း မရှိသည်လည်း။ ဟောတိ၊ ၏။ သုခေါ၊ ချမ်းသာသော။ ဝိဟာရော စ၊ နေရာသည်လည်း။ဟောတိ၊ ၏။ဥပ္ပန္နုပ္ပန္နေ၊ ဖြစ်တိုင်းဖြစ်တိုင်း ကုန်သော။ ပါပကေ၊ ကုန်သော။အကုသလေ၊ ကုန်သော။ဓမ္မေ တို့ကို။ ဌာနသော၊ တခဏချင်း။ အန္တရဓာပေသိ၊ ကွယ်စေ၏။ ဝူပသမေတိ၊ ငြိမ်းစေ၏။ ဘိက္ခဝေ၊ တို့။ သေယျထာပိ၊ ကား။ ဂိမှာနံ၊ နွေလတို့တွင်။ ဝါ၊ တို့၏။ ပစ္ဆိမေမာသေ၊ အဆုံးဖြစ်သော ဝါဆိုလ၌။ ဥဟတံ၊ အထက်သို့ လွင့်တက်သော။ (ဥ-ပုဗ္ဗ၊ ဟန-ဓာတ်၊ ဂတိ-အနက်၊)။ ရဇောဇလ္လံ၊ မြူငယ် မြူကြီးသည်။ အတ္တိ၊ ၏။ သမေနံ၊ ထိုမြူငယ်မြူကြီးကို။ မဟာ၊ ကြီးစွာသော။ အကာလမေဃော၊ အခါမဲ့မိုးသည်။ ဌာနသော၊ ချင်း။ အန္တရဓာပေတိ သေယျထာပိ၊ ကဲ့သို့။ ဝူပသမေတိ သေယျထာပိ၊ ကဲ့သို့။ ဧဝမေဝခေါ၊ သာလျှင် ။ဘိက္ခဝေ-မှစ၍ ဝူပသမေတိ-တိုင်အောင်

http://www.dhammadownload.com



နောက်ကနည်း သမ္မန်)။ ။ဘိက္ခဝေ၊ တို့။ကထံ၊ အဘယ်သို့သော အပြားအားဖြင့်။ ဘာဝိတော၊ သော။ အာနာပါနဿတိသမာဓိ စ၊သည်လည်းကောင်း။ကထံ၊ ဖြင့်။ ဗဟုလီကတော၊ သော။အနာ ပါနဿတိသမာဓိစ၊ သည်လည်းကောင်း။ သန္တောစေဝ–မှ စ၍ ရူပသခေတိတိုင်အောင် ရှေးနည်း ။ ။ဘိက္ခဝေ၊ တို့။ဣဓ၊ ဤသာ သနာတော်၌။ ဘိက္ခု၊ သည်။ အရညာတောဝါ၊ ၍။ ရုက္ခမူလ ဂတောဝါ၊ ၍။ သုညာဂါရဂတောဝါ၊ ၍။ ပလ္လင်္ကံ၊ ထက်ဝယ် ကို။ အာဘုဇိတွာ၊ ခွေ၍။ ကာယံ၊ အထက်ဖြစ်သော ကိုယ်ကို။ ဥဇုံ၊ ဖြောင့်မတ်စွာ။ ပဏိဓာယ၊ ထား၍။ ပရိမုခံ၊ ကမ္မဋ္ဌာန်းသို့ ရှေးရှု။ သတိံ၊ သတိကို။ ဥပဋ္ဌာပေတွာ၊ ရှေးရှု ထင်စေ၍။ နိသီ ဒတိ၊ ထိုင်၏။ သောဘိက္ခု၊ သည်။ သတောဝ၊ သတိနှင့် ပြည့်စုံ သည်ဖြစ်၍သာလျှင်။ အဿသတိ၊ ထွက်သက်ကိုဖြစ်စေ၏။ ထွက် သက်ကိုထုတ်၏။ ထွက်သက်ကိုမှုတ်၏။ သတောဝသာလျှင်။ ပဿ သတိ၊ ဝင်သက်ကို ဖြစ်စေ၏။ ဝင်သက်ကို သွင်း၏။ ဝင်သက်ကို ရှိုက်ရှူ၏။ဒီဃံဝါ၊ ရှည်စွာလည်း။အဿသန္တော၊ ထွက်သက်ကို ဖြစ်စေသည်ရှိသော်။ ထွက်သက်ကိုထုတ်သည်ရှိသော်။ ထွက်သက် ကို မှုတ်သည်ရှိသော်။ ဒီဃံ၊ ရှည်စွာ။ အဿသာမိ၊ ထွက်သက်ကို ဖြစ်စေ၏။ထုတ်၏။ မှုတ်၏။ဣတိ၊ သို့။ ပဇာနာတိ၊ သိ၏။ဒီဃံဝါ၊ စွာသည်း။ ပဿသန္တော၊ ဝင်သက်ကို ဖြစ်စေသည် ရှိသော်။ သွင်းသည်ရှိသော်။ ရှိုက်ရှူသည်ရှိသော်။ ဒီဃံ၊ စွာ။ ပဿသာမိ၊ ဝင်သက်ကိုဖြစ်စေ၏။ သွင်း၏။ရှိုက်ရှူ၏။ ဣတိ၊ သို့။ပဇာနာတိ၊ ၏။ရဿံဝါ၊ တိုစွာလည်း။အဿသန္တော၊ သော်။ရဿံ၊ တိုစွာ။ အဿသာမိ၊စေ၏။ဣတိ၊သို့။ပဇာနာတိ၊ ၏။ရဿံဝါ၊ စွာလည်း။ ပဿသန္တော၊ သော်။ရဿံ၊ စွာ။ပဿသာမိ၊ စေ၏။ ဣတိ၊ သို့။ ပဇာနာတိ၊ ၏။ သဗ္ဗကာယပဋိသံဝေဒီ၊ အလုံးစုံသော ထွက်သက် ၏ အစ အလယ် အဆုံး သုံးပါးကိုထင်စေလျက်။ အဿသိဿာမိ၊ ထွက်သက်ကို ဖြစ်စေအံ့။ ထုတ်အံ့။ မှုတ်အံ့။ ဣတိ၊ သို့။ သိက္ခတိ၊ အားသစ်၏။ သဗ္ဗကာယပဋိသံဝေဒီ၊ အလုံးစုံသော ဝင်သက်၏

http://www.dhammadownload.com



အစ အလယ် အဆုံး သုံးပါးကို ထင်စေလျက်။ ပဿသိဿာမိ၊

ဝင်သက်ကိုဖြစ်စေအံ့။ သွင်းအံ့။ ရှိုက်ရှူအံ့။ ဣတိ၊ သို့။ သိက္ခတိ၊ အားသစ်၏။ ကာယသင်္ခါရံ၊ အထုတ်အမှုတ်ပြင်း၍ ရှန့်ရင်းသော ထွက်သက်ဟုဆိုအပ်သော ကာယသင်္ခါရကို။ ပဿမ္ဘယံ·ပဿမ္ဘယန္တော၊ သာယာဖြည်းညှင်း ထုတ်မှုတ်ခြင်းဖြင့် ငြိမ်းစေလျက်။ အဿသိဿာမိ၊ အံ့။ ဣတိ၊ သို့။ သိက္ခတိ၊ ၏။ ကာယသင်္ခါရံ၊ အရှိုက်အရှူပြင်း၍ရှန့်ရင်းသော ဝင်သက်ဟုဆိုအပ်သော ကာယသင်္ခါရကို။ ပဿမ္ဘယံ·ပဿမ္ဘယန္တော၊ သာယာဖြည်းညှင်း ရှိုက်ရှူခြင်းဖြင့် ငြိမ်းစေလျက်။ ပဿသိဿာမိ၊ အံ့။ ဣတိ၊ သို့။ သိက္ခတိ၊ ၏။ ပီတိပဋိသံဝေဒီ၊ ထွက်သက်၏ အစ အလယ် အဆုံး သုံးပါး၌ ပီတိကိုထင်စေလျက်။ အဿသိဿာမိ၊ အံ့။ ဣတိ၊ သို့။ သိက္ခတိ၊ ၏။ ပီတိပဋိသံဝေဒီ၊ ဝင်သက်၏ အစ အလယ် အဆုံး သုံးပါး၌ ပီတိကိုထင်စေလျက်။ ပဿသိဿာမိ၊ အံ့။ ဣတိ၊ သို့။ သိက္ခတိ၊ ၏။ သုခပဋိသံဝေဒီ၊ ထွက်သက်၏ အစ အလယ်အဆုံး သုံးပါး၌ သုခကို ထင်စေလျက်။ အဿသိဿာမိ၊ အံ့။ ဣတိ၊ သို့။ သိက္ခတိ၊ ၏။ သုခပဋိသံဝေဒီ၊ ဝင်သက်၏ အစအလယ်အဆုံး သုံးပါး၌ သုခကိုထင်စေလျက်။ ပဿသိဿာမိ၊ အံ့။ ဣတိ၊ သို့။ သိက္ခတိ၊ ၏။ စိတ္တသင်္ခါရပဋိသံဝေဒီ၊ ထွက်သက်၏ အစအလယ်အဆုံး သုံးပါး၌ စိတ္တသင်္ခါရကိုထင်စေလျက်။ အဿသိဿာမိ၊ အံ့။ ဣတိ၊ သို့။ သိက္ခတိ၊ ၏။ စိတ္တသင်္ခါရပဋိသံဝေဒီ၊ ဝင်သက်၏ အစအလယ်အဆုံး သုံးပါး၌ စိတ္တသင်္ခါရကို ထင်စေလျက်။ ပဿသိဿာမိ၊ အံ့။ ဣတိ၊ သို့။ သိက္ခတိ၊ ၏။ စိတ္တသင်္ခါရံ။ အထုတ် အမှုတ်ပြင်း၍ ရှန့်ရင်းသော စိတ္တသင်္ခါရကို။ ပဿမ္ဘယံ·ပဿမ္ဘယန္တော၊ သာယာဖြည်းညှင်း ထုတ်မှုတ်ခြင်း ငြိမ်းစေလျက်။ အဿသိဿာမိ၊ အံ့။ ဣတိ၊ သို့။ သိက္ခတိ၊ ၏။ စိတ္တသင်္ခါရံ၊ အရှိုက်အရှူပြင်း၍ ရှန့်ရင်းသော စိတ္တသင်္ခါရကို။ ပဿမ္ဘယံ·ပဿမ္ဘယန္တော၊ သာယာဖြည်းညှင်း ရှိုက်ရှူခြင်းဖြင့် ငြိမ်းစေလျက်။ ပဿသိဿာမိ၊ အံ့။ ဣတိ၊ သို့။ သိက္ခတိ၊ ၏။ စိတ္တပဋိသံဝေဒီ၊ ထွက်သက်၏ အစ အလယ် အဆုံးသုံးပါး၌။

http://www.dhammadownload.com



စိတ်ကိုထင်စေလျက်။ အဿသိဿာမိ၊ အံ့။ ဣတိ၊သို့။ သိက္ခတိ၊
၏။ စိတ္တပ္ပဋိသံဝေဒီ၊ ဝင်သက်၏ အစအလယ်အဆုံး သုံးပါး၌
စိတ်ကိုထင်စေလျက်။ ပဿသိဿာမိ၊ အံ့။ ဣတိ၊သို့။သိက္ခတိ၊၏
စိတ္တံ၊ကို။အဘိပ္ပမောဒယံ–အဘိပ္ပမောဒယန္တော၊ လွန်စွာအပြား
အားဖြင့် ဝမ်းမြောက်စေလျက်။ အဿသိဿာမိ၊အံ့။ ဣတိ၊သို့။
သိက္ခတိ၊ ၏။စိတ္တံ၊ ကို။ အဘိပ္ပမောဒယံ–အဘိပ္ပမောဒယန္တော၊
လျက်။ ပဿသိဿာမိ၊ အံ့။ ဣတိ၊ သို့။ သိက္ခတိ၊၏။ စိတ္တံ၊ကို။
သမာဒဟံ–သမာဒဟန္တော၊ ကောင်းစွာ ထားလျက်။ အဿ
သိဿာမိ၊ အံ့။ ဣတိ၊ သို့။ သိက္ခတိ၊ ၏။ စိတ္တံ၊ ကို။ သမာဒဟံ–
သမာဒဟန္တော၊ လျက်။ ပဿသိဿာမိ၊ အံ့၊ ဣတိ၊သို့။သိက္ခတိ၊
၏။ စိတ္တံ၊ကို။ဝိမောစယံ–ဝိမောစယန္တော၊လွတ်စေလျက်။အဿ
သိဿာမိ၊ အံ့။ ဣတိ၊ သို့။ သိက္ခတိ၊၏။ စိတ္တံ၊ ကို။ ဝိမောစယံ-
ဝိမောစယန္တော၊ လျက်။ပဿသိဿာမိ၊ အံ့။ ဣတိ၊သို့။ သိက္ခတိ၊
၏။ အနိစ္စာနုပဿီ၊ အနိစ္စဟု အဖန်တလဲလဲရှုသည်ဖြစ်၍။ အဿ
သိဿာမိ၊ အံ့ ဣတိ၊ သို့။ သိက္ခတိ၊ ၏။ အနိစ္စာနုပဿီ၊အနိစ္စဟု
အဖန်တလဲလဲ ရှုသည်ဖြစ်၍။ ပဿသိဿာမိ၊ အံ့။ ဣတိ၊ သို့။
သိက္ခတိ၊ ၏။ဝိတရာဂါနုပဿီ၊ ရာဂကင်းခြင်းကို အဖန်တလဲလဲ
ရှုသည်ဖြစ်၍။ အဿသိဿာမိ၊ အံ့။ ဣတိ၊ သို့။ သိက္ခတိ၊ ၏။
ဝိရာဂါနုပဿီ၊ ရာဂကင်းခြင်းကို အဖန်တလဲလဲ ရှုသည်ဖြစ်၍။
ပဿသိဿာမိ၊ အံ့။ ဣတိ၊ သို့။ သိက္ခတိ၊ ၏။ နိရောဓာနုပဿီ၊
ချုပ်ခြင်းကို အဖန်တလဲလဲ ရှုသည်ဖြစ်၍။ အဿသိဿာမိ၊ အံ့။
ဣတိ၊သို့။ သိက္ခတိ။ အားသစ်၏။ နိရောဓာနုပဿီ၊ ဖြစ်၍။ ပဿ
သိဿာမိ၊ အံ့။ ဣတိ။ သို့။ သိက္ခတိ၊ ၏။ ပဋိနိဿဂ္ဂါနုပဿီ၊
စွန့်လွှတ်ခြင်းကို အဖန်တလဲလဲ ရှုသည်ဖြစ်၍ အဿသိဿာမိ၊အံ့
ဣတိ၊သို့။ သိက္ခတိ၊ ၏။ပဋိနိဿဂ္ဂါနုပဿီ၊ ဖြစ်၍။ ပဿသိဿာမိ
အံ့။ ဣတိ၊ သို့။ သိက္ခတိ၊၏။ဘိက္ခဝေ၊ တို့။ ဧဝံ၊သို့။(ဤဘာဝိတော
မှစ၍ ဂူပသမေတိ–တိုင်အောင် ထင်ပြီ။ရှေ့စကား၏ နိဂုံးမျှသာ
ဖြစ်သည်)။ ။ဣတိ၊သို့။ အာမန္တေသိ၊ ၏။ (ပြန်)။

http://www.dhammadownload.com



၁၆၆။ အသခေါ၊ ၌။ဘဂဝါ၊သည်။ တေသွိံနိဒါနေ၊ထိုလူကို သတ်သောအရာ၌။ပ။ပဋိပုစ္ဆိ၊ ၏။ ။(သစ္စံကိရ မှစ၍ ဘဝိဿတိ-တိုင်အောင် အနက်သိသာပြီ။အဆုံး၌ ဇာတိ သဒ္ဒါ တခုသည် သုံးနက်ကို ဟော၏။ ဟောဟန်ကား ။ ။ဇာတိ၊ သို့။ ဝဒန္တိ၊ ကုန်၏။ ။(ဝဒန္တိ၏ အာကာရအနက် ။ ။ဇာတိ ဇာဒံ ဝဇန္တိ၊ ဤသို့လျှောက်ထားသောစကားသည်။ သစ္စံကိရ၊ လျှောက်တိုင်း မသွေမှန်ချေသလော။ ။ ။(သစ္စံကိရ ကတ္တားအနက်)။ ။ ဇာတိ၊.ဤသို့။ ပဋိပုစ္ဆိ၊ မေးတော်မူ၏။ ။(ပဋိပုစ္ဆိ အာကာရ အနက်။ ဤသုံးနက်ကို ဟောသည်။ သတိရှိစေ။ သစ္စံဘဂဝါ– မှစ၍ ဥဒ္ဒိသေယျာထ– တိုင်အောင်လည်း အနက် ထင်သည် သာတည်း)။

၁၆၇။ ယော ပန ဘိက္ခု၊ သည်။ သဉ္စိစ္စ၊ သတ္တဝါ ဟူသော အမှတ်နှင့်တကွ သတ်လိုသောစိတ်ဖြင့် လုံ့လပြု၍၊ မနုဿဝိဂ္ဂဟံ၊ လူဇာတ်၏ကိုယ်ကို။ ဇီဝိတာ၊ မှ။ ဝေါရောပေယျ၊ အံ့။ အဿ၊ ထိုလူဇာတ်၏။ သတ္တဟာရကံဝါ၊ အသက်ကို ဆောင်တတ်သော ထားလက်နက်ကိုလည်း။ ပရိယေသေယျ၊ ရှာငြားအံ့။ အယံပိ ဘိက္ခု၊ သည်လည်း။ပါရာဇိကော၊သည်။ အသံဝါသော၊ သည်။ ဟောတိ၊၏။ ဇာတိ၊သို့။ ဥဒ္ဒိသေယျာထ၊ ပြလည်း ပြလေကုန်။ (ပြန်)။ ။ဝေံ၊ သို့၊ ဘဂဝတာ၊ သည်။ ဘိက္ခူနံ၊ တို့အား။ ဇုဒ္ဒသိက္ခာပဒံ၊ ကိုလည်း။ ပညတ္တံ၊သည်။ ဟောတိ၊၏။ အညံ၊ သော။ ဇုဒ္ဒဝတ္ထု၊ သည်လည်း။ ဥဒပါဒိ၊ ၏။

၁၆၈။ (ယေန သမယေန ဘဂဝါ မနုဿ ဝိဂ္ဂဟ ပါရာဇိကံ ပညပေသိ။ ထည့်)။ ။တေနခေါပနသမယေန၊ ၌။အညတရော၊ သော။ ဥပါသကော၊သည်။ ဂိလာနော၊ နာသည်။ ဟောတိ၊၏ တဿ၊ ထိုဥပါသကာ၏။ ပဇာပတိ၊ မယားသည်။ အဘိရူပါ၊ သည်။ ဒဿနီယာ၊ သည်။ ပါသာဒိကာ၊ သည်။ ဟောတိ၊ ၏။ ဆဗ္ဗဂ္ဂိယာ၊ ကုန်သော။ ဘိက္ခူ၊ တို့သည်။ တဿာဇာတ္တိယာ၊ ၌။ ပဋိဗန္ဓစိတ္တာ၊ တပ်သော စိတ်ရှိကုန်သည်။ ဟောန္တိ၊ ကုန်၏။

http://www.dhammadownload.com



အထခေါ၊ ၌။ပ။ အယောသိ၊ ပြီ။ အဝုသော၊ တို့။ ယော ဥပါ သကော၊ သည်။ သစေဇီဝိဿတိ၊အကယ်၍ အသက်ရှင်လတ္တံ့။ ဇေံသတိ၊ သော်။(-ထည့်)။ မယံ၊ တို့သည်။ တံဇုတ္တိံ၊ ကို။ နလ ဘိဿာမ၊ မရကုန်လတ္တံ့။ အာဝုသော၊ တို့။ ဟန္ဒ၊ ယခု။ မယံ၊ တို့သည်။ တဿဥပါသကဿ၊ ၏။ မရဏဝဏ္ဏံ၊ သေခြင်း၌ သေခြင်း၏ ကျေးဇူးကို။ သံဝဏ္ဏေမ၊ ချီးမွမ်းကုန်အံ့။ ဇုတ္တိ၊ သို့။ တေဒဟောသိ၊ (ပြန်)။ အထခေါ၊ ၌။ပ။အခေါ်စုံ၊ကုန်၏။ဥပါ သက၊ဥပါသကာ။ တွံ၊ သည်။ကတကလျာဏော၊ ပြုအပ်ပြီးသော စင်ကြယ်သော အမှုရှိသည်။ ကတကုသလော၊ ပြုအပ်ပြီးသော ကောင်းမှုရှိသည်။ ကတဘီရုတ္တာဏော၊ ပြုအပ်ပြီးသောကြောက် ခြင်းကို တားမြစ်တတ်သော ကောင်းမှုရှိသည်။ အသိ၊၏။ အက တပါပေါ၊ ပြုအပ်သော ယုတ်မာသော အမှုမရှိသည်။ အကတ လုဒ္ဒေါ၊ ပြုအပ်သော ကြမ်းကြုတ်သော အမှုမရှိသည်။ အကတ ကိဗ္ဗိသော၊ ပြုအပ်သော ခက်ထန်သော အမှုမရှိသည်။အသိ၊၏။ တယာ၊ သည်။ ကလျာဏံ၊ ကို။ ကတံ၊ အပ်ပြီ။ တယာ၊ သည်။ ပါပံ၊ ကို။ အကတံ။ အပ်။ တုယှံ၊ အား။ ပါပကေန၊ ယုတ်မာ စွာသော။ ဒုမိနာဒုဇ္ဇီဝိတေန၊ ဤမကောင်းသော အသက်ရှင် ခြင်းဖြင့်။ ကိံ၊ အဘယ်အကျိုးရှိအံ့နည်း။ တေ၊ အား။ ဇီဝိတာ၊ အသက်ရှင်သောထက်။မတံ၊ သေခြင်းသည်။ သေယျော၊မြတ်၏၊ တွံ၊ သည်။ ဣတော၊ ဤလူ့ပြည်မှ။ ကာလင်္ကတော၊ သေသည် ရှိသော်။ ကာယဿ၊ ၏။ ဘေဒါ၊ ကြောင့်။ မရဏာ၊- မှ။ ပရံ၊ ၌၊ သုဂတိံ၊ သော။ သဂ္ဂံလောကံ၊ နတ်ပြည်၌။ ဥပပဇ္ဇိဿသိ၊ ဖြစ်ရလတ္တံ့။

**အမှာ** ဥပပဇ္ဇိဿသိ၌ ဥပပဟူသော ကမ္မပ္ပဝစနီယ အယှဉ် ဖြစ်သောကြောင့် သုဂတိံ သဂ္ဂံ လောကံ-၌ သတ္တမီအနက်ဖယ် ဒုတိယာ သက်သည်။

* တတ္ထ၊ ထိုနတ်ပြည်၌။ ဒိဗ္ဗေဟိ၊ နတ်ပြည်၌ဖြစ်ကုန်သောပဉ္စ ဟိတာမဂုဏေဟိ၊ ငါးပါးသော ကာမဂုဏ်တို့ဖြင့်၊ သမပ္ပိတော၊

http://www.dhammadownload.com



ရောင့်ရဲအပ်သည်ဖြစ်၍။ သမဂ္ဂိဘူတော၊ ပြည့်စုံခြင်းသို့ ရောက်သည်ဖြစ်၍။ပရိစာရေဿတိ၊ စံပယ်ရလတ္တံ့။ဣတိ၊ သို့။ အဝေါစုံ၊ ကုန်၏။ (ပြန်)။

